
www.burmeseclassic.com

# မင်းမြတ်သူရ

## ဘဝမီးအိမ်



လျှို့ဝှက်ဆန်းကြယ် စာပေမှာ ယနေ့ပါတ်(၁)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ၊ အောက်တိုဘာ၊ ပထမအကြိမ် အုပ်ရေ ၅၀၀အုပ်။
တန်ဘိုး(၅၀၀)ကျပ် ဦးသက်လွင်(သစ္စါမွန်စာပေ)(၀၀၇၇၃)
ကျောက်မြောင်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပါသည်။
အတွင်းနှင့် မျက်နှာဖုံးကို ဦးသက်လွင်(၀၀၆၅၁)သစ္စါမွန်
ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊ တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့ မှရိုက်နှိပ်ပါသည်။ ရန်မျိုးအောင် စာပေမှ
ဖြန့်ချိပါသည်။

မင်းမြတ်သူရ ၈၉၅.၈၃

ဘဝ မီးအိမ်/မင်းမြတ်သူရ၊ရန်ကုန်

သစ္စါမွန်စာပေ၊၂၀၁၇

၂၀၀-စာ၊၁၂×၁၈


www.burmeseclassic.com

www.burmeseclassic.com



စည်ကားသောမြို့တစ်မြို့၏ မြို့ပြင်ရှိ ရေကန်ကြီး ရှိသောအရပ်တွင် အရိပ်အာဂါသ ကောင်းစွာ ရရှိသော သစ်ပင်ကြီးများရှိ၏။ထိုသစ်ပင်ကြီးများ ရှိသော အရပ်သို့ ခရီးသည်တင်ကားများ ရပ်နားပြီး အမောအပန်းဖြေ၏။ ထို့ကြောင့်ပင် ထိုအရပ်၌ ဈေးသည်များ စည်စည်ကားကား ရှိနေတတ်၏။ ထိုအရပ်၌ ဈေးရောင်းလေ့ရှိသော ဈေးသည်များသည် အများအားဖြင့် မြို့ထဲတွင် နေထိုင်သူများဖြစ်၏။ဈေးသည်များသည် မနက်စောစောထပြီး



www.burmeseclassic.com

www.burmeseclassic.com


မြို့ထဲမှ လာရောက်ပြီးဈေးရောင်းကြ၏။ ထိုဈေးသည်များအနက် ဈေးသည့် အစောဆုံး လာရောက်ပြီး ဈေးရောင်းလေ့ရှိသူမှာ ကောက်ညှင်းပေါင်း သည်လေး မောင်မိုးဖြစ်၏။ မောင်မိုးသည် ငယ်စဉ်ကပင် မိဘများ ဆုံးပါး သွားသဖြင့် ဆွေမျိုးများ၏ နေအိမ်တွင် လှည့်ပတ်နေထိုင်ရ၏။ သို့သော် မောင်မိုး၏ ဆွေမျိုးများသည် သားသမီးချင်း စာနာသူများ မဟုတ်သဖြင့် မောင်မိုးတစ်ယောက် နှိပ်စက်ညှင်းပန်းခြင်းအမျိုးမျိုးကိုရင်ဆိုင်ရပြီး မခံရ နိုင်သည့်အဆုံးတွင်မြို့ပြင်ရှိ ဘုန်းကြီးကျောင်းသို့ ဘုန်းကြီးကျောင်းသား အဖြစ် ရောက်ရှိသွားလေ၏။

မောင်မိုးဘုန်းကြီးကျောင်း၌နေထိုင်စဉ် ဆရာတော်ကြီးက ကိုယ့်ဒူးကိုယ် ချွန် စိတ်ဓါတ်ရှိအောင်သင်ကြားပေးခဲ့၏။ ထို့ကြောင့် မောင်မိုးသည်ဆရာ တော်ကြီး၏ စကားကိုဦးထိပ်ပန်ဆင်ပြီးဘုန်းကြီးကျောင်းရှိ ဝေယျာဝစ္စ အ လုပ်များကိုလုပ်ကိုင်ပြီးသည်နှင့် မြို့ပြင် ကားဂိတ်သို့သွားပြီး ဗယာကြော် ရောင်းလေ၏။ဗယာကြော်များကို မြို့လယ်ဈေးကြီး၌ဗယာကြော် ရောင်း သော ရန်ကနားဆိုသည့်ကုလားကြီးထံမှ ယူရောင်းခြင်းဖြစ်၏။ရန်ကနား သည် မောင်မိုးအား သနားသဖြင့် ဗယာကြော်များကို ဈေးလျှော့ပေးလေ့ ရှိ၏။ မောင်မိုးသည်နေ့စဉ် ဗယာကြော်ရောင်းပြီး ရရှိသောပိုက်ဆံများ


www.burmeseclassic.com

www.burmeseclassic.com

စားရက် မသောက်ရက်ဖြင့် ကျစ်ကျစ်ပါအောင် စုထားလေ၏။ ထိုသို့ ဗ သာကြော် ရောင်းချခြင်းဖြင့် နေ့စဉ် တစ်မူးမျှသောအသပြာကို စု မိသော် သည်းထိုငွေများဖြင့်ဘဝတွင်တိုးတက်ကြီးပွါးမည် မဟုတ်မှန်း ရိပ်စားမိ၏။ သူဌေးတစ်ယောက် ဖြစ်ရန် သူမည်သို့ ပြုလုပ်မည်နည်း။ မောင်မိုးသည် သူ၏ဆရာတော်ထံတွင် သူဌေးဖြစ်ရန် လောကီပညာနှင့် ပတ်သက်သော အဆောင်အယောင်ကို တောင်းလေ၏။ ထိုအခါ ဆရာတော်က ခေါင်းခါ ယမ်းလိုက်ပြီး ``ဒီမှာမောင်မိုးအဆောင်လက်ဖွဲ့တွေရှိရုံနဲ့ သူဌေးမဖြစ်နိုင် ဘူးကွ``ဟုမိန့်လေရာ မောင်မိုးက လက်အုပ်ချီပြီး ``ဒါဆိုရင် တပည့် တော်သူဌေးဖြစ်အောင်ဘယ်လိုလုပ်ရမလဲဘုရား၊တပည့်တော်က ဆင်းရဲ သားဆိုတော့ လူတကာက နှိမ်ချင်ကြတယ်၊ ဆင်းရဲသားဆိုရင် မရှိခိုးနိုးနိုး ဆိုပြီးအထင်သေးကြတယ်၊သူဌေးတစ်ယောက်ဆိုရင်အရာရာ အကောင်း မြင်တတ်ကြတယ်၊လူတွေဟာ ငွေရှိတဲ့သူကိုပဲအထင်ကြီးကြတယ် ဘုရား ဒါကြောင့်တပည့်တော် သိပ် သူဌေးဖြစ်ချင်ပါတယ် ဆရာတော်ဘုရား`` ဟု ပြောလေ၏။ထိုအခါ ဆရာတော်ဘုရားက``ချမ်းသာတဲ့ သူပဲဖြစ်ဖြစ် ဆင်းရဲတဲ့သူပဲဖြစ်ဖြစ် ပူလောင်ရတာချည်းပဲကွ၊ငြိမ်းချမ်းခြင်း အစစ်အမှန် ဓမ္မမှာပဲရှိတယ်`` ``ဟုပြောလေ၏။ မောင်မိုးကလက်အုပ်ချီပြီး``


www.burmeseclassic.com

www.burmeseclassic.com


တပည့်တော် လောလောဆယ် မငြိမ်းချမ်းချင်ဘူးဘုရား၊ ချမ်းသာကြွယ်ဝ တဲ့ သူဌေးတစ်ယောက်ပဲ ဖြစ်ချင်တယ်``ဟုပြောလေရာ ဆရာတော်က သက်ပြင်းချလိုက်ပြီး``ဒါလည်း ဆင်းရဲခြင်း တစ်မျိုးပဲကွယ့်၊ လူဆိုတာ သတ္တဝါကလည်း ခက်တယ်၊ အအေးသောက်ချင်တဲ့လူကို အပူတိုက်လို့ မရဘူး၊ဒါကြောင့် ကိုယ်ဖြစ်ချင်တဲ့ ချမ်းသာခြင်းကိုအရင်ရှာပြီးမှ ငြိမ်းချမ်း ခြင်းကို ရှာဖွေပေတော့``ဟုမိန့်လေ၏။ ထိုအခါမောင်မိုးက``မှန်လှပါ ဘုရား၊ တပည့်တော် သူဌေးဖြစ်အောင် အရင်လုပ်ချင်ပါတယ်၊ တပည့် တော် ကို ဆရာတော်ဘုရားရဲ့ အစွမ်းထက်တဲ့ အဆောင် လက်ဖွဲ့တွေ ပေးသနားပါ``ဟုတောင်းလေ၏။ ဆရာတော်ကြီးက သက်ပြင်းချပြီး

``အဆောင်လက်ဖွဲ့တွေ အားကိုးနဲ့သူဌေးမဖြစ်နိုင်ဘူး မောင်မိုး၊ သူဌေး ဖြစ်ချင်ရင်ဖွဲ့လုံ့လဝီရိယအားကိုး ပြီး ကိုယ်တိုင် စွမ်းစွမ်းတမံ အလုပ်လုပ်မှ ဖြစ်မယ်ကွယ့်``ဟုပြောလေရာ မောင်မိုးသည် ဆရာတော်ကြီး၏ မိန့်မှာ ချက် မထူးခြားဘဲ မိမိကြားဖူးနားဝရှိသော စကားသာ ဖြစ်သဖြင့် ဘဝင် မကျဖြစ်ပြီး ပြန်ခဲ့လေ၏။ ထိုနောက် ကပ္ပိယကြီးထံသို့ ရောက်သောအခါ ဆရာတော်ကြီး၏ မိန့်မှာချက်များကို ပြန်လည်ပြောဆိုလေ၏။ကပ္ပိယကြီး က မောင်မိုး၏ စကားများကို နားထောင်ပြီး``ဆရာတော်ကြီး မိန့်တာမှ


www.burmeseclassic.com

www.burmeseclassic.com


တယ်ကွ၊ လောကမှာ ကြီးပွါးအောင်မြင်ဖို့ ကြိုးစားသူတိုင်း အခက်အခဲနဲ့ ရင်ဆိုင်ရမှာ သေချာတယ်၊ ဘယ်လိုအခက်အခဲနဲ့ ကြုံကြုံ ကြံကြံခံပြီး ရင်ဆိုင်နိုင်မဲ့ ဖွဲလိုတယ်၊ အလုပ်တစ်ခုကို လုပ်တဲ့အခါမှာ လုံ့လဆိုတဲ့အား စိုက်ထုတ်မှုမျိုးလိုတယ်၊ အားစိုက်ထုတ်မှု မရှိတဲ့ အလုပ်ဟာ ဘယ်လိုမှ အောင်မြင်မှု မရနိုင်ဘူးကွ၊အလုပ်ပြီးစီးဖို့ ဝီရိယလည်း ရှိဖို့လိုတယ်ကွ၊ငါတို့ ငယ်ငယ်တုန်းက ရွာမှာ ဦးကြီးမောင် ဆိုတဲ့ လယ်ပိုင်ရှင်ကြီး ရှိတယ်၊ ဦးကြီးမောင်ဟာ စာရင်းငှားဘဝကနေ လယ်ပိုင်ရှင် ဖြစ်တဲ့ သူပဲ၊ ဦးကြီးမောင်ဟာ စာရင်းငှါးဘဝတုန်းက လယ်ထဲကို အစောဆုံး ရောက်အောင်လာ တယ်၊ လယ်ထဲက ပြန်တဲ့ အခါမှာလည်း အခြားစာရင်းငှါးတွေထက် နောက်အကျဆုံး ဖြစ်အောင်ပြန်တယ်၊ ဦးကြီးမောင်ကဝီရိယသိပ်ကောင်းတယ်၊ ဖွဲ လုံ့လလည်း ရှိတယ်၊ ဒါကြောင့် စာရင်းငှါးကနေ လယ်ပိုင်ရှင်ဖြစ်တာပေါ့ကွ၊ သူဌေးဖြစ်ဖို့ ဖွဲလုံ့လ ဝီရိယ ရှိဖိုလိုတယ် ဆိုတာ အမှန်ပါကွာ ဆရာတော်ကြီးရဲ့ စကားကို ဦးထိပ်ပန်ဆင်သင့်ပါတယ်' 'ဟုပြောလေ၏။ ထိုနေ့မှစပြီး မောင်မိုးသည် ကြီးပွါးအောင်မြင်ရန် အတွက် ဖွဲ၊လုံ့လ၊ဝီရိယ အရေးအကြီးဆုံးဟုယူဆပြီး ကပ်တူပြားပေါ်တွင် မင်နီဖြင့် ဖွဲ၊လုံ့လ၊ဝီရိယ ဟုရေးသားပြီး နံရံတွင်ကပ်ထားလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့မှစပြီး မောင်မိုးသည် ကားဂိတ်သို့ အစောဆုံး ရောက်အောင်လာပြီး နောက်အကျဆုံးမှ ပြန်လေ၏။ သူသည် ဖွဲ့အကောင်းဆုံးဖြစ်အောင်ကြိုးစားပြီး နေထိုင်ခြင်း ဖြစ်၏။ ထိုပြင် ကားဂိတ်သို့ခရီးသည် များရောက်သည့် အခါတွင်လည်း အခြားသူများထက် ဦးအောင်သွားပြီး ဇယားကြော်များ ရောင်းချရန် ဖွယ်ဖွယ်ရာရာ ပြောဆိုရောင်းချလေ၏။ ထိုသို့ပြုကျင့်ရ


www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှာ မိမိ၏ ဗယာကြော်များ ရောင်းချရစေရန် လုံလစိုက်ထုတ်ခြင်းဖြစ်လေတော့၏။

မောင်မိုးသည် ဆရာတော်ကြီး၏စကားကိုဦးထိပ်ထားကာ နံနက်စောစောထပြီး ကုလားကြီး ရန်ကနားထံသို့ ဗယာကြော်ယူရန် သွားလေ၏။မောင်မိုးသည် ဗယာကြော်ယူရန် အစောဆုံး ရောက်ရှိလာသဖြင့် ရန်ကနားက သဘောကျဟန်ဖြင့် ကြည့်ပြီး``မောင်မိုး ဝီရိယ သိပ်ကောင်းတယ်၊တစ်နေ့ကြီးပွားအောင်မြင်မှာ သေချာတယ်``ဟုချီးမွမ်းရာ မောင်မိုးသည် ရန်ကနား၏ စကားကို ပီတိများ ဖြာဝေပြီး ပြန်လာခဲ့လေ၏။မောင်မိုး မြို့ပြင်ကားဂိတ်သို့ ရောက်ပြီး ခဏအကြာတွင် လော်ရီကားကြီး တစ်စီး ထိုးရပ်လာပြီး ကားပေါ်မှ စပါယ်ရာ တစ်ယောက်ပြေးဆင်းလာပြီး မောင်မိုးထံမှ ပူပူနွေးနွေး ဗယာကြော်များကို ဂယ်ယူလေ၏။

မောင်မိုးသည် မိမိ၏ ဝီရိယအကျိုးကြောင့် ဗယာကြော်များကို ဦးဖျားဖျားရောင်းလိုက်ရသဖြင့် စိတ်အားတက်ကြွစွာဖြင့် နှင်းမှုံထဲသို့ငေးမောကြည့်ပြီး ဖောက်သည်များကို စောင့်မျှော်နေလေ၏။ထိုသို့ စောင့်မျှော်ရင်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဇွဲ၊လုံ့လ၊ဝီရိယ အားကိုးဖြင့် သူဌေးကြီးမောင်မိုးဖြစ်ရမည်ဟုတွေးကာ ပီတိဖြာဝေနေ၏။ ထိုအခိုက်မှာပင် နှင်းတောထဲ၌


www.burmeseclassic.com

www.burmeseclassic.com

တခွပ်ခွပ် တချွင်ချွင် အသံများကို ကြားလိုက်ရသဖြင့် မောင်မိုး လှမ်းမျှော်ကြည့်လိုက်ရာ မပီဝိုးတဝါး အလင်းရောင်ဖြင့် မြင်းများကို တွေ့မြင်လိုက်ရ၏။ မြင်းစီးလာသူများ တဖြည်းဖြည်း နီးလာသောအခါ ထိုသူများသည် ၄င်းနှင့်ရွယ်တူ လူငယ်များဖြစ်ပြီး ရှေ့ဆုံးတန်းက စီးလာသူမှာ မြို့ပိုင်ကြီးသားဖြစ်ပြီး အနောက်မှ လိုက်လာသူများမှာ စက်သူဌေးသားနှင့် ဆန်ကုန်သည်ကြီးသားဖြစ်၏။ ထိုလူငယ်လေးများသည် တစ်မြို့လုံးက လူငယ်များအားကျရသူ လူကုံထံလေးများ ဖြစ်ပြီး၄င်းတို့ စီးလာသော အုန်းခွံရောင်မြင်းကြီးများသည် ဈေးကြီးပေးပြီး ဝယ်ယူထားသော မြင်းကြီးများပင် ဖြစ်လေ၏။ မြင်းကြီးကို ရှေ့ဆုံးမှ စီးနင်လာသော မြို့ပိုင်သားသည် မောင်မိုး၏ ရှေ့တွင် ရပ်တန့်လေရာကျန် လူငယ်များလည်းမြင်းများကို အသီးသီးရပ်တန့်လိုက်လေ၏။ မြို့ပိုင်သားသည် မောင်မိုးကို အံ့ဩဟန်ဖြင့် ကြည့်လိုက်ပြီး ``နံနက်စောစော မြူတွေထဲမှာ ဇယာကြော် ရောင်းနေပါလား`` ဂီရိယ ကောင်းလှချည်လားကွ၊ ဘယ်နဲ့လည်းမင်း ဈေးဦးပေါက်ပြီလား`` ဟုမေးမြန်းလိုက်ရာ မောင်မိုးက ကမန်းကတန်းပင် ခေါင်းညိတ်ပြလိုက်ပြီး ``ပေါက်ပါပြီခင်ဗျ၊ စောစောတုန်းက လော်ရီကားကြီး တစ်စီး ဝင်လာလို့ ဈေးဦးပေါက်ရောင်း လိုက်ရတယ်`` ဟုပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမြို့ပိုင်သားကကျန်သူဌေးသားများ ဘက်သို့လှည့်ပြီး ``ဟဲဟဲ.. ဒါဆိုရင် ငါတို့လည်းဇယာကြော်ကို အားပေးလိုက်ကြရအောင်``ဟုဆို လိုက်ရာ သူဌေးသားများကလည်း ``စားမယ်ပေါ့ ဗိုက်ဆာနေတာနဲ့ အံ တော်ပဲ``ဟု သံပြိုင် ပြောလေ၏။မြို့ပိုင်သားသည် ဇယာကြော်များကို သိမ်းကြုံးယူပြီး သူဌေးသားများကို ကမ်းပေးလိုက်၏။၄င်းကိုယ်တိုင်လည်း ဇယာကြော်နှစ်ခုကို ပလုပ်ပလောင်း ဝါးစားလေ၏။ မောင်မိုးသည် မိမိ၏ ဇယာကြော်များကို အားပါးတရ စားသောက်နေသော သူဌေးသားများကို အထင်တကြီး ငေးမောကြည့် နေမိ၏။၄င်းတို့ ဝတ်ဆင်ထားသော စပို့ရှပ် ရောင်စုံများနှင့်အဖြူရောင်ဘောင်းဘီများသည်အလွန်ကြည့်ကောင်းပြီး အဖိုး ထိုက်တန်ပုံ ရ၏။သူဌေးသားများ ဝတ်ဆင်ထားသော ဖိနပ်များပင် လျှင် တန်ဖိုးကြီး ဖိနပ်များဖြစ်၏။ ထိုသူဌေးသား လူငယ်လေးများ ကဲ့သို့ လိုတရပြီး အရာရာပြည့်စုံသော ဘဝမျိုးကို ရယူလိုလှ၏။

မောင်မိုး သူဌေးသားများကို ငေးမောကြည့်နေစဉ် သူဌေးသားများသည် ဇယာကြော်များကို ဗိုက်ကားအောင် စားပြီး ဖြစ်နေလေ၏။ မြို့ပိုင်သား သည် ဇယာကြော်များကို ဗိုက်ကားအောင်စားပြီးနောက် မောင်မိုးဘက်သို့ လှည့်ကာ``ငါတို့ဆာဆာနဲ့ စားလိုက်ကြတာဇယာကြော်ဘယ်နှစ်ခုများ


www.burmeseclassic.com

www.burmeseclassic.com


စားမိလိုက်လဲ မသိဘူး မင်းရော မှတ်မိလား``ဟုမေးမြန်းလေ၏။မောင်မိုး ကိုယ်တိုင်လည်း သူဌေးသားများကိုငေးမောကြည့်နေသဖြင့် ဗယာကြော် မည်မျှစားမိသလဲ မသိချေ။ထိုကြောင့် မောင်မိုးက သူဌေးသားများကို မဝံ့ မရဲ ကြည့်ပြီး``ကျုပ် ကိုယ်တိုင်လည်း ဗယာကြော် ဘယ်လောက်စား သလဲဆိုတာ ရေမထားလိုက်မိဘူး``ဟုပြောလေရာ မြို့ပိုင်သားက မောင် မိုးကို အထင် သေးဟန်ဖြင့် ကြည့်လိုက်ပြီး``တော်တော်ညံ့တဲ့ ကောင်ပဲ ဒါကြောင့်လည်း ဆင်းရဲနေတာကိုး၊ထားပါတော့ကွာ၊ ဗယာကြော် အများ ဆုံး စားမိရင် ဆယ်ခုပေါ့၊ ဗယာကြော် တစ်ခုကိုတပြား ဆယ်ခုဆို ဆယ် ပြား``ဟုဆိုကာ သူ၏ ဘောင်းဘီအိတ်ထဲကို လက်နှိုက်ကာ မျက်မှောင် ကြုတ်လိုက်ပြီး``ဟိုက်..မနက်စောစောမှာ မြင်းထွက်စီးတယ် ဆိုတော့ ပိုက်ဆံ ဘယ်ပါမလဲ``ဟုဆိုကာ အနီးရှိ သူဌေးသားများကို လှည့်ကြည့် ပြီး``မင်းတို့ မှာ ပိုက်ဆံပါကြလားကွ``ဟုမေးမြန်းလိုက်ရာ သူဌေးသား များက ပိုက်ဆံ မပါကြောင်း သံပြိုင် ပြောဆိုကြလေ၏။

ထိုအခါ မြို့ပိုင်သားက ``ဆောရီးပဲကွာ၊ ငါတို့မှာ ပိုက်ဆံမပါဘူး၊ ဗယာ ကြော်ဖိုးကို နောက်နေ့မှ ပေးမယ်ကွာ၊ငါတို့ကို ယုံတယ်မဟုတ်လား``ဟု မေးမြန်းလိုက်လေရာ သူဌေးသားများကို လွန်စွာမှ အထင်ကြီး နေသော

www.burmeseclassic.com

မောင်မိုးက``ယုံပါတယ်ဗျာ၊ယုံပါတယ်အစ်ကိုတို့ကိုမှမယုံရင် ကျုပ်ဘယ်သူ့ကိုယုံရမှာလဲ``ဟု ပြောလိုက်လေရာ မြို့ပိုင်သားက``ဒါဆိုရင် ငါတို့သွားမယ်၊မနက်ဖြန်မှ ဆုံကြမယ်ပေါ့``ဟုပြောဆိုကာ မောင်မိုး၏အနီးမှ ထွက်ခွါသွား၏။


www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့နံနက် ချမ်းချမ်းစီးစီး အိပ်ယာထကာစ အချိန်၌ မောင်မိုးသည်သူဌေးသားများကို စောင့်မျှော်နေမိလေ၏။ အတန်ကြာသောအခါ သူဌေးသားများသည် မြင်းကိုယ်စီ စီးနင်ပြီး မြို့ထဲမှ ထွက်ပေါ်လာလေ၏။ ယနေ့နံနက်သူဌေးသားအားလုံး အထက်အောက် အဖြူရောင် ဆင်တူ ဝတ်ဆင်ထားသဖြင့် လွန်စွာမှ မျက်စိပဏာရလှ၏။မောင်မိုးသည် အသား


www.burmeseclassic.com

www.burmeseclassic.com

အရေဖြူစင် ဝင်းပပြီး အဖြူရောင်ဝတ်စုံများဖြင့် လွန်စွာ ကြည့်ကောင်းလှသော သူဌေးသားများကို အထင်တကြီး ကြည့်နေမိ၏။

သူဌေးသားများသည် မနေ့ကကဲ့သို့ မိမိ၏ဗယာကြော်များကို အားရပါးရ စားသောက်နေလေ၏။ မောင်မိုးသည် မိမိကဲ့သို့ ဆင်းရဲသားနင်းပြားတစ်ယောက်၏ အကြော်ကို အားပါးတရစားသောက်နေသော သူဌေးသားများကို ကြည့်ပြီး ဂုဏ်ယူသလိုပင် ဖြစ်မိ၏။ အဘယ်ကြောင့်ဆိုသော် သူဌေးသားများသည် ကြီးကျယ်ခမ်းနားသော တိုက်ကြီးထဲတွင် ထိုင်ပြီး အစေခံများ တည်ခင်းသော ဆီဦးထောပတ်များကို အရသာခံပြီး စားသောက်နိုင်သူများဖြစ်၏။ ထိုသူများသည် မနက်စောစော ချမ်းချမ်းစီးစီးထဲတွင် မိမိ၏ဗယာကြော်များကို စားသောက်နေကြ၏။ ထိုအရာသည် ဂုဏ်ယူစရာပင် မဟုတ်ပါလား။ မြို့ပိုင်သားသည် ဗယာကြော်များကို ဗိုက်ကားအောင်စားလိုက်ပြီးနောက် ရပ်တန့်လိုက်ပြီး ``ဒီနေ့ တော့ ငါတို့စားတာဗယာကြော် ၁၅ခု ကုန်သွားတယ်၊ မနေ့က၁၀ ခု ဆိုတော့ စုစုပေါင်း၂၅ခု ပေါ့ကွာ``ဟု ပြောရင်း မြို့ပိုင်သားသည် သူ၏အကျႌအိတ်ထဲသို့ လက်နှိုက်ကာ မျက်မှောင်ကြုတ်လိုက်ပြီး ``ဟင်..ပိုက်ဆံတစ်ပြားမှမပါ ပါလား ဪ..မြင်းစီးအကျႌ လဲဝတ်တော့ ကျန်ခဲ့ပြီပေါ့``ဟုဆိုကာ သူ၏ အနောက်ရှိ သူဌေး


www.burmeseclassic.com

www.burmeseclassic.com

သား များဘက်သို့ လှည့်ကာ ``မင်းတို့မှာ ပိုက်ဆံ ပါသေးလားကွ``ဟု မေးမြန်းလေရာ သူငွေးသားများက သံပြိုင် မပါကြောင်း ပြောကြလေ၏။

ထိုအခါမြို့ပိုင်သားက``ဒါဆိုလည်းမနက်ဖြန်မှာတော့ဗယာကြော်ဖိုး တွေ ပေးမယ်ကွာ၊ ငါတို့ စားထားတာ အားလုံး၂၅ ခု ရှိသွားပြီ၊ ဘယ်လိုလဲ ငါတို့ကိုယုံတယ်မဟုတ်လားကွ``ဟုမေးမြန်းလေ၏။ ထိုအခါ သူဌေးသား ပိုက်ဆံဂါလားများကို လွန်စွာမုအထင်ကြီးသော မောင်မိုးက``ယုံပါတယ် ဗျာ၊ ခင်ဗျားတို့က မြို့မျက်နှာဖုံး သူဌေးသားတွေပဲ ဗယာကြော်ဖိုးလောက် တော့ ယုံကြည်ပါတယ်ဗျာ၊ နောက်နေ့မှ ပေးပါ``ဟုပြောလေ၏။

မောင်မိုးသည် နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ သူ၏ ဗယာ ကြော်ဖောက်သည်သူဌေးသားများကိုစောင့်မျှော်နေမိ၏။ ခဏအကြာတွင် သူဌေးသားများ၏ မြင်းခွါသံများ မြူနှင်းများကြားတွင် ထွက်ပေါ်လာ၏။

သူဌေးသားများသည် ထုံးစံအတိုင်း မောင်မိုး၏ ဗယာကြော်များကို စား သောက်ပြီး ပိုက်ဆံမပါမြဲ ဖြစ်နေပြန်၏။ မြို့ပိုင်သားက အကျီအိတ်ထဲသို့ လက်နှိုက်လိုက်ပြီး``ဟာ..ပိုက်ဆံမေ့နေပြန်ပြီကွာ၊ မြင်းစီးဖို့ စိတ်လော နေလို့ ပိုက်ဆံ ပါမလာပြန်ဘူး``ဟုဆိုကာ သူဌေးသားများကို လှည့်ကြ မင်းတို့မှာတော့ပိုက်ဆံပါမယ်ထင်တယ်``ဟုမေးမြန်းလေရာ သူဌေးသား



www.burmeseclassic.com

www.burmeseclassic.com

များကသံပြိုင်``မပါဘူးကွ``ဟုဆိုလိုက်ရာ မြို့ပိုင်သားက ရယ်မောလိုက်ပြီး``ဟဲဟဲ..မပါပြန်ဘူးကွ၊ နောက်တစ်နေ့ပေါ့ကွာ ယုံတယ်မဟုတ်လား``ဟုဆိုလိုက်ရာမောင်မိုးက``ယုံပါတယ်ဗျာ..ခင်ဗျားတို့လို သူဌေးသား ပိုက်ဆံဂါလားတွေကို မယုံလို့ဖြစ်ပါ့မလား၊ ခင်ဗျားတို့အတွက် အကြော်ဖိုး လောက်က ဘာအရေးလဲ``ဟုပြောလိုက်လေ၏။ ထိုအခါ သူဌေးသားများက``မင်းတော်တယ် ဟုဆိုကာ တဟားဟား ရယ်မောပြီး မြင်းများကို စီးနင်ပြီး ထွက်ခွါသွား၏။ မောင်မိုးသည် နောက်တစ်နေ့သို့ ရောက်သောအခါ ဗယာကြော်ဖိုးများ ရတော့မည်ဆိုပြီးလွန်စွာ ပျော်ရွှင်နေလေ၏။ထိုကြောင့် မြူနှင်းများ ဝေနေသောအရပ်သို့ မျှော်လင့်တကြီး စောင့်မျှော်နေပြန်၏။ ထိုသို့ မျှော်လင့်တကြီး စောင့်မျှော် နေသောနေ့မှ သူဌေးသားများ နောက်ကျပြီး ရောက်မလာနိုင်သေး။ မောင်မိုးသည် စိတ်ညစ်ပြီး နှင်းတောထဲသို့ လှမ်းမျှော် ကြည့်နေ၏။ ထိုစဉ် လော်ရီကားကြီး တစ်စီး ရောက်လာသဖြင့် ဗယာကြော်များကို ရောင်းလိုက်ရသေး၏။


www.burmeseclassic.com

www.burmeseclassic.com

လော်ရီကားကြီး ထွက်ခွါသွားသော အခါမှပင် အဝေးမှ မြင်းခွါသံများကို ကြားလိုက်ရသဖြင့် မောင်မိုးသည် စိတ်လှုပ်ရှားပြီး နှင်းထဲသို့ လှမ်းမျှော် ကြည့်လိုက်ရာ သူဌေးသားများ၏မြင်းများကိုတွေ့လိုက်၏၊ မောင်မိုးသည် ဘယာကြော်ဖိုးများ ရရှိတော့မည် ဆိုပြီး ပျော်ရွှင်နေလေ၏။ သို့သော် သူ မျှော်လင့်သကဲ့သို့ သူဌေးသားများ၏ မြင်းများရပ်တန့်မသွားဘဲ ဆိုင်ကို ကျော်ပြီး မြင်းများကို ဖြတ်သန်းသွားလေ၏။ မောင်မိုးသည် သူဌေးသား



www.burmeseclassic.com

www.burmeseclassic.com


များယနေ့ နံနက်ဗယာကြော် မစားလိုသဖြင့် မိမိထံသို့ မပင်ရောက်ခြင်း ဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။ ယနေ့နံနက် ဗယာကြော်ဖိုးများ ရ မည်ဟု ယူဆပြီးမျော်လင့်နေသော မောင်မိုး၏ အိပ်မက်များပျက်ပြယ်သွား လေ၏။သူငွေးသားများသည် ယနေ့ ဗယာကြော် မစားဖြစ်သော်လည်း သူ၏ ဗယာကြော်ဖိုးများကို သတိရ သင့်သည်ထင်၏။ သို့သော် သူဌေး သားများသည် အလုပ်တာဝန် များလွန်းသဖြင့် မိမိ ဗယာကြော်ဖိုးများကို ပေးရန် မေ့လျော့နေပုံရ၏။

နောက်တစ်နေ့တော့ မိမိ ဗယာကြော်ဖိုးများ ရရှိမည်ထင်မိ၏။ သို့သော် နောက်တစ်နေ့သို့ ရောက်သောအခါ၌လည်း သူဌေးသားများသည် သူ၏ ဗယာကြော်ကို မစားတော့ဘဲ မြို့ထဲသို့ ဝင်သွားပြန်၏။ မောင်မိုးသည် သူ၏ဆိုင်ကို မမြင်ဟန်ဖြင့် မြို့ထဲသို့ မြင်းစီးပြီး ဝင်ရောက်သွားသော သူဌေးသားများကို နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ပြီး ကြည့်မိ၏။ သူဌေးသားများအနေဖြင့် ဗယာကြော် မစားချင်သော်လည်းသူ၏ ဗယာ ကြော်အကြွေးကိုသတိရသင့်သည်ထင်၏။

မြို့ပိုင်သား မေ့လျော့နေလျှင်ပင် ကျန်သူဌေးသားများသတိရသင့်၏။ သူ တပါး၏ အကြွေးကိုရယူပြီးလျှင် ပြန်လည် ပေးဆပ်ရမည်မဟုတ်ပါလား။


www.burmeseclassic.com

www.burmeseclassic.com


ဗယာကြော်ဖိုး ငွေတစ်ကျပ်သည်သူဌေးသားများအတွက် ပြောပလောက်စရာ မရှိသော်လည်း မိမိအတွက်မူ တစ်ကျပ်မျှသော အသပြာသည် တန်ဖိုးရှိလှ၏။ မောင်မိုးသည် ထိုအကြောင်းကို ဗယာကြော်သည် အဘိုးကြီးရန်ကနား အား ပြောပြသောအခါ ရန်ကနားက သက်ပြင်းချပြီး မင်းရဲ့ဗယာကြော်ဖိုး ပိုက်ဆံတွေ အလိမ်ခံလိုက်ရပြီ၊ဒီကောင်တွေ မင်းကို လိမ်သွားပြီ```ဟုဆိုလိုက်ရာ မောင်မိုးက နားမလည်ဟန်ဖြင့် ကြည့်ပြီး သူတို့က သူဌေးသားပိုက်ဆံဂါလားတွေဗျ၊ သူတို့အတွက် ငွေတစ်ကျပ်ဟာ ဘာ တန်ဖိုးရှိလို့လဲ၊ကျုပ်ကို လိမ်စရာလား``ဟုရေရွတ်လေရာ ရန်ကနားက ခေါင်းညိတ်လိုက်ပြီး``အပေါ်ယံ ကြည့်ရင်တော့ မင်းအခု ပြောသလိုပဲ ဟုတ်တယ်ကွ၊ ဒါပေမဲ့ သူဌေးသားတွေက မင်းလို ဆင်းရဲသားနင်းပြားလေး တစ်ယောက်ကို လိမ်ရတာ အရသာ တွေ့နေကြတယ်၊ သူတို့ဟာ ဘာမဆို ပြီးပြည့်စုံနေတော့ သူတို့ရဲ့ စိတ်ပျော်ရွှင်ရေးအတွက် မင်းလို ဆင်းရဲသား ရိုးသည်လေးတစ်ယောက်ကိုလိမ်ညာလှည့်ဖြားပြီးအရသာ ခံကြတာကွ``ဟုပြောဆိုလေရာ မောင်မိုးသည် မယုံနိုင်ဟန်ဖြင့်မျက်မှောင်ကြုတ် လိုက်လေ၏။ယခင်က သူဌေးသားပိုက်ဆံဂါလားများကို မိမိ အလွန်အထင်ကြီး၏။သူဌေးသားများ၏ လုပ်ရပ် မှန်လျှင်အရာရာ မှန်ကန်သည်ဟု ယူဆ



www.burmeseclassic.com

www.burmeseclassic.com


သူဌေးသားတွေ လုပ်သမျှ အရာရာ တင့်တယ်သည်ဟု ထင်မြင်၏။ယခု သူဌေးသား ဆိုသူများသည် မိမိလို ဆင်းရဲသား လူငယ် တစ်ယောက်၏ ဘိန်းမှုန့်ကိုပင် လိမ်ညာလုညှ့်ဖြားပြီး စားသောက်၏။ ထိုသို့ဆိုလျှင် သူဌေးသား ဆိုသူများသည် ဘာမှဟုတ်သည့် လူများပါလား..မောင်မိုးက မယုံနိုင်လွန်းသဖြင့် ၄င်းတို့ လုပ်ရပ်ကို ရန်ကနားအား ဖွင့်ဟလိုက်၏။

``ရန်ကနားရယ်..သူတို့ကိုကျုပ် အရင်ကသိပ်အထင်ကြီးတာဗျ၊ ငွေတစ်ကျပ် ဆိုတာ သူတို့အတွက် တန်ဖိုးမရှိပေမဲ့ ကျုပ်တို့အတွက်တော့ အများကြီး တန်ဖိုးရှိတယ်လေ၊ ကျုပ်ကတော့ သူတို့ကို အထင်ကြီးပြီး လေးစားလိုက်ရတာဗျာ၊သူတို့ရဲ့ဘဝကိုလည်းတိတ်တခိုးအားကျနေရတာ၊ဒီလိုသာဆို သူဌေးသား ပိုက်ဆံပါလားတွေဟာ ပိုက်ဆံရှိတာကလွဲလို့ ဘာတန်ဖိုးရှိမှာလဲ၊လူတွေကို ဒုက္ခပေးပြီး စိတ်ဆင်းရဲအောင် မလုပ်သင့်ပါဘူးဗျာ၊ သူတို့ မိဘတွေက ဂုဏ်သရေရှိလူကြီး လူကောင်းတွေလေ၊သူတို့လည်း မိကောင်းဖခင်သားသမီးတွေ မဟုတ်လား``ဟုဆိုလိုက်ရာ ရန်ကနားက ဘယာကြော်ခြင်းကို ရပ်နားလိုက်ပြီး တဟားဟား.. ရယ်မောကာ

``ဟား ဟား ဟား သူတို့မိဘတွေကို ဂုဏ်သရေရှိလူကြီး လူကောင်းတွေလို့ မင်းကို ဘယ်သူပြောသလဲ၊ပိုက်ဆံရှိတိုင်း ဂုဏ်သရေ ရှိတာလား၊အခု


www.burmeseclassic.com

www.burmeseclassic.com

သောလူတွေဟာ ပိုက်ဆံတွေအများကြီး ရှိပေမဲ့ သိပ်ပြီး ယုတ်မာရိုင်းစိုင်းတယ်၊ စာနာထောက်ထားမှုကင်းတယ်၊ ပေဖန် ပိုင်းခြား နိုင်တဲ့ အသိဉာဏ်နည်းတယ်၊ လောကမှာ ငွေရှိတိုင်း ဂုဏ်ရှိတာ မဟုတ်ဘူးကွ၊ ငါသိမြင်သလောက်တော့ ဒီမြို့က မြို့ပိုင်မင်းနဲ့ စက်သူဌေးဟာ အသိဉာဏ် သိမ်ဖျင်းပြီး အောက်တန်းကျတဲ့ သူတွေပဲ၊ သူတို့ သားသမီးတွေလည်း ဒီပုတ်ထဲက ဒီပဲ ဖြစ်ဖို့များတယ်၊ သားသမီးမကောင်း မိဘခေါင်း ဆိုတဲ့ စကားလည်း ရှိတယ် မဟုတ်လား``ဟုပြောလေ၏။

မောင်မိုးသည် မြို့ပိုင်မင်းနှင့် စက်သူဌေးများ၏ မကောင်းကြောင်းကို ဘဝတွင် ပထမဆုံး ကြားလိုက်သဖြင့် တုန်လှုပ်ချောက်ချား သွားလေ၏။ ၎င်းတို့၏ အလှူအတန်းရက်ရာပုံ ဘုရားဒါယကာ ကျောင်းဒါယကာတို့ အခြင်းထင်ရှား ကျော်ကြားပုံတို့ကို ပြန်လည် မြင်ယောင်လာ၏။ ထိုသူများသည် ဂုဏ်သရေရှိ လူကြီးလူကောင်းများ မဟုတ်တော့ဟု ရန်ကနားက ဆိုပြန်လေ၏။

မောင်မိုးသည် ယခင်ကဆိုလျှင် ငွေကြေးချမ်းသာ သူများကို အလွန်ပင် အထင်အမြင်ကြီး၏။ ၎င်းတို့သည် သာမာန်လူများထက် အတွေးအခေါ် သာလွန်ပြီး ထောက်ထားညှာတာတတ်သောကြောင့် ငွေကြေးချမ်းသာ


www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ထင်မြင်၏။ယခုတော့ သူဌေးသားများ၏ အနိုင်ကျင့် စော်ကားသော လုပ်ရပ်ကြောင့် ၄င်းတို့ကို အထင်ကြီးခြင်း မရှိတော့ချေ။မိမိကဲ့သို့ ဆင်းရဲသား နင်းပြားတစ်ယောက်ကို စော်ကားမော်ကား မပြုသင့်ဟု ထင်မြင်၏။သူသည် တွေးရင်း ဆင်းရဲသား နင်းပြားဘဝကို ရင်နာလာ၏။ဆင်းရဲလွန်းသောကြောင့် စော်ကားခံရခြင်း ဖြစ်၏။ ဆင်းရဲခြင်း မရှိလျှင် စော်ကားမော်ကားခြင်း ရှိတော့မည် မဟုတ်။မောင်မိုးသည် တွေးရင်း ချမ်းသာကြွယ်ဝချင်စိတ်များ တဖွါးဖွါးပေါ်ပေါက်လာ၏။

ထို့ကြောင့် တက်ခေါက်လိုက်ရင်း``တောက်..ဒါတွေအားလုံးဟာ ကျုပ်ဆင်းရဲလို့ ဖြစ်တာဗျ၊ ကျုပ်ချမ်းသာရင် ဒီလိုဘယ်ဖြစ်ပါ့မလဲ``ဟုဆိုလေ၏။ရန်ကနားက သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး``ဟုတ်တယ် ဆင်းရဲတဲ့သူဟာ ပိုပြီး အနိမ့်ခံရတာတ်တယ်၊ လူတွေဟာ ဆင်းရဲတဲ့ လူနဲ့ အပေါင်းအသင်း လုပ်ရတာသက် ချမ်းသာတဲ့လူကို အပေါင်းအသင်း လုပ်ရတာ ပိုဂုဏ်ယူကြတယ်၊ ဆင်းရဲတဲ့လူနဲ့ အပေါင်းအသင်း ဖြစ်ရတာကို ဂုဏ်ငယ်တယ်လို့တောင် ထင်တတ်ကြတယ်၊ဒါဟာ လူ့သဘာဝပဲကွ`` ဟုပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


မောင်မိုးက လက်သီးဆုပ်ပြီး ``ရန်ကနားပြောတာ သိပ်မှန်တယ်ဗျ။ ဒီ
ကြောင့်လည်း ကျုပ်သူဌေးဖြစ်ချင်တာပေါ့ဗျ။ ကျုပ် သူဌေး ဖြစ်ချင်လွန်း
ဆရာတော်ကြီး စကားကို ဦးထိပ်ပန်ဆင်ပြီး ဖွဲလုံ့လဝီရိယထားပြီး အလုပ်
ကို ကြိုးစားလုပ်ပါတယ်ဗျာ၊ ဒါပေမဲ့ အလုပ်ကို ဘယ်လို ကြိုးစား လုပ်လု
တနေ့တစ်မှုးလောက်ပဲ အဝိုစုမိတယ်ဗျ။ ဒီ တစ်မှုးလောက်နဲ့ ဘယ်လို
သူဌေး မဖြစ်နိုင်ဘူးဗျ``ဟုဆိုလိုက်ရာ ရန်ကနားက ဗယာကြော်ဗန်း
သိမ်းလိုက်ရင်း ``စုပါများရင် တောင်ပို့ဖြစ်နိုင်တယ် ဆိုတဲ့ စကားလည်း
ရှိပါတယ်ကွာ၊ အားမလျှော့ပါနဲ့ အချိန်တန်ရင် နားပိန်ကန်မှာပါ ဖွဲမလျှော့
ပါနဲ့``ဟုအားပေးစကား ပြောလိုက်ရာ မောင်မိုးက လက်သီးဆုပ်ပြီး ``ဒါ
ကိုတော့ လုံးဝ မလျှော့ခဲ့ပါဘူး၊ ဈေးရောင်းတဲ့ နေရာကို ဝီရိယ အပြည့်
အစောဆုံး ရောက်အောင်သွားတယ်၊ လုံ့လ ဆိုတဲ့ အားစိုက်ထုတ်မှု
လည်းလုပ်တယ်၊ ဈေးဝယ်တွေကို တတ်စွမ်းသမျှ ဖွယ်ဖွယ်ရာရာ ပြော
ပြီး ရောင်းလွန်းလို့ ဈေးသည် အချင်းချင်းကတောင် ကျုပ်ကို အမြင်ကတ်
ကြတယ်၊ ဒါပေမဲ့ ဘယ်လိုပဲ ကြိုးစားကြိုးစား တစ်နေ့ကို တစ်မှုးထက်
မစုနိုင်ပါဘူး ရန်ကနားရယ်၊ ဒီလောက် စုမိရုံနဲ့ သူဌေးမဖြစ်ဘူး ဆိုတာ
ကျုပ်သိတယ်၊ ဒါကြောင့် ရန်ကနားဆီမှာ သူဌေးဖြစ်နည်း ရှိရင် ပြောပါ
ဟုမေးမြန်းလေရာ ရန်ကနားက မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီး


www.burmeseclassic.com

www.burmeseclassic.com

``ငါ ငယ်ငယ်တုန်းက မင်းလိုပဲ သိပ်ချမ်းသာချင်တာကွ၊ ချမ်းသာဖို့ နည်းလမ်းတွေကိုလည်း ရှာကြံပြီး တတ်စွမ်းသမျှ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ငါ ဘယ်လို ကြိုးစားကြိုးစား မချမ်းသာပါဘူးကွာ၊ တစ်နေ့တော့ လူပျိုတော် ပညာရှိကြီး တစ်ယောက်နဲ့ တွေ့လို့ မေးမြန်းကြည့်တော့မှ ငါမချမ်းသာတဲ့ အကြောင်းကို ရိပ်စားမိတော့တယ်၊အဓိက ကအတိတ်ကံကွ၊ အတိတ်ကံ မပါရင် ဘယ်လိုမှ မချမ်းသာနိုင်ဘူး ၊ဒီအချိန်ကစပြီး ငါဟာ သူဌေးကြီးဖြစ်ချင်တဲ့ စိတ်၊ မိန်းမလှလေးတွေ ယူချင်တယ်ဆိုတဲ့ စိတ်ကို မေ့ဖျောက်ပြီး ဘယာကြော်သည်ဘဝကို ခံယူလိုက်တာပဲ၊ ကိုယ့်ဘဝကို ကိုယ်ကျေနပ်ရင် နေတတ်စရာ ကောင်းပါတယ်ကွာ``ဟုပြောလေ၏။ရန်ကနား စကားကြောင့် မောင်မိုးသည် အတန်ကြာအောင် ငြိမ်သက်စွာ စဉ်းစားနေပြီးမှ စိတ်ပျက်ဟန်ဖြင့်``အတိတ်ကံဆိုတာ တော်တော်ကြောက်ဖို့ကောင်းတာပဲ၊ ငါ့မှာလည်း အတိတ်ကံ မပါရင် ဘယ်လိုလုပ် ချမ်းသာကြွယ်ဝတော့ မှာလဲ၊ ရန်ကနားလို့ ဆင်းရဲနေမှာပေါ့၊ လူ့ဘဝမှာ ချမ်းသာကြွယ်ဝမှ လူရာဝင်မယ်၊လူအများရဲ့ကြည်ညိုလေးစားခြင်းခံရမယ်၊ ဒီအတိုင်း ဆိုရင်တော့ တစ်သက်လုံး အောက်တန်းနောက်တန်းကျတော့မယ်၊ ဘဝဆိုတာ ဒုက္ခ ဆင်းရဲပါလား``ဟု ရေရွတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


မောင်မိုး၏ စိတ်ခါတ်များ ထိုအချိန်ကစပြီးကျဆင်းသွားလေ၏။ သူသည်
ဖွဲ့ လုံလ ဝီရိယကို ရှေ့တန်းတင်ပြီး အလုပ်ကြိုးစား လုပ်ကိုင်ပုံများကို မြင်
လည် မြင်ယောင်လာ၏။ ထိုအလုပ်များ၏ အကျိုးဆက်ကို တွေးတောပြီး
မကောင်းမြင်စိတ်များလည်း ဖြစ်ပေါ်လာ၏။

``ငါဟာ ဆရာတော်ကြီးရဲ့ စကားကို ဦးထိပ်ပန်ဆင်ပြီး ဖွဲ့လုံလ ဝီရိယနဲ့
ဘယ်လာကြော်တွေယူပြီး ကားဂိတ်ကို အစောဆုံးရောက်အောင် သွားရောင်း

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ တတ်နိုင်သမျှ ဖွယ်ဖွယ်ရာရာတွေ ပြောပြီး ကိုယ့်ဘယာကြော်တွေ ရောင်းရအောင် ကြိုးစားတယ်၊ ဒီလို ကြိုးစားနေလို့ ဘဂတူရေးသည်တွေထက် ပိုပြီး ရောင်းရတယ်၊ ဒီလိုရောင်းရတဲ့ အတွက်ရေးသည်အချင်းချင်း တောင် ငါ့ကို မနာလို ဖြစ်ကြတယ်၊ ဘဲဥပြုတ် ရောင်းတဲ့ ဒေါ်တင်စိန်ကြီး တောင် ငါ့ကို သရဲမရဲ စီးနေတဲ့ကောင်လို့ ပြောတယ်။ ဒီလို ကြိုးစားတဲ့ အတွက် တစ်နေ့ကို ငွေတစ်မူးထက် ပို မစုမိဘူး၊ တစ်မူး စုမိရုံနဲ့ သူဌေး ဖြစ်နိုင်ဘူး ဆိုတာငါသိတယ်၊ ဒီလိုကြိုးစား လို့လည်း ဘဂတူ ရေးသည် အချင်းချင်းကတောင် ငါ့ကို မနာလို ဖြစ်ကြတယ်၊ ငါ့ဘဂမှာ အတိတ်ကံ မပါရင်တော့ ဘယ်လို ချမ်းသာတော့မှာလဲ၊ ဘဂတစ်ခုလုံး ဆင်းရဲသား နင်းပြားဘဂနဲ့ နေထိုင်ရတော့မှာပဲ၊ အတိတ်ကံ မပါရင် မိုးပျံအောင်ဘယ် လောက်ပဲ ကြိုးစား မချမ်းသာနိုင်ဘူး ဆိုတာ အမှန်ပါပဲ၊ အတိတ်က ကံကို ဒီဘဂထက် ပိုကောင်းလာအောင် ဘယ်လို လုပ်ရပါ့မလဲ``ဟု စိတ်ပျက် လက်ပျက် တွေးတောနေမိ၏။

ထိုနေ့မှစပြီး မောင်မိုးသည် ကားဂိတ်သို့ နောက်ကျပြီးမှ ရောက်ရှိသွား လေ၏။ထိုအခါ ရေးသည်များသည် မောင်မိုးကို အံ့သြဟန်ဖြင့် ကြည့်ပြီး ``ကြားသားမိုးကြီး ဒီနေ့ မောင်မိုးနောက်ကျပြီး ရောက်လာပါလား``ဟု


www.burmeseclassic.com

www.burmeseclassic.com

ရေရွတ်ကြလေ၏။မောင်မိုးသည်ယခင်က ကားဂိတ်သို့အစောဆုံးရောက် အောင်လာပြီး နောက်အကျဆုံးမှ ပြန်သော်လည်း ယနေ့ မှောင်ရီသန်းစ ပြုသည်နှင့် ဘုန်းကြီးကျောင်းသို့ ပြန်ရန်ပြင်ဆင်လေရာ ဈေးသည်များက ``အစောကြီး ပြန်တော့မလား။ ကားတွေ ဝင်ဦးမယ်လေ၊ နေမကောင်းလို့ လား၊ ဆရာတော်ကြီး ဆူလိုက်လို့လား`` ဟု တစ်ယောက်တစ်ပေါက်ဝိုင်း ဝန်း မေးမြန်းကြလေ၏။ မောင်မိုးက ဈေးသည်များ၏ အမေးကို မဖြေဘဲ ခေါင်းကိုသာ ခါယမ်းပြီး ထွက်ခဲ့လေရာ ဈေးသည်များက နားမလည်ဟန် ဖြင့် ကျန်ရစ်ခဲ့လေ၏။ မောင်မိုးသည် ယခင်က ကားဂိတ်တွင် ဈေးရောင်း သောအခါ ကားတစ်စီး ရောက်လာသည်နှင့် ဦးစွာ ပြေးပြီး သူ၏ အကြော် များကို အားတက်သရော ရောင်းချလေ၏။ ယခုအခါတွင်မူ မောင်မိုးသည် ပျင်းရိပျင်းတွဲ ဈေးရောင်းနေပြီး ကားများမလာသည့်အခါ ငူငူငိုင်ငိုင်ကြီး ထိုင် မှိုင်နေလေ၏။ ထိုအချိန်မှစပြီး မောင်မိုးသည် မျှော်လင့်ချက် ပျောက်ဆုံး သွားပြီး ကြိုးစားချင်စိတ်လည်း ကုန်ဆုံးသွားလေ၏။ မိမိ၌ အတိတ်ကံမပါ လျှင် ကြီးပွါးတိုးတက်မည်လမ်း ရှိမည် မထင်တော့ချေ။

...


www.burmeseclassic.com

www.burmeseclassic.com

စ်နေ့သ၌ မောင်မိုးသည် ဆရာတော်ကြီး ဝယ်ခိုင်းသော သွေးဆေးကို
လယ်ခေါင်ဈေးကြီးမှဝယ်ယူပြီး မြို့ပိုင်၏ ခြံရှေ့သို့ ရောက်သောအခါ
ံခါးရှေ့တွင် ကျောခိုင်း ရပ်နေသော မြို့ပိုင်သားကို တွေ့လိုက်ရ၏။
ာင်မိုးသည် မြို့ပိုင်သားထံမှ သူ၏ ဇယာကြော်ဖိုး ငွေတစ်ကျပ်ကို ပြန်
ည် တောင်းယူရန် ဆုံးဖြတ်လိုက်၏။ ဆင်းရဲသား တစ်ယောက်အတွက်
ငွေတစ်ကျပ်သည် တန်ဖိုး ရှိလှ၏။ထို့ကြောင့် မြို့ပိုင်သား အနီးသို့ ရောက်


www.burmeseclassic.com

www.burmeseclassic.com


အောင် လျှောက်လှမ်း သွားပြီး``ကျွန်တော့် ဗယာကြော်ဖိုး ငွေတစ်ကျပ် မပေးရသေးဘူး ``ဟု တည်ကြည်သော အမူအယာဖြင့် တောင်းဆိုလေရာ မြို့ပိုင်သားက မောင်မိုးကို နားမလည်ဟန်ဖြင့် ကြည့်လိုက်လေ၏။

အကျင့် စာရိတ္တ ညံ့ဖျင်းသောမြို့ပိုင်သားသည် မောင်မိုးကို မမှတ်မိဟန်ဖြ ပြီး``မင်းဘာတွေလာပြောနေတာလဲ၊ ငါ ကျောင်းသားဖို့ အရေးကြီးနေပြီ ``ဟု ဆိုလိုက်ရာ မောင်မိုးသည် မြို့ပိုင်သားကို အထင်ကြီးလေးစားသော စိတ်များ ကုန်ဆုံးသွားပြီး``ကျုပ်အတွက် ဗယာကြော်ဖိုး ငွေတစ်ကျပ်က လည်း အရေးကြီးတယ်ဗျ၊ ခင်ဗျားတို့ ဘယာကြော်ဖိုး ငွေတစ်ကျပ်ကို အကြွေးထားတာ ကြာပြီ ```ဟုဆိုလိုက်၏။ မြို့ပိုင်သားသည် မောင်မိုး မကျေမချမ်း ဖြစ်သွားပြီး``မင်းပြောတာ ငါတစ်ခုမှ မသိဘူး ငါ ကျောင်း သွားဖို့ နောက်ကျနေပြီ၊ ဖယ်စမ်း``ဟုဆိုကာ ခြံထဲသို့ ဝင်ရန် ပြင်လိုက် ၏။ ထိုအခါ မောင်မိုး၏ ရင်ထဲတွင် မြို့ပိုင်သား၏လူလည်ကျသော အပြု အမူကို မကျေမချမ်း ဖြစ်သွားပြီး``မြို့ပိုင်သား၏ လက်ကိုဆွဲကာ ကျုပ် ရဲ့ အကြွေးကို ပေးပါဗျ``ဟုတောင်းဆိုလိုက်လေ၏။ ထိုအခါ မြို့ပိုင်သား ဆင်းရဲသား တစ်ဦးက သူ၏ လက်ကိုဆွဲခြင်းသည် သူ၏ ဂုဏ်သိက္ခာ ထိပါးသော အပြုအမူဟု ယူဆလေ၏။ ထိုကြောင့် မောင်မိုးကို ရန်


www.burmeseclassic.com

www.burmeseclassic.com

ပြင်လိုက်၏။ ထိုအခိုက်မှာပင် အိမ်ထဲမှ ထွက်လာသော မြို့ပိုင်မင်း၏ကား ခြံသို့ ရောက်ရှိလာပြီး မြင်ကွင်းကို ကြည့်ကာ မြို့ပိုင်မင်းက မျက်မှောင်ကြုတ်လိုက်ပြီး ``ဘာဖြစ်နေတာလဲ၊ ဒွေးဦး``ဟုမေးမြန်းလေ၏။ ထိုအခါ မြို့ပိုင်သားက ``ဒီကောင်က ဗယာကြော်သည်ပါ ဒယ်ဒီ၊ သားကိုလာပြီး စော်ကားနေလို့``ဟုဆိုလိုက်လေရာ မြို့ပိုင်မင်းသည် ဗယာကြော်သည်က မိမိသားကို စော်ကားသည် ဆိုသဖြင့် မကျေမချမ်း ဖြစ်သွားပြီး``ဘာ. မြို့ပိုင်သားကို ဗယာကြော်သည်က စော်ကားတယ် ဟုတ်လား၊ မင်းက သူစော်ကားတာကို ခေါင်းငုံခံနေတာလား``ဟုမေးမြန်းလေ၏။မောက်မာသော မြို့ပိုင်သားသည် ဖခင်ဖြစ်သူ၏ မြှောက်ထိုးပင့်ကော် စကားကြောင့် သွေးကြွသွားပြီး မောင်မိုး၏ မေးရိုးကို လက်သီးဖြင့် ပင့်ထိုးလိုက်လေရာ မောင်မိုးသည် မြေပေါ်သို့ လဲကျသွားလေ၏။ ထိုအခါ ခြံစောင့် ကုလားကလည်းမြို့ပိုင်မင်းကို မျက်နှာလို မျက်နှာရ လုပ်ရန်ထွက်လာပြီး မောင်မိုး၏ အင်္ကျီကော်လံကို ဆွဲပြီး ဆောင့်တွန်းလိုက်ရာ မောင်မိုးသည် မျက်ခင်းပေါ်သို့ ပက်လက်လှန်ကျသွားလေ၏။ ထိုအခါ မြို့ပိုင်မင်း၏ကား ခြံထဲမှ ထွက်သွားပြီး ခြံစောင့်သည် တခါးကြီးကို ဒိုင်းခနဲ မြည်အောင် ပိတ်လိုက်လေ၏။ မောင်မိုးသည် နှုတ်ခမ်းတွင် ပေနေသော သွေး များကို လက်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com

သုတ် လိုက်ပြီး ခံပြင်းလွန်းသဖြင့် တက်ခေါက်ကာ မြေကြီးကို လက်သီး
ဖြင့် ထိုးလိုက်မိလေ၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ တဟားဟား ရယ်မောသံကြားလိုက်ရ
သဖြင့် လှည့်ကြည့်လိုက်ရာ ကာကီဘောင်းဘီနှင့် ဖျင်ကြမ်းအကျႌကို
ဆင် ထားသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရ၏ထိုလူကြီးသည်
မုတ်ဆိတ်မွေးပါးမြိုင်းမွေးများ ရှိပြီး လွန်စွာ ယောကျ်ား ပီသပြီး ရဲရင့်သော
အမူအယာမျိုး ရှိလေ၏။ ထိုလူကြီးက တဟားဟား ရယ်မောရင်း

``ကြည့်လို့ ကောင်းလိုက်တာကွာ၊ သူဌေးက မြှောက်ပေးတာနဲ့ သူဌေး
သားကစိတ်ကြွပြီး လက်သီးနဲ့ နောက်ကောက်ကျအောင် ထိုးလိုက်တယ်
သူဌေးကိုမျက်နှာလုပ်ချင်တဲ့ ခြံစောင့်ကလည်း ကုတ်ကဆွဲပြီး ခြံပြင်
ဆောင့်တွန်းလွှတ်တယ်၊ဆင်းရဲသား နင်းပြားကောင်ခမြာမျက်ခင်း ပေါ်
ပက်လက်လေးလန်ပြီးကျန်ခဲ့တာ... ကြည့်လို့ ကောင်းလိုက်တာကွာ
ရှေ့မှာခါတ်ရှင် ရိုက်နေတာ ကြနေတာပဲ``ဟုဆိုလိုက်ရာ မောင်မိုးက သူ့
ကို လှောင်ပြောင်နေသော လူကြီးအား မကျေမချမ်း ကြည့်လိုက်ပြီး
``သူတပါးဒုက္ခ ရောက်နေတာကို ခင်ဗျား ဘာလို့ လှောင်ပြောင်နေတာ
လဲ၊ ခင်ဗျားမှာ ကိုယ်ချင်းစာ တရား မရှိဘူးလား``ဟုမေးမြန်းလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး``ဒုက္ခရောက်တိုင်းဟာ ကိုယ့်အတွက် ဆိုးဝါးမှု မဟုတ်ဘူးကွ၊ ဒုက္ခတွေကို အားအဖြစ်နဲ့ ယူနိုင်ရင် တစ်နေ့ အောင်မြင်မှုနဲ့ တွေ့မှာပဲကွ၊ လူတွေဟာ ဒုက္ခနဲ့ တွေ့လာရင် တံကြမ္မာက ဆိုးဝါးလိုက်တာ ဆိုပြီး ငြီးငြူပါအောင် ညည်းညူတတ်ကြတယ်ကွ၊ တကယ်တော့ ဒုက္ခကို အားအဖြစ်ယူနိုင်ရင် ဒုက္ခဆိုတာ ကိုယ့်အတွက် ဆုလာဒ်တစ်ခု လို့တောင် ဆိုနိုင်တယ်``ဟုဆိုလိုက်ရာ မောင်မိုးသည် လူကြီး၏ စကားကို အလွန်စိတ်ဝင်စားသွားပြီး``ဒုက္ခကို အား ဖြစ်အောင်လုပ်ရမယ် ဟုတ်လားဦးလေး ၊ဘယ်လိုလုပ်ရမလဲ ပြောပါဗျာ``ဟု အားတက်သရော မေးမြန်းလိုက်၏။ လူကြီးက မောင်မိုး၏ စိတ်အားထက်သန်ပုံကိုကြည့်ပြီး``မလောပါနဲ့ကွာ၊အေးအေးဆေးဆေးပေါ့၊ ငါနေတဲ့ မြို့ထဲက ဘုရားကြီးဇရပ်ကို လိုက်ခဲ့ပါ``ဟုပြောလေရာ မောင်မိုးသည် မြို့ထဲရှိ ဘုရားကြီးဇရပ်သို့ လိုက်သွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုနောက် ဘုရားကြီးဇရပ်သို့ ရောက်လျှင်လူကြီးက ဇရပ်အနီးရှိ မြေ
ပေါ်၌ ရေနွေးအိုးတစ်အိုး တည်ပြီး ရေနွေးဆူသောအခါ လူကြီးကငှဲ့
``သောက်ကွ၊ ဟောဒီမှာ ထန်းလျက်ခဲနဲ့ပဲကြီးလှော်လည်း ရှိတယ်
ဟုပြောလေရာ မောင်မိုးက စားသောက်ရန် စိတ်မပါဘဲ လူကြီးပြော
ဒုက္ခကို အားအဖြစ်ယူရမည့် နည်းလမ်းကိုပင် ကြားချင်နေမိ၏။

လူကြီးက မောင်မိုး၏ အမူအယာကို ကြည့်ပြီး``မလောပါနဲ့ကွာ၊ လူ
ဟာ ဘယ်တော့မှ အေးအေးဆေးဆေး မနေနိုင်တာဟာ စိုးရိမ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲကွ၊ကမ္ဘာကြီး တိုးတက်လာတာနဲ့ အမျှ ပြိုင်ဆိုင်မှုတွေ မြင့်သည်
ထက်မြင့်လာပြီး စိုးရိမ်သောကတွေလည်း တဖြည်းဖြည်း တိုးလာတယ်
စိုးရိမ်သောကကြောင့် စိတ်တွေ ထွေပြားပြီး တည်ငြိမ်မှု မရှိတော့ဘူး၊
စိတ်တည်ငြိမ်မှု မရှိတဲ့အတွက် လူဟာ အသက်ရှုမဝတဲ့ ဝေဒနာကို ခံစား
လာရတယ်၊ ခေတ်သစ်လူသားတွေ အများဆုံးခံစားနေရတာ အသက်ရှု
မဝတဲ့ ဝေဒနာပဲကွ၊ဒါတွေအားလုံးဟာ စိုးရိမ်သောကကြောင့် ဖြစ်ပေါ်လာ
တာကွ၊ စိုးရိမ်သောက ဖြစ်စေတဲ့ အဓိက အချက်ကတော့ ပြိုင်ဆိုင်မှု နဲ့
ကောင်းမြင်ပါဒကြောင့်ပဲကွ၊ လူတွေဟာ လူနေမှုဘဝ တိုးတက်ရေး အ
တွက် တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်ကြတယ်၊ ပြိုင်ဆိုင်မှုတွေများ
ပြီး အကောင်းမြင်စိတ် များရင် တော်သေးတယ်၊ အဆိုးမြင်စိတ် များရင်
တော့ စိုးရိမ်သောကတွေ ပိုများလာပြီး စိုးရိမ်သောကရဲ့ သားကောင် ဖြစ်
သွား လိမ့်မယ်ကွ၊ ဒါကြောင့် ဘာလုပ်လုပ် ခေါင်းအေးအေး ထားပြီး လုပ်
ပါကွာ၊ အောင်မြင်မှုက ကိုယ့်ရဲ့လက်တကမ်း မှာပါ။ လောကကြီးပါနဲ့
ကမ္ဘာပေါ်မှာ ရှိတဲ့ ထင်ရှား ကျော်ကြားသူ အများစုဟာ အောင်မြင်မှု မရ
သေးခင်မှာ အကြီးအကျယ် ဖိနှိပ်ခံခဲ့ရတယ်၊ အကြီးအကျယ် အနိုင်ကျင့်
ခံ[illegible]ကားမှုတွေကိုကြုံတွေ့ခဲ့ရတယ်၊ဒါပေမဲ့ သူတို့ဟာ နာကြည်းမှုတွေကို
[illegible] အဖြစ် ယူပြီး ကြီးပွါးအောင်မြင် လာအောင် ကြိုးစားနိုင်ခဲ့ကြတယ်၊

www.burmeseclassic.com


မင်းပုံစံ ကြည့်ရတာ ကြီးပွါးအောင်မြင်ချင်တဲ့ လူငယ်တစ်ယောက် ဖြစ် မယ် ဆိုတာ ငါရိပ်စား မိပါတယ်၊ လောကမှာ ကြီးပွါးချင်စိတ် ရှိမယ်ဆိုရင် တစ်နေ့နေ့မှာ ဆင်းရဲတွင်းက လွတ်မြောက်ပြီး အမှန်တကယ် ကြီးပွါး ပါကွ`` ဟုပြောလေရာ မောင်မိုးသည် စိတ်အားတက်ကြွ သွားဟန် ဖြစ် သွား မိသော်လည်း ခဏကြာအောင် မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီး ``ဆင်းရဲ ဒုက္ခ ရောက်တဲ့သူတွေ အများကြီးပါ၊ ဒါပေမဲ့ ကြီးပွါးတိုးတက် ဖြစ်မလာပါဘူး၊ တနေ့နေ့မှာ ဆင်းရဲတွင်းက လွတ်မလာပါဘူး``ဟု ပြော လေရာ လူကြီးက ခေါင်းညိတ်လိုက်ပြီး

``ဟု ပြောလိုက်ရာ လူကြီးက ခေါင်းညိတ်လိုက်ပြီး ``ဆင်းရဲတွင်းက လွတ်မလာတာက ဆင်းရဲခြင်း ဒုက္ခကိုရင်ထဲမှာ ပိပိပြင်ပြင် လက်ခံမထား ခဲ့လို့ကွ၊ ဆင်းရဲဒုက္ခ တွင်းဆိုးကြီးကို ရင်ထဲမှာ သံမှိုနှက်သလို စွဲထင်သွား တဲ့သူက ဒီတွင်းဆိုးကြီးက လွတ်မြောက်အောင် မရရအောင် ရှုန်းထွက် တော့မယ်လို့ ပိပိပြင်ပြင်ဆုံးဖြတ်လိုက်တယ်၊ ဒီလိုလူမျိုးဟာ အောင်မြင် မှုအတွက်ကိုယ့်ဘဝကိုမြပ်နှံ လိုက်တဲ့အတွက် နောက်ဆုံးမှာ အောင်မြင်မှု ရတော့တာပဲ`` ဟုပြောလေရာ မောင်မိုးက စိတ်အားတက်ကြွ ဟန်ဖြင့် လက်သီးဆုပ်ပြီး``ကျုပ် ဟာ ဒီလိုလူမျိုးထဲမှာ ပါဝင်တယ်၊ ကျုပ်အတင်


www.burmeseclassic.com

www.burmeseclassic.com


ဆင်းရဲ ဒုက္ခတွင်းဆိုးကြီးက မလွတ်လွတ်အောင် ရုန်းထွက်တော့မယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ စိတ်အားတက်ကြွမှုတွေဟာ ကုလားကြီး ရန်ကနားရဲ့ အတိတ်ကံအကြောင်း ကြားကတည်းက စိတ်ဓါတ်ကျခဲ့ရတယ်၊ အတိတ်ကံ မကောင်းရင် ကျုပ် ဘယ်လိုလုပ် ပြည့်စုံချမ်းသာမှာလဲ`` ဟုစိတ်ပျက်လက်ပျက် ဖြစ်သွားလေ၏။

ထိုအခါ လူကြီးက ``အတိတ်ကံ ရှိတာ ငါလက်ခံပါတယ်၊ဒါပေမဲ့ အတိတ်ကံက ကိုယ်လုပ်လို့ မရဘူး၊ ကိုယ်လုပ်လို့ မရတဲ့ အတိတ်ကံကို မေ့ထားပြီး လက်တွေ့ဘဝကို ကောင်းသထက် ကောင်းအောင်ကြိုးစားရင် ကြီးပွါးအောင်မြင်မှာပါ``ဟု ပြောလေရာ မောင်မိုးသည် စိတ်အားတက်ကြွသွားပြီး``ဒါဆိုရင် ကျုပ်ဘဝမှာ ကြီးပွါးတိုးတက်မဲ့ အခွင့်အလမ်း ရှိတာပေါ့`` ဟုပြောလေရာ လူကြီးက``ရင်ထဲမှာ တကယ်ကြီးပွါးချင်စိတ် ဖြစ်ပေါ်လာပြီ ဆိုရင် ချမ်းသာမဲ့ နည်းလမ်းက အလိုလို ရင်ထဲရောက်လာတာပဲကွ၊`` ဟုပြောလေ၏။ မောင်မိုးသည် လူကြီး၏ စကားကို စိတ်ဝင်စားပြီး ``ချမ်းသာမဲ့ နည်းလမ်းကို ကျုပ် နားလည်အောင် ပြောပြပါ ဦးလေးရယ်``ဟုပြောလေ၏။ ထိုအခါ လူကြီးက ``ဒါဆိုရင်တော့ မင်း မနက်ဖြန်ကစပြီး ငါနေတဲ့ ဇရပ်ကို ရောက်အောင်လာခဲ့၊ ဒီ... ဘုရားကြီးရဲ့ ဇရပ်မှာ ငါ


www.burmeseclassic.com

အချိန် တော်တော်ကြာ နေဦးမယ်၊ ဒီဘုရားကြီးရဲ့ ဂေါပကလူကြီးတစ်ဦး
က ငါ့ဆီမှာ တောက်တဲ့ကျင်း ဆိုတဲ့ ပညာရပ်တစ်ခုကို သင်ကြားနေတာ
မင်းကတော့ ငါ့ဆီက ချမ်းသာမဲ့ နည်းလမ်းကို သင်ကြားချင်တယ် ဆိုပြ
တော့ ဂေါပကကြီးနဲ့ မင်းဟာငါတပည့်နှစ်ယောက် ဖြစ်သွားတာပေါ့" ဟု
ပြောကာ သဘောကျဟန်ဖြင့် ရယ်မောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့သို့ ရောက်သောအခါ မောင်မိုးသည် ကားဂိတ်တွင် ဈေးရောင်းပြီးနောက် လူကြီး ရှိရာ ဘုရားကြီးဇရပ်သို့ ထွက်ခဲ့လေ၏။ ဇရပ်သို့ ရောက်သောအခါ ရေနွေးတစ်အိုးကို သောက်ပြီး ကျောခိုင်းထိုင်နေသော လူကြီးကို တွေ့ရလေ၏။လူကြီးက မောင်မိုးကို လှည့်မကြည့်ဘဲ လက်ရပ်ပြလိုက်ပြီး``ထိုင်ကွာ ကောင်လေး မင်းရောက်လာမယ် ဆိုတာ ငါကြို



www.burmeseclassic.com

www.burmeseclassic.com


သိပါတယ်၊ ဘာဖြစ်လို့လည်း ဆိုတော့ မင်းက ကြီးပွါးအောင်မြင်မဲ့သူကိုး.. ဟုဆိုလိုက်လေ၏။

မောင်မိုးက လူကြီးအနီးတွင် ဂင်ထိုင်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ကာ ``ဦးလေးကို ဒီနေ့ကစပြီး ကျုပ်ဆရာလို့ မှတ်ပါတယ်ဗျာ၊ ဦးလေး နည်းပေးလမ်းပြလုပ်လို့ ကျုပ်ချမ်းသာ ကြွယ်ဝခဲ့ရင် ကျေးဇူးမမေ့ပါဘူးဗျာ``ဟုဆိုလိုက်ရာ လူကြီးက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး`` ငါ့ကို ကျေးဇူးဆပ်စရာ မလိုပါဘူးကွာ၊ မင်း ကြွယ်ဝချမ်းသာလာရင် အများကောင်းကျိုးကို ဘယ်တော့မှ မမေ့ပါနဲ့လို့ပဲ မှာကြားချင်တယ်``ဟု ပြောလေရာ မောင်မိုးက ခေါင်းညိတ်ပြီး`` ကျုပ်လည်း ဆင်းရဲသားဘဝက တက်မဲ့လူပဲ၊ ဘယ်တော့မှ ဘဝမမေ့ပါဘူး``ဟုပြောလေ၏။လူကြီးက ``မင်းကို ငါယုံပါတယ်၊ ငါ့နံမည်က ဦးဖိုးဘလို့ ခေါ်တယ်ကွ၊ မင်းနံမည်လည်း ပြောပါဦး``ဟုမေးမြန်းလေရာ မောင်မိုးက သူ၏အမည်ကို ပြောပြလေ၏။

ထိုနောက် မောင်မိုးက မိမိကိုဆရာတော်ကြီးသင်ကြားပေးသော ဖွဲ၊လုံ့လ၊ ဝီရိယ အကြောင်းကို လူကြီးအား ပြောပြလေရာ လူကြီးက နားထောင်ပြီး ``ကြီးပွါးချမ်းသာဖို့ အတွက် ဖွဲ၊ လုံ့လ၊ဝီရိယ ဆိုတာ အခြေခံအကျဆုံး


www.burmeseclassic.com

www.burmeseclassic.com

အချက်တွေပဲကွ၊ ဆရာတော်ကြီး မိန့်ကြားတာ မမှားပါဘူး``ဟုပြောလေရာ မောင်မိုးက``ဖွဲ လုံ့လ ဝီရိယ အပြည့်နဲ့ ကျုပ်ကြိုးစားလုပ်ပါတယ်ဗျာ၊ ဒါပေမဲ့ ဒီနေ့အထိ ကြွယ်ဝချမ်းသာမဲ့ လမ်းစပေါ် မရောက်သေးပါဘူး`` ဟုစိတ်ပျက်လက်ပျက် ပြောလေ၏။ ဦးဖိုးဘက ခေါင်းညိတ်ပြီး``အချိန်မတန်သေးလို့ပါကွ၊ ကြီးပွါးချမ်းသာဖို့ အတွက် ဖွဲ လုံ့လ ဝီရိယကအခြေခံအကျဆုံး လိုအပ်ချက်ကွ၊ မင်းကို ကြွယ်ဝချမ်းသာမဲ့ နည်းလမ်းတွေ နည်းနည်းချင်း ပြောပြပါ့မယ်``ဟုပြောလေ၏။

ဦးဖိုးဘက ဆက်လက်ပြီး``လောကမှာ လူဟာ အလွန် ကြီးမားတဲ့ စွမ်းဆောင်ရည်တွေနဲ့ မွေးဖွါးလာတာကွ၊ ဒီလို စွမ်းဆောင်ရည်တွေကို အသုံးချဖို့လည်း လူဖြစ်တာတာကွ၊ လူတွေဟာ ကိုယ်အလုပ်လုပ်နိုင်တဲ့ အစွမ်းရဲ့ ဆယ်ရာခိုင်နှုန်းကိုပဲ အသုံးချကြတယ်ကွး ပါရမီရှင်ကြီး တွေတောင်မှ ကိုယ် လုပ်ကိုင်နိုင်တဲ့ စွမ်းရည်ရဲ့ နှစ်ဆယ်ရာခိုင်နှုန်းကိုပဲ အသုံးချတယ်လို့ ဆိုကြတယ်ကွ`` ဟုဆိုလိုက်ရာ မောင်မိုးသည် ဦးဖိုးဘ၏ စကားကို အလွန် စိတ်လှုပ်ရှားသွားပြီး ``ပါရမီရှင်တွေတောင်မှ ကိုယ်အလုပ်လုပ်နိုင်တဲ့ စွမ်းရည်ရဲ့ နှစ်ဆယ် ရာခိုင်နှုန်းကိုပဲ အသုံးချကြတယ်၊ ဟုတ်လား၊ ကိုယ့်ရဲ့ အလုပ်လုပ်နိုင်စွမ်းရည်ရဲ့ နှစ်ဆယ်ရာခိုင်နှုန်း အသုံးချ နိုင်ရင်ပဲ



www.burmeseclassic.com

www.burmeseclassic.com


ပါရမီရှင် ဖြစ်ပြီပေါ့၊ ဒါဆို ကျုပ်ကြိုးစားမှာပေါ့၊ မဖြစ်ဖြစ်အောင် ကြိုးစားမှာပေါ့``ဟု အားတက်သရော ပြောလိုက်လေ၏။

ဦးဖိုးဘက ခေါင်းညိတ်ပြီး``ဒါတောင်မှ လူသာမာန်တွေဟာ ကိုယ်ရဲ့အလုပ်လုပ်ကိုင်နိုင်စွမ်းရဲ့ ငါးရာခိုင်နှုန်းကိုတောင် အသုံးမချချင်ကြဘူးကွ၊ နေပူရင်လည်း ပူပြန်ပြီ မိုးရွာရင်လည်း ရွာပြန်ပြီ ဆိုပြီး အလုပ်တစ်ခုကို နေ့ရွှေ့ညရွှေ့ လုပ်ချင်ကြတယ်၊ဒီလိုလူမျိုးတွေဟာ ဘယ်တော့မှ မကြီးပွါးဘူးကွ၊လောကမှာအလုပ်ကို ဘယ်တော့မှ အချိန်မဆွဲနဲ့``ဟုပြောလေ၏။ ထိုအခါ မောင်မိုးက စိတ်အားထက်သန်စွာဖြင့် အလုပ်ကို ဘယ်တော့မှ နေ့ရွှေ့ညရွှေ့မလုပ်ပါဘူး၊ ကိုယ်ရဲ့ လုပ်ကိုင်နိုင်တဲ့ စွမ်းရည်ရဲ့ နှစ်ဆယ်ရာခိုင်နှုန်းကို လည်း အသုံးချပါ့မယ်`` ဟုပြောလေ၏။

လူကြီးက ခေါင်းညိတ်ပြီး``နောက်မှတ်ထားရမှာက လူတွေမှာ ငုတ်လျှိုးနေတဲ့ စွမ်းရည်တွေ ရှိတယ်ကွ၊ ဒီ စွမ်းရည်တွေ ဖော်ထုတ်ပေးရမယ်``..ဟုပြောလေရာ မောင်မိုးက စိတ်ဝင်စားဟန်ဖြင့်``ငုတ်လျှိုးနေတဲ့ အစွမ်းကို ဘယ်လို ဖော်ထုတ်ပေးရမလဲ ဟုမေးမြန်းလေ၏။ ဦးဖိုးဘဆိုသူလူကြီးက မျက်မှောင်ကြုတ်ပြီး`` လူတွေမှာ ရှိတဲ့ ငုတ်လျှိုးနေတဲ့ အစွမ်းတွေကို ဖော်ထုတ်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ ကိုယ်လုပ်နေတဲ့ အလုပ်မှာ


www.burmeseclassic.com

www.burmeseclassic.com

စိတ်နှစ်ကိုယ်နှစ် ပျော်ပျော်ကြီး လုပ်နေဖို့ပဲကွ။ လူဟာ ကိုယ့်အလုပ်ထဲမှာ နှစ်ထားရင် ငုတ်လျိုးနေတဲ့ စွမ်းရည်တွေ အလိုလို ပေါ်လာမယ်ကွ။ လူ့ ဦးနှောက်ဟာ ညှစ်လေစွမ်းရည်သတ္တိတွေ ထွက်လေပဲကွ၊ ဦးနှောက် ကို အပြည့်အဝ အသုံးမချရင် လူ့ရဲ့ စွမ်းရည်ဟာ တဖြည်းဖြည်းညံ့ လာ တတ်တယ်။ အလုပ်ထဲကို စိတ်ရောကိုယ်ပါ နှစ်ထားတဲ့လူဟာ အလုပ်ကို အောင်မြင်အောင် လုပ်မဲ့နည်းလမ်းတွေကို တဖြည်းဖြည်း ပိုမြင် လာတတ် တယ်၊ ဒါဟာ အောင်မြင်ရေး ရဲ့လမ်းစပဲကွ``ဟု ပြောလေ၏။

မောင်မိုးက စိတ်ဝင်စားဟန်ဖြင့်``အလုပ်ထဲမှာ စိတ်နှစ်ကိုယ်နှစ်လုပ်ကိုင် မယ်ဆိုရင် အောင်မြင်အောင်လုပ်မဲ့ နည်းလမ်းတွေကို တဖြည်ဖြည်း မြင် လာမယ်ဟုတ်လား``ဟုမေးမြန်းလေရာ ဦးဖိုးဘက ခေါင်းညိတ်ပြီး`` အလုပ်ကို စိတ်နှစ်ကိုယ်နှစ် ပင်ပင်ပန်းပန်း လုပ်မှ ကြီးပွါးချမ်းသာမယ်ကွ၊ အလုပ်ကို စိတ်နှစ်ကိုယ်နှစ် မလုပ်ဘဲ ကံကြမ္မာကြောင့် ကြွယ်ဝချမ်းသာ လာသူဟာ အချိန်မတိုင်မီ ကျဆုံးသွားမှာပဲကွ၊ လောကမှာ အအောင်မြင် ဆုံး လူတွေဟာ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ပြီးမှ ကြွယ်ဝချမ်းသာ လာ သူ တွေချည်းပဲ၊ လူဟာ မကြိုးစားပဲနဲ့ ဘယ်တော့မှ အောင်မြင်မှု မရနိုင် ဘူးကွ၊ ဒါ လောကရဲ့ အမှန်တရားပဲ၊ ဒီနေ့တော့ ဒီလောက်နဲ့ပဲ ပြောချင်


www.burmeseclassic.com

www.burmeseclassic.com


တယ်။ ငါ့ စိတ်တွေကို ဗလာဟင်းလင်း လုပ်ဖို့ အချိန်ရောက်ပြီကွ``ဟု ပြောလေ၏။ မောင်မိုးက နားမလည်ဟန်ဖြင့် ဦးဖိုးဘကို ကြည့်လိုက်ပြီး ``ဗလာဟင်းလင်း လုပ်ရမဲ့ အချိန်ရောက်ပြီ ဟုတ်လား၊ ဗလာဟင်းလင်း ဆိုတာ ဘာလဲ``ဟုမေးမြန်းလေ၏။ဦးဖိုးဘက ``ဗလာဆိုတာ ရင်ထဲမှာ ဘာမှ မရှိအောင် ထားတာကို ဆိုလိုတယ်ကွ၊ ဗလာဟာ ဘာမှ မရှိပေမဲ့ အရာရာ ရှိနိုင်တယ်၊ အရာအားလုံး ရှိနေတယ်လို့လည်း အဓိပ္ပါယ်ရတယ် ဟုပြောလေရာ မောင်မိုးက ခေါင်းကုတ်ပြီး``ဦးလေးပြောတဲ့ ဗလာဆိုတာ ကျုပ် နားမလည်ဘူး၊ကျုပ်တော့ အမြန်ဆုံးသူဌေး ဖြစ်အောင်ပဲ ကြိုးစား တော့မယ်``ဟုပြောကာ ဦးဖိုးဘထံမှ ထွက်ခွါလာလေ၏။ ဦးဖိုးဘက မောင်မိုး နောက်ကျောကို ကြည့်ပြီး ``ဟား ဟားဟား.. သူဌေးလောင်း လေးရေ..နောက်နေ့လာခဲ့ဦးနော်``ဟုအော်ဟစ်ပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးသည် ဦးဖိုးဘနှင့် တွေ့ပြီးနောက်သူ၏ကျဆင်းနေသော စိတ်များ ပြန်လည်တက်ကြွလာ၏။ ထိုကြောင့် ကားဂိတ်တွင် ဈေးပြန်ရောင်းသည့် အခါ၌ ယခင်က ကဲ့သို့ပင် တက်တက်ကြွကြွ ပြန်လည် ရောင်းချလေ၏။ ဈေးရောင်းရင်း ကားရှင်းသွားသောအခါ ဈေးသည်များသည်ခဏတဖြုတ် အမောအပန်း ဖြေကြလေ၏။ ထိုသို့ အနားယူနေခိုက် ဈေးသည်များစုပြီး ရောက်တတ်ရာရာ စကားများကို ပြောဆိုနေလေ့ရှိသော်လည်း မောင်မိုး





www.burmeseclassic.com

www.burmeseclassic.com

ကမူ မိမိဘဝ တိုးတက်ရေးအတွက် ဦးဖိုးဘ သင်ကြားပေးသော သင်ခန်းစာများကို တွေးတောနေမိ၏။ ဒေါ်ဘုမဆိုသော မိန်းမကြီးက ``ငါတို့ ဘဝပဲ အေးပါတယ်လေ ရှိတာလေးနဲ့ ဂအောင်စားပြီး ရောင့်ရဲတင့်တိမ်တော့ စိတ်ချမ်းသာတာပေါ့၊သူဌေးတွေကတော့ ငွေ နောက်ကို လောဘတကြီး လိုက်နေတော့ တစ်ချိန်လုံး ပူလောင်ပြီး စိတ် ချမ်းသာမှာ မဟုတ်ဘူး'' ဟုပြောလေရာ ကျန်ဧည့်သည်များက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြီး ချမ်းသာသူများ၏ စည်းစိမ်ဥစ္စာများသည် သေလျှင်သူတို့နောက် မပါနိုင်ကြောင်း ၊လောဘဒေါသကြီး သူများသေရင် ငရဲရောက်နိုင်ကြောင်း ပြောဆိုလေရာ မောင်မိုးသည် သူဌေးဖြစ်ချင်စိတ်များ ပျောက်ကွယ်လုဖြစ်သွားလေ၏။ သူဌေးဖြစ်လျှင် စိတ်ထဲတွင် ပူလောင်ဆင်းရဲစွာ နေထိုင်ရမည်ဆိုပါလား။ ချမ်းသာကြွယ်ဝ သူများ ဘဝငရဲ ရောက်ရမည် ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းအချိန်၌ ဦးဖိုးဘနှင့် တွေ့ဆုံသောအခါ ချမ်းသာကြွယ်ဝသူများ စိတ်ဆင်းရဲမှုတွေရှိကြတယ် ဆိုတာ တကယ်ပဲလား``ဟု မေးမြန်းလေရာ ဦးဖိုးဘက``ချမ်းသာခြင်း နဲ့ စိတ်ဆင်းရဲခြင်းဟာ ဘာမှ မဆိုင်ပါဘူးကွာ၊ လူနဲ့ပဲ သက်ဆိုင်ပါတယ် ချမ်းသာတဲ့လူဟာ ဘဝ ရည်မှန်းချက်ကြီးတယ်၊ ချမ်းသာဖို့ အတွက် အာရုံစိုက်တယ်၊ ချမ်းသာမဲ့ နည်းလမ်းတွေကို မပြတ် ရှာဖွေတယ်။ဒါကြောင့် သူတို့ဟာ စိတ်ဖိစီးမှု ပိုများပြီး ဆင်းရဲထက်သူတွေ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ချမ်းသာမှု နည်းပါးတယ် ဆိုတာကလည်း ဖြစ်နိုင် ကောင်းပါတယ် ချမ်းသာသူတွေဟာ အတားအဆီးတွေကို ကျော်လွှန်နိုင်ဖို့ ကြိုးစားရင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ရလာကြတယ်။ ဒါဟာ ဘဝအတွက် အကျိုးရှိတဲ့ အရာတွေပဲ။ ချမ်းသာသူတွေဟာ ဖိစီးမှုတွေ များလွန်းလို့ စိတ်ဆင်းရဲမှု ရှိသလို ဆင်းရဲတဲ့သူတွေလည်း မပြည့်စုံမှုအတွက် ဘဝမှာ အခက်အခဲတွေနဲ့ နပန်းလုံး နေရတာပဲ၊ ဆင်းရဲလို့ ဘဝ လိုအပ်ချက်တွေ မဖြည့်စည်းနိုင်ရင်လည်း စိတ်ဆင်းရဲမှုတွေကို ကြုံတွေ့ရနိုင်တယ် သုတပါးရဲ့ အထင်အမြင် သေးမှုတွေ အနိုင်ကျင့် စော်ကားမှုတွေလည်း ကြုံတွေ့ရနိုင်တယ်။နောက်ဆုံးတော့ မကျန်းမာလို့ ဆေးကုချင်ရင်တောင် ပိုက်ဆံမရှိလို့ ဆေးမကုနိုင်ရင်တောင် စိတ်ဆင်းရဲကြ ရမှာပဲကွ။ ငွေဟာ ဒုတိယ ဘုရားသခင်လို့တောင်တင်စား ဆိုကြတာပဲကွ။ ငွေကြေးချမ်းသာ ကြွယ်ဝတဲ့ သူတွေဟာ ဘဝမှာ လိုအပ်ချက်တွေကို ငွေကြေးအားကိုးနဲ့ ဖြေရှင်းနိုင်လို့ စိတ်ချမ်းသာရာကို ရနိုင်ပါတယ်။ ငွေကြေးမနကိုအသုံးချပြီး အဖြူကနေ အမည်းဖြစ်သွားအောင် လုပ်နိုင်တယ်။ ဆင်းရဲတဲ့ သူတွေဟာ ချမ်းသာတဲ့ လူတွေကို မနရှင်တွေလို့ စွတ်စွဲတတ်ကြပါတယ်။ဒါပေမဲ့ ငွေ လိုအပ်လာရင် မနရှင်တွေဆီကပဲ ငွေကို အသနားခံပြီး ချေးရငှါးရတာပဲ မဟုတ်လား``ဟုပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောင်မိုးသည် ဦးဖိုးဘ၏ ပထမဆုံး သင်ခန်းစာအတိုင်း အလုပ်
ာ စိတ်နှစ်ကိုယ်နှစ်ပျော်ပျော်ကြီးဝင် လုပ်ကိုင်နေလေ၏။ ထိုသို့လုပ်
း အလုပ်ထဲတွင် စိတ်နှစ်ကိုယ်နှစ် လုပ်ကိုင်လာသောကြောင့် ပင်
င့် ပတ်သက်နေသော အားနည်းချက်၊ အားသာချက်များကို ပိုမို
ပြီး သိမြင်လာလေ၏။ ထိုကြောင့်ပင် သူ၏ ဈေးရောင်းဈေးဝယ်
များ ပိုမို တိုးတက်လာ၏။ မည်သို့ပင်ဖြစ်စေ သူ၏ ဘယာကြော်



www.burmeseclassic.com

www.burmeseclassic.com


ရောင်းချသော အလုပ်ဖြင့် တစ်နေ့လျှင် ငွေတစ်မူးမျှသာ စုဆောင်းနိုင် တစ်မူးမျှသော အသပြာ စုဆောင်းရုံ ဖြင့် ကြွယ်ဝချမ်းသာသော ဘ မရရှိနိုင်ချေ။

တစ်နေ့ကို ငွေတစ်မူးမျှ စုဆောင်းမိရုံဖြင့် သူဌေးသူကြွယ် မဖြစ်နိုင် ရိပ်စားမိသဖြင့် ဝင်ငွေတိုးတက်စေဖို့ လုပ်ငန်း ပြောင်းလဲ လုပ်ကိုင် ကြံစည်မိ၏။ ထိုနောက် ဦးဖိုးဘနှင့် ဆုံသောအခါ ``ဦးလေးရေ တော့ အလုပ်ပြောင်းပြီး လုပ်ချင်နေပြီ၊ ဘာအလုပ်လုပ်ရင် ကောင်း ဟုမေးမြန်းလိုက်၏။ ဦးဖိုးဘက ခေါင်းညိတ်ပြီး``အလုပ်ထဲမှာ စိ ကိုယ်နှစ် ပျော်ပျော်ကြီး လုပ်ကိုင်နေရင် အလုပ်နဲ့ ပတ်သက်တဲ့ အ သစ် အမြင်သစ်တွေ ရလာတတ်တယ်၊ မင်းအလုပ်နဲ့ ပတ်သက်တဲ့ လမ်းသစ်တွေလည်း မြင်လာပုံရတယ်``ဟုဆိုလိုက်လေရာ မောင် သက်ပြင်းချလိုက်ပြီး``ငွေတစ်မူးစုရုံနဲ့ သူဌေးဖြစ်ဖို့ မလွယ်ဘူးဦး ကျုပ် ဘယ်အလုပ်ကို ပြောင်းလုပ်ရင်ကောင်းမလဲ``ဟုမေးမြန်းလိ ဦးလေးက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး``ငါ့ကို မမေး ငါသိရင်တောင် မင်းကို ပြောမပြနိုင်ဘူး၊ မင်းအလုပ်ထဲမှာ စိတ်ရော ပါ နှစ်ပြီးလုပ်ကိုင်နေရင် သဘာဝလောကကြီးက မင်းအတွက်အ



www.burmeseclassic.com

www.burmeseclassic.com

ဘစ်ခုကို လမ်းညွှန်ပြသလိမ့်မယ်ကွ၊ လောကကြီးကို ရင်ဆိုင်မယ်ဆိုရင်
ာက်သီးဆုပ်ပြီး ရင်ဆိုင်မဲ့ အစား လက်ဖဝါးဖြန့်ပြီး ရင်ဆိုင်ပါ``ဟုပြော
ဆရာ မောင်မိုးက စိတ်လှုပ်ရှားစွာဖြင့် ``ဘာ..လက်သီးဆုပ်ပြီး ရင်ဆိုင်
အစား လက်ဖဝါးဖြန့်ပြီး ရင်ဆိုင်ပါ``ဟုပြောလေ၏။ ထိုအခါ ဦးဖိုးဘာက
လောကကို ရင်ဆိုင်တဲ့ အခါမှာ အင်အားစိုက်ထုတ်ပြီး ရင်မဆိုင်ရဘူး
၊ အားစိုက်ထုတ်ခြင်းဟာ အပေါ်ယံပဲ၊ အတွင်းထဲကို မရောက်ဘူး၊ ဒီလို
သဘောတရားတွေကို ရှင်းပြရတာ နက်နဲလွန်းပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ်
အလုပ်ကို ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်နှစ်ကိုယ်နှစ် လုပ်မယ်ဆို
အောင်မြင်မဲ့ နည်းလမ်းတွေ သူ့အလိုလို တွေ့လာပါလိမ့်မယ်၊ အလုပ်ထဲ
 စိတ်နှစ်ကိုယ်နှစ် မလုပ်ဘဲ အောင်မြင်ဖို့ ကြိုးစားတာကို ကောင်းကင်
 ခုပ်ကြယ်ကို ခူးဆွတ်ဖို့ကြိုးစားတာနဲ့ အတူတူပဲကွ၊ ဒီလို လူမျိုးဟာ
ဘရ စွမ်းရည်သတ္တိတွေ ရလာလိမ့်မယ်``ဟုပြောလေ၏။

အခါ မောင်မိုးက ``ကျုပ် ငယ်ငယ်တုန်းက အလာဒင်မီးခွက်စောင့်တဲ့
သူနဲ့ တွေ့ပြီး လိုတာရစွမ်းရည်သတ္တိတွေ ရရင်ကောင်းမယ်လို့ စိတ်
သည်ခဲ့ဖူးတယ်``ဟုရယ်မောပြီး ပြောဆိုလေ၏။ဦးဖိုးဘာကသက်ပြင်းချ
``အလုပ်ထဲမှာ စိတ်ကိုနှစ်ပြီး ပျော်ပျော်ကြီးလုပ်လိုက်တာနဲ့ အလာဒင်


www.burmeseclassic.com

www.burmeseclassic.com


အဆက်အသွယ်တွေ၊ ကူညီ ထောက်ပံ့ပေးမဲ့ သူတွေအများကြီး လိုတယ်၊ ကိုယ်ဖြစ်ချင်တာကို အချိန်တိုလေးအတွင်း ဘယ်ဖြစ်နိုင်ပါ့မလဲကွာ၊ စိတ်ရှည်သည်းခံဖို့ လိုတယ်ပေါ့၊ ကိုယ်ဖြစ်ချင်တာကို တစ်ဆင့်ချင်း ဖြစ်အောင်လုပ်ရမယ်ကွ``ဟုပြောလေ၏။ မောင်မိုးက သက်ပြင်းချပြီး

``ဒါဆိုရင်တော့ ကျုပ်သူဌေးဖြစ်ဖို့ အချိန်တွေ အများကြီး ကြာနေဦးမယ်ပေါ့``ဟုပြောလေရာ ဦးဖိုးဘက ခေါင်းညိတ်ပြီး``ဘာဖြစ်လို့ အရင်လို နေတာလဲ ကွ၊ လောကမှာ မင်းအတွက် အချိန်တွေအများကြီးရှိသေးတယ် ကိုယ်လုပ်နေတဲ့ အလုပ်ကနေ တစ်ဆင့်ချင်း ပြောင်းလဲဖို့ ကြိုးစားပါကွာ၊ ဒီနေ့ မင်းရဲ့ အစွမ်းက သေးငယ်ရင် သေးငယ်နေမယ်၊ ကိုယ့်ကိုယ်ကိုယ်သာ ယုံကြည်ပြိုင်ဖို့ ကြိုးစားစမ်းပါ၊ ကိုယ့်အရည်အချင်း မြင့်တက်လာလိမ့်မယ် ကိုယ်လုပ်မဲ့အလုပ်ကို စိတ်နှစ်ကိုယ်နှစ်သာ လုပ်ကိုင်ခဲ့ရင် တစ်နေ့နေ့ ကိုယ်ရောက်တဲ့ နေရာက ပြန်ကြည့်ရင် ကိုယ့်ထက်မြင့်မားပါတယ် ဆိုတဲ့ သူတွေတောင် ကိုယ့်အောက်ရောက်နေတာ မြင်ရလိမ့်မယ်``ဟုပြောလေရာ မောင်မိုးသည် ဦးဖိုးဘ၏ စကားကြောင့် စိတ်အားတက်ကြွ သွားပြီး ထိုနေရာမှ ပြန်ရန်ပြင်ဆင်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုးဘက မောင်မိုး၏ အမူအယာကို ကြည့်ပြီး ရယ်မောကာ ``မင်းကို ကြည့်ရတာ ပြဿနာရပ် တစ်ခုပေါ်တိုင်း ငါ့ဆီကို ပြန်လာပြီး ငါ့ဆီက ကျေနပ်လောက်တဲ့ အဖြေ တောင်းတယ်၊ ငါက အဖြေတစ်ခုပေးလိုက်ရင် ကျေနပ်ပြီး မင်း ပြန်သွားတယ်၊တစ်နေ့နေ့ မင်းကျေနပ်လောက်တဲ့ အဖြေ မပေးနိုင်တဲ့နေ့ ရောက်ရင် မင်း စိတ်ပျက်သွားလိမ့်မယ် ၊ တကယ်တော့ ကြီးပွါး ချမ်းသာချင်တဲ့သူဟာ ဖွဲ့ရှိရမယ်ကွ၊ ဖွဲ့ဟာ သိပ်အရေးကြီးတယ်``

ဟုပြောလေ၏။မောင်မိုးသည် ထိုအချိန်မှစပြီး မိမိအလုပ်ကို စိတ်နှစ်ကိုယ်နှစ် လုပ်ကိုင်ပြီး ဘဝတိုးတက်ရန် နည်းလမ်းကို ရှာကြံလေတော့၏။ထိုသို့ ရှာကြံရင်း မိမိလုပ်ငန်း တိုးတက်ရန် နည်းလမ်းများကို အစဉ်အမြဲ ရှာကြံ နေလေ၏။


www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့သ၌ အဘိုးကြီး ရန်ကနားက ဗယာကြော် အိုးထဲသို့ မုန့်နှစ်များ
ထည့်ရင်း ``ဗယာကြော် ကြော်တာထက် စမူဆာကို ပို ကြော်ချင်တာ
စမူဆာကို မြို့ကြီးတွေမှာ လူတွေ ပိုစားတယ်ကွ`` ဟု ပြောရာ စမူဆာ
မမြင်ဘူးသော မောင်မိုးက မျက်မှောင်ကြုတ်ပြီး ``စမူဆာ ဆိုတာ ဘာလဲ
ရန်ကနား`` ဟုမေးမြန်းလိုက်၏။ ရန်ကနားကခေါင်းညိတ်လိုက်ရင်း
``မင်းကို မနက်ဖြန်စမူဆာ ကြော်ပြမယ်၊ငါ့ဆီကိုစောစော ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့``ဟုပြောလေ၏။ မောင်မိုးသည် ရန်ကနားပြောသော စမူဆာကို စိတ်ဝင်စားစွာဖြင့် တစ်ညလုံး အိပ်မပျော်နိုင်အောင် ဖြစ်နေလေ၏။

သူသည် နောက်တစ်နေ့သို့ ရောက်သောအခါ ကားဂိတ်တွင် ဗယာကြော် ရောင်းသောအလုပ်ကို လက်စသတ်ပြီး ရန်ကနားထံသို့ ထွက်ခဲ့လေ၏။ ရန်ကနားထံသို့ ရောက်သောအခါ အဘိုးကြီးရန်ကနားက ကတိအတိုင်း စမူဆာကြော်ပြရန် ပြင်ဆင်လေ၏။ရန်ကနားက စမူဆာကြော်သည့်နည်း လမ်းကို မောင်မိုးအား စိတ်ရှည်လက်ရှည် ရှင်းလင်းပြလေ၏။

``စမူဆာ ကြော်ဖို့အတွက် ဂျုံကို အစေးပေါက်အောင် နဲ့ပြီး တစ်လိမ့်တုံး နဲ့အပြားလေး တွေ ဖြစ်အောင် လုပ်ရတယ်၊ ဂျုံ အပြားလေးတွေ ဖြစ်သွား ပြီ ဆိုရင် ဆားနဲ့ ပဲစိမ်းမှုန့် နည်းနည်း ရောပြီး တလိမ့်နဲ့ ထပ်လှိမ့် ပေးရ တယ်၊ အနေတော် လောက်ဖြစ်သွားရင် စမူဆာတစ်ခု ကြော်ဖို့ ချိန်ဆပြီး လှီး ရတယ်၊ လှီးပြီးတဲ့ ဂျုံကို အပြားလေးတွေ ဖြစ်အောင် တလိမ့်တုံးနဲ့ လှိမ့် လိုက်တဲ့ အခါ စမူဆာကြော်ဖို့ အနေတော် အပြားလေးတွေ ဖြစ်လာ လိမ့်မယ်၊ ဒီအပြားလေးတွေ ထဲမှာ အာလူးကြက်သွန် ၊မဆလာ ရောနှော ထားတာ ထည့်ပြီး စမူဆာပုံစံ ကတော့ထိုးပြီး ကြော်ရပါတယ်၊ ကြော်တဲ့ နေရာမှာ အသားတစ်မျိုးမျိုး ပါရင်တော့ ပိုကောင်းတာပေါ့ကွာ၊ လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

စမူဆာလုပ်ရတာ နည်းနည်းကြာပေမဲ့ နောက်ပိုင်း အလေ့အကျင့် ရလာရင် တစ်နေ့ကို စမူဆာ သုံးလေးရာ အသာလေး လုပ်နိုင်တယ်ကွ၊ အဓိကက ကိုယ်လုပ်တဲ့ အလုပ်ကို စေတနာ ထားပြီး လုပ်ဖို့ပဲကွ``ဟုပြောလေတော့၏။

မောင်မိုးသည် ရန်ကနားထံမှ စမူဆာကြော်သည့် နည်းလမ်းကို ကြားသိပြီးနောက် ကုလားကြီးထံမှ ဗယာကြော်များကို ယူပြီး မြို့ပြင်ကားဂိတ်၌ ရောင်းချမည့်အစား စမူဆာကို ကိုယ်တိုင်ကြော်ပြီး ရောင်းလျှင် အမြတ်အစွန်း ပိုမို ရရှိနိုင်ကြောင်း တွက်ဆမိလေ၏။ထိုကြောင့် ရန်ကနား၏အားခွင့်တောင်းရာ ကုလားကြီးက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး

``ဟားဟား.. လောဘသားလေးပါလား၊ မြို့ပြင်မှာ စမူဆာကို ကိုယ်တိုင်ကြော်ရောင်းပြီး ငါ့ကို ယှဉ်ပြိုင်တော့ မှာလားကွ၊ အကြံတူရင် ရန်သူတွေဖြစ်သွားမယ်နော်``ဟုဆိုလိုက်ရာ မောင်မိုးက ခေါင်းခါပြီး

``ကျုပ်က မြို့ပြင်ကားဂိတ်မှာ ရောင်းမှာ၊ ရန်ကနားက မြို့ထဲမှာ ရောင်းမှာ၊ အဝေးကြီးပါဗျာ။ဘယ်လိုလုပ်ပြီးတော့ အကြံတူ ရန်သူ ဖြစ်နိုင်မှာလဲ``ဟုငြင်းဆိုလေ၏။ မောင်မိုး၏ စကားကြောင့် ရန်ကနားက ရယ်မောပြီး

``ဟားဟားဟား.. မင်းကိုငါ ကျီစားတာပါကွာ၊ စမူဆာတွေကို ငါကြော်င်း



www.burmeseclassic.com

www.burmeseclassic.com


ကောင်း လှုပ်တတ်ပေမဲ့ ဗယာကြော်ပဲ ရောင်းမှာပါကွာ၊ ဗယာကြော်က ငါ့ငယ်ချစ်ဦးလို ဖြစ်နေပြီကွ``ဟုပြောဆိုလေရာ`မောင်မိုးသည် စမူဆာကို ကိုယ်တိုင်ကြော်ရောင်းရန် လွန်စွာ စိတ်အားထက်သန်သွားလေ၏။

မောင်မိုးသည် စမူဆာကြော် ရောင်းချရန် လွန်စွာ စိတ်အား ထက်သန်နေသဖြင့် ရန်ကနား ထံတွင် စမူဆာကြော်မည့် နည်းလမ်းများကို သေချာစွာ မေးမြန်းလေ၏။သူသည် ဗယာကြော်ကို ကိုယ်တိုင်ကြော်ပြီး အမြန်ဆုံး စရောင်းရန် ဆုံးဖြတ်လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


မောင်မိုးသည် နောက်တစ်နေ့ နံနက်မှာပင် ဘယာကြော် ရောင်းချရန် လိုအပ်သော ပစ္စည်းများကို ဈေးကြီး၌ သွားရောက်ဝယ်ယူလေ၏။ထိုနောက်သူ၏ ဆရာဖြစ်သူ ဦးဖိုးဘ ရှိနေသော ဘုရားကြီး ဇရပ်သို့ သွားရောက်ပြီး ဗယာကြော် ရောင်းမည့် အကြောင်းကို ပြောပြလေ၏။ထိုအခါ ဦးဖိုးဘက

``ဗယာကြော်ကို ကုလားကြီး ရန်ကနားဆီက ဝယ်ပြီး ရောင်းတာနဲ့စာရင် စမူဆာကို ကိုယ်တိုင် ကြော်ရောင်းတာ ပိုမြတ်စွန်းမှာ သေချာတယ်၊ ဘာ


www.burmeseclassic.com

www.burmeseclassic.com

ဲလုပ်လုပ် ကိုယ်လုပ်တဲ့ အလုပ်ကို အကောင်းဆုံး လုပ်မယ် ဆိုတဲ့ စိတ်မျိုးနဲ့ လုပ်မယ် ဆိုရင် အောင်မြင်တာပဲကွ၊ အလုပ်ထဲမှာ စိတ်နှစ်ပြီး လုပ်မယ် ဆိုရင် အလုပ်နဲ့ ပတ်သက်ပြီး ပိုကောင်းတဲ့ အကြံအစည်တွေ ရလာနိုင်တယ်ကွ၊ အလုပ်ကို စိတ်နှစ်ကိုယ်နှစ် မလုပ်ဘူး ဆိုရင်တော့ မင်းရဲ့ အလုပ်ဟာ တိုးတက်မှု မရှိဘဲ တဖြည်းဖြည်း ကျဆုံးသွားမှာပဲကွ ဟု မှာကြားလေ၏။ မောင်မိုးသည် ဦးဖိုးဘ၏ စကားများကို သေချာစွာ မှတ်သားထားလေ၏။

မောင်မိုးသည် နောက်တစ်နေ့မှစပြီး မြို့ပြင်ကားဂိတ်တွင် စမူဆာ ရောင်းရန် ပြင်ဆင်လေ၏။ သူသည် စမူဆာရောင်းရန် ပထမဆုံးကြုံရသော အခက်အခဲမှာ စမူဆာကြော်ရန် လိုအပ်သော ဒယ်အိုး၊မီးဖို အစရှိသော ပစ္စည်းများကို မြို့ပြင်ကားဂိတ်သို့ သယ်ဆောင်ရန် ဖြစ်၏။ ထိုပစ္စည်းများကို သယ်ဆောင်ရန် အတွက် မြင်းလှည်းတစ်စီးကို ငှါးရမ်းရပေမည်။ ထိုသို့ ငှါးရမ်းမည်ဆိုလျှင်ပင် မနက်စောစော မြင်းလှည်းငှါးရန် အခက်အခဲ ရှိနေပေဦးမည်။ နောက်ဆုံးတွင် ဈေးရောင်းရန် တွန်းလှည်းတစ်စီး ရှိရန်လိုကြောင်း တွေးမိလေ၏။ထိုကြောင့်ပင် တွန်းလှည်းကို လိုက်လံရှာဖွေရာ ယခင် မြို့လယ်ဈေးကြီးတွင် မုန့်ဟင်းခါး ရောင်းလေ့ရှိသောအဘိုး



စီးအိမ်

www.burmeseclassic.com

www.burmeseclassic.com

ကြီး၏ တွန်းလှည်း အစုတ်ကြီး တစ်စီးကို သွားတွေ့လေ၏။ ထိုအဘိုးကြီ သည် အသက်ကြီးရင့်ပြီး မုန့်ဟင်းခါး မရောင်းနိုင်တော့သဖြင့် တွန်းလှည် အစုတ်ကြီးကို ဈေးပေါပေါဖြင့် ရလိုက်လေ၏။

မောင်မိုးသည် စမူဆာကြော်ရန်ပစ္စည်းများ စုံလင်သွားသဖြင့် နောက်တ နေ့မှာပင် ဆိုင်ထွက်ရန် ဆုံးဖြတ်လိုက်လေ၏။ မောင်မိုးသည် နောက်နေ နံနက်တွင် အိပ်ယာမှ စောစောထပြီး စမူဆာများကို စတင်ကြော်လေ သူ၏ စမူဆာကို ဆိတ်သားအနည်းငယ်နှင့် အာလူး၊ ကြက်သွန်၊ မဆလာ စသည်ဖြင့် စားလို့ကောင်းအောင် စီမံလေ၏။ ထိုနောက် စမူဆာကြော် လိုအပ်သော ပစ္စည်းများကို လှည်းပေါ်တင်ပြီး မြို့ပြင်သို့ လှည်းကြီး တွန်းခဲ့လေ၏။မြို့ပြင်ကားဂိတ်ရှိ အရိပ်ရသော သစ်ပင်ကြီးအောက်၌ တန့်ပြီး စမူဆာများကို စတင်ကြော်လေ၏။ မောင်မိုး စမူဆာကြော်နေ သူ၏ ဈေးရောင်းဖော်များ ရောက်ရှိလာပြီး မောင်မိုးကို တစ်ယောက် ပေါက် ပေဖန်ကြကုန်၏။မောင်မိုးသည် စမူဆာကြော်ပြီးသောအခါ မိ တစ်ယောက် တစ်ပေါက် ပေဖန်နေသော ဈေးသည်များကို စမူဆာ ကျွေးမွေးလေရာ ဈေးသည်များသည် စမူဆာကို မြည်းစမ်းကြည့်ပြီ သက်ကြောင်း ချီးမွမ်းကြလေ၏။ ခဏကြာလျှင် လော်ရီကားကြီး



ဘဝ မီးအိမ်

www.burmeseclassic.com

www.burmeseclassic.com

ထိုးရပ်လာပြီး မောင်မိုး၏ စမူဆာများကို ဂယ်ယူလေ၏။ မောင်မိုးသည် သူ၏ စမူဆာများကို ပထမဆုံးနေ့အနေဖြင့် ပိုက်ဆံမယူဘဲ အခမဲ့ ကျွေးမွေးရန် ဆုံးဖြတ်ထားလေရာ ဒရိုင်ဘာနှင့်စပါယ်ရာကိုပိုက်ဆံပင် မယူဘဲ ကျွေးမွေးလေရာနှစ်ယောက်စလုံးက စမူဆာများ ရောင်းကောင်းပါစေ ဟု ဆုတောင်းပေးကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးသည် နောက်တစ်နေ့မှစပြီး စမူဆာများကို အခကြေးငွေယူ
ရောင်းချလေရာ ပထမဆုံးနေ့မှာပင် အမြတ်အစွန်းများ ထွက်ခဲ့လေ
သူသည် ရန်ကနားထံမှ ဗယာကြော်များ ရောင်းချရသည်ထက်ပင် ပို
အမြတ်အစွန်းများ ရရှိခဲ့လေ၏။ မောင်မိုးသည် ဆရာဦးဖိုးဘ၏ သင်ကြာ
ချက်များအတိုင်း မိမိအလုပ်ထဲတွင် စိတ်ကို နှစ်ပြီး ကြိုးစားပမ်းစား
ကိုင်လေရာ အလုပ်နှင့် ပတ်သက်ပြီး အကြံသစ်များ ရရှိလေ၏။ ထိုအ



www.burmeseclassic.com

www.burmeseclassic.com


သစ်များအရ စမူဆာကို ဆိုင်တွင် ထိုင်ပြီး စားသုံးနိုင်ရန် စားပွဲခုံ၊ခွေးခြေနှင့် ရေနွေးကြမ်းအိုး၊အချဉ်ရည်တို့ကို ပြင်ဆင်ထားလေ၏။

မောင်မိုး စမူဆာကြော်သော နေရာသည်အရိပ်ကောင်းစွာ ရရှိသောနေရာ၌ တည်ရှိသဖြင့် တဖြည်းဖြည်း အကြော်စားသူများနှင့် စည်ကားစပြုလာလေ၏။ မောင်မိုးသည် မိမိဆိုင်ကလေးတွင် လူစည်ကားစပြုလာသဖြင့် စမူဆာ သာမက ဗယာကြော်နှင့် အာလူးကြော်ကိုပါ ပူးတွဲကြော်ပြီးရောင်းချလေ၏။ထိုအခါ စားသောက်သူများ တဖြည်းဖြည်းစည်ကားလာလေ၏။ ထို့ပြင် စမူဆာကို ကျွတ်ရွနေစေရန် တစ်နေ့ကို နှစ်ကြိမ်မျှ ကြော်လေ၏။ ထိုကြောင့်ပင် သူ၏ စမူဆာကို နှစ်သက်သူ များပြားပြီး ဝင်ငွေတိုးပွါး ခဲ့ရလေတော့၏။ မိမိ လုပ်ငန်း အောင်မြင်သည့် သတင်းကို သူ၏ ဆရာဖြစ်သူ ဦးမိုးဘကို ပြောပြလေ၏။

ထိုအခါ ဦးမိုးဘက ``ပိုက်ဆံကို ကျစ်ကျစ်ပါအောင် စုဆောင်းထားကွ၊ ပိုက်ဆံစုဆောင်းပြီး သူဌေးမဖြစ်နိုင်ပေမဲ့ လိုအပ်တဲ့အခါ အရင်းအနှီးဖြစ်နိုင်တယ်ကွ၊ ကြီးပွါးချမ်းသာချင်တဲ့ သူဟာ ငွေကို အကျိုးမဲ့ မဖြုန်းတီးပစ်ရဘူး၊ပိုက်ဆံကို မစုဆောင်းတဲ့သူဟာ ဖြုန်းတီးတဲ့ အကျင့်ရသွားနိုင်တယ် ပိုက်ဆံကို သုံးကာနီးရင် တကယ်လိုအပ်လို့ သုံးတာလားလို့ သုံးသပ်နိုင်ရ


www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ငွေကို ပညာရေးနဲ့ ကျန်းမာရေး ကိစ္စကလွဲလို့ ခြွေတာပြီး အသုံးပြ
သင့်တယ်၊ ပိုက်ဆံကို အတိုင်းအဓမဲ့ သုံးစွဲတဲ့သူဟာ အကျင့်စရိုက်ပျက်ပြာ
နိုင်တယ်ကွ``ဟု မှာကြားလေ၏။ မောင်မိုးသည် ဆရာဦးဖိုးဘ သင်ကြာ
ထားသည့်အတိုင်း မိမိ အလုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပြ
လုပ်ကိုင်လေရာ မောင်မိုး၏ စမူဆာကောင်းသတင်းသည် မြို့ထဲရှိ လူမျာ
ထံသို့ ရောက်ရှိသွားလေ၏။ မောင်မိုးသည် သူ၏ စီးပွါးရေး အလုပ်များက
လုပ်ကိုင်သော်လည်း ဘုန်းကြီးကျောင်းသား ဖြစ်သဖြင့် ကျောင်း၏အလု
များကို မပျက်မကွက် လုပ်ကိုင်ပေးလေ၏။





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မောင်မိုး၏စမူဆာရောင်းသော ဆိုင်ကလေးသို့ ယောဂီဂတ် အမျိုးသမီးများ ရောက်ရှိလာပြီး စမူဆာများ ဝယ်ယူစားသောက်လေ၏။

မောင်မိုးသည် အမျိုးသမီးများ စားသုံးရန် စမူဆာများကို တို့စားရန် အချဉ် နှင့်တကွ သန့်ပြန့်စွာ ပြင်ဆင်ပြီး ကျွေးမွေးလေ၏။ ယောဂီဂတ်အမျိုးသမီး များအနက် ဒေါ်လှလှဆိုသောအမျိုးသမီးက ``စမူဆာလေးက ကျွတ်ရှပြီး အရသာ ရှိလိုက်တာအထဲက ဆိတ်သားနဲ့ အာလူးတွေကလည်း စားလို့


www.burmeseclassic.com

www.burmeseclassic.com

ကောင်းတယ်၊ နောက်လ ပရိတ်ပွဲ လုပ်ရင် လမင်း လက်ဖက်ရည်ဆိုင်က... လက်ဖက်ရည်နဲ့ မုန့် မကျွေးတော့ဘူး။ သူတို့ဆိုင်က ဘာတစ်ခုမှမစွံတော့ဘူး" ဟုပြောလေရာ မောင်မိုးက ယောဂီဂတ် အမျိုးသမီးများကို ဖော်ရွေသော အမူအယာဖြင့် ခေည့်ခံပြီး ပရိတ်ပွဲအတွက်စမူဆာကို အကောင်းဆုံး ဖြစ်အောင်ပြုလုပ်ပေးမည် ဖြစ်ကြောင်း ပြောလေရာ ယောဂီဂတ်များက ပရိတ်ပွဲနေ့ ကျရင် မှာကြားမည် ဖြစ်ကြောင်း ပြောလေ၏။

မောင်မိုးသည်အမျိုးသမီးများ ထွက်ခွါသွားသော မြို့လယ်ခေါင် ရှိ လမင်း လက်ဖက်ရည်ဆိုင် အကြောင်း ဆင်ခြင်မိလေ၏။ ထို လက်ဖက်ရည်ဆိုင်သည်မိဘများ သက်ရှိထင်ရှား ရှိစဉ်က ကြိုးစားသောကြောင့် နံမည်ဂုဏ်သတင်း ထွက်ခဲ့သော်လည်း သားသမီးများလက်ထက်တွင် ဆိုင်ကို ဂရုမစိုက်ဘဲ ပစ်ပယ်ခဲ့သောကြောင့် ဆိုင်၏ နံမည် ဂုဏ်သတင်း ပျက်ဆီး ခဲ့ရ၏။ သူတို့ဆိုင်က လက်ဖက်ရည်သည် အလွန်ညံ့ပြီး နွားမဒါန်းသေးရည်သာသာ ရှိ၏။ မုန့်များမှာလည်း အရသာ မရှိဘဲ နံပြားမှာလည်း အလွန်သေးငယ်၏။ထိုပြင် ဆိုင်ရှင် ညီအမနှစ်ယောက်သည် အလွန်ဆက်ဆံရေးခေါင်းပါးသူများ ဖြစ်ပြီး လာရောက်စားသုံးများကို ရန်သူလို သဘောထားဆက်ဆံသူဖြစ်၏။ ၎င်းတို့၏ လက်ဖက်ရည်ဆိုင် ဆက်လက် ရပ်တည်နိုင်


www.burmeseclassic.com

www.burmeseclassic.com


ခြင်းမှာ ဆိုင်၏ ဖောက်သည်များသည် မိဘများလက်က သံယောဇဉ်ဖြင့် ဆိုင်ကလေးကို လာရောက်အားပေးနေသောကြောင့် ဖြစ်၏။

မောင်မိုးသည် အောင်မြင်သော လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်၏ အားနည်းချက်များကို လေ့လာသုံးသပ် မိပြီးနောက် ``မိဘတွေလက်ထက်က အောင်မြင်ကြီးပွါးတဲ့ လက်ဖက်ရည် ဆိုင်ကြီးဟာ သားသမီးတွေ လက်ဆက်မှာ ကြီးစားမှု မရှိခဲ့ရင် ကျဆုံးမှာ သေချာတယ်၊ အခု သူတို့ရဲ့ဆိုင်.. မကျဆုံးသေးတာက မိဘတွေလက်ထက်က ကြိုးစားခဲ့တဲ့ အကျိုးဆက်ကြောင့်ပဲ၊ ငါ့ဆိုင်ကို သူတို့ဆိုင်လို ဘယ်တော့မှ မဖြစ်စေရဘူး``ဟု ဆုံးဖြတ် လိုက်လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးဆိုင်သို့ ယောဂီဂဏ်အမျိုးသမီးများ လာရောက်စားသောက်ပြီ
တစ်ပတ်အကြာတွင် ဆိုင်သို့ ဒေါ်လှလှဆိုသော အမျိုးသမီး ရောက်ရှိလာ
ပြီး ``အဒေါ်တို့ ယောဂီအဖွဲ့က တစ်လှည့်စီ ပရိတ်ပွဲလုပ်ကြတယ်၊ပရိတ်
ပွဲ လုပ်တဲ့အခါတိုင်း အိမ်ကိုလာတဲ့ ဧည့်သည်ကို တစ်ခုခုကျွေးရတယ်၊ ဒီ
တစ်ပတ်အဒေါ်အိမ်က ပရိတ်ပွဲမှာ မင်းရဲ့ စမူဆာကို ကျွေးချင်တယ်ကွယ်
ကောင်းကောင်းကြော်ပေးနော်``ဟုပြောလေ၏။ မောင်မိုးက မိမိအလွှာ



www.burmeseclassic.com

www.burmeseclassic.com

အခွင့်ကောင်းအခါကောင်းဟု ယူဆကာ ``စိတ်ချပါအဒေါ်ရယ်၊ ကျွန်တော် အမြတ်မရရင်နေပါစေ၊ ကုသိုလ်ရအောင် အကောင်းဆုံး ကြော်ပေးပါ့မယ် ဟု ကတိပေးလိုက်သောအခါ ဒေါ်လှလှသည် အလွန်သဘောကျပြီး ပြန်သွားလေ၏၊ မောင်မိုးသည် ယခုပွဲတွင် မိမိနံမည်ယူရမည်ဟု ကြံစည်ပြီး အမြတ်အစွန်းကို ပမာဏ မထားဘဲ စမူဆာကို အကောင်းဆုံးဖြစ်အောင် ဆိတ်သားနှမ်းချင်းထည့်ပြီး ကြော်ပေးလိုက်ရာ ထိုနေ့က ပရိတ်ပွဲလာသူ.. အပေါင်းသည် မောင်မိုး၏ စမူဆာကောင်းလှပါသည်ဟု ချီးမွမ်းကြ၏။

နောက်ပိုင်းတွင် ယောဂီအဖွဲ့ဝင်များ အားလုံး ၎င်းတို့အိမ်တွင် ပရိတ်ပွဲပြုလုပ်သောအခါ မောင်မိုး၏ စမူဆာများကို မှာယူကျွေးမွေးလေ၏။ ထိုသို့ ကျွေးမွေးသည့်အခါတိုင်း မောင်မိုးသည်အမြတ်မရသော်လည်း ကုသိုလ်ရသည်ဟု သဘောပိုက်ကာ စမူဆာကို အကောင်းဆုံး ပြုလုပ်ပေးလေ၏။ ထိုသို့ ပြုလုပ်ပေးသောကြောင့် မောင်မိုး၏ စမူဆာကောင်းသတင်းသည် မြို့ကလေး၌ မွေးပျံ့လာပြီး အလှူမင်္ဂလာပွဲများ ပြုလုပ်သည့်အခါမောင်မိုး၏ စမူဆာကို မှာယူကြကုန်၏။ ထိုအခါ မောင်မိုးသည် စမူဆာကြော်ရန် သူတစ်ယောက်တည်းပင် မနိုင်တော့ဘဲ လူနှစ်ယောက်ကို ထပ်မံ ငှါးရမ်းရလေ၏။ မောင်မိုး၏ စမူဆာဆိုင်ကလေး အောင်မြင်သည့် သတင်းကို..


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ကြီး ကြားသိသောအခါ နှစ်ထောင်းအားရဟန်ဖြင့် အလုပ်ကို ဆက်လက်ပြီး ကြိုးစားလုပ်ကိုင်ရန် မိန့်လေ၏။ သူ၏ ဆရာဦးဖိုးဘက

``အလုပ်ကို ကြိုးကြိုးစားစား လုပ်ရင် အောင်မြင်မှုရဲ့ အသီးအပွင့်တွေကို ခံစားရမယ်ဆိုတာ ယုံပြီ မဟုတ်လား၊ အလုပ်ကို ကြိုးစားပမ်းစား လုပ်တဲ့ လူဟာ ပိုမိုလွယ်ကူတဲ့ နည်းလမ်းတွေကို အလိုလို မြင်လာရတယ်၊ ဒီအခါမှာ အောင်မြင်မှုရဲ့ အခက်အခဲ အတားအဆီးတွေကို မြင်ရပြီး အန္တရာယ်ကို တိမ်းရှောင်နိုင်တယ်ကွ``ဟုပြောလေရာ မောင်မိုးက စိတ်ဝင်စားဟန်ဖြင့်

``အလုပ်ကို စိတ်နှစ်ပြီး ကြိုးကြိုးစားစား လုပ်ရင် ဆုံးရှုံးမှု မဖြစ်နိုင်တော့ဘူးလား``ဟုမေးမြန်းလေ၏။ ဦးဖိုးဘက သက်ပြင်းချပြီး

``ဘယ်အလုပ်မျိုးမဆို အခက်အခဲ အတားအဆီးကို ရင်ဆိုင်ရမှာပဲကွ အခက်အခဲ မရှိတဲ့အလုပ်ဆိုတာ မရှိဘူး၊ ဒါပေမဲ့ အစွမ်းကုန်ကြိုးစားတဲ့သူဟာ အောင်မြင်မဲ့ နည်းလမ်းတွေကို ကြုံတွေ့တတ်လို့ အန္တရာယ်ကြုံတွေ့တဲ့အခါ နတ်မျက်စိရသလို ဖြစ်နေတတ်တယ်၊ဒါကြောင့် နတ်မျက်စိကို လိုချင်ရင် အလုပ်ကို စိတ်နှစ်ကိုယ်နှစ် ပျော်ပျော်ကြီး လုပ်ပါလို့ ဆိုတာပဲ နောက်ပြီး အရေးကြီးတာက အချိန်ကို တန်ဖိုးထားခြင်းပဲကွ၊ တကယ်တော့ လူ့ဘဝရဲ့ အချိန်တွေ မတိုတောင်းပါဘူးကွာ၊ လူတိုင်းလူတိုင်းဟာ အချိန်


www.burmeseclassic.com

www.burmeseclassic.com

၂၄ နာရီကို ပိုင်ဆိုင်ကြတယ်၊ အချိန်မရှိဘူးဆိုတာ အချိန်ကို ဖြုန်းတီးပစ်လို့ကွ၊ အောင်မြင်သူနဲ့ ကျရှုံးသူ ကွာခြားသွားတာက အချိန်ကို အကျိုးမဲ့ ဖြုန်းတီးမှုကြောင့်ပဲ၊လူတစ်ယောက်ဟာ အခြားသူထက် အချိန်၂၀ လုပ်ရင် ၂ရက် ရှေ့ရောက်သွားတာပဲကွ၊ တကယ်တော့ ဘဝဆိုတာ တန်ဖိုးရှိလွန်းပါတယ်ကွာ၊ အချိန်ကို လွယ်လွယ်နဲ့ ဖြုန်းတီးမပစ်ပါနဲ့၊အောင်မြင်မဲ့ လူတစ်ယောက်ဟာ တစ်နေ့နေ့ အချိန်တွေကို ငါဘယ်လို ဖြုန်းတီးနေလဲလို့ သုံးသပ်နေရတယ်ကွ``ဟု မှာကြားလေရာ မောင်မိုးသည် ကျေးဇူးရှင် ဆရာ ဦးဖိုးဘစကားကို သေချာစွာ မှတ်သားထားလေ၏။ထိုနောက် ဦးဖိုးဘက`` ဒီဘုရားကြီးရဲ့ ဂေါပကလူကြီးတစ်ဦး က ငါ့ဆီမှာ တောက်တဲ့ကျင်း ဆိုတဲ့ ပညာရပ်ကို သင်ကြားနေတာ တော်တော်ကြာပြီကွ၊ ငါ မြို့က ထွက်ခွါဖို့ အချိန်တန်ပြီ``ဟုဆိုလိုက်ရာ မောင်မိုးသည် ဦးဖိုးဘနှင့် ခွဲရတော့မည်ဟု တွေးမိပြီး စိတ်အားငယ်သလို ဖြစ်သွားလေ၏။ထိုကြောင့် မောင်မိုးက ``ဦးလေး ဘယ်ကို သွားမှာလဲ``ဟုမေးမြန်းလိုက်လေ၏။

ဦးဖိုးဘက သက်ပြင်းချပြီး``မြန်မာပြည်အနှံ့ပဲကွ၊ ဒုက္ခနဲ့ ရင်ဆိုင်နေတဲ့သူတွေကို ကူညီမယ်၊ ဘဝမှာ အခက်အခဲတွေ့ပြီး လမ်းပျောက်နေသူကို ကူညီပေးတယ်``ဟုပြောလေရာ မောင်မိုးက ဦးဖိုးဘကို ကြည့်ပြီး ``ဒါ


www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ဦးဖိုးဘာက လမ်းပြကြယ်ကြီးပေါ့``ဟုပြောလေ၏။ဦးဖိုးဘာက ရယ်လိုက်ပြီး``မင်းပြောမှ ငါဟာ တော်တော်ကြီးကျယ်မှန်း သိရတော့တယ်။ မင်းနဲ့ငါ လမ်းမခွဲမီမှာ မင်းကိုငါ နောက်ဆုံးအနေနဲ့ မှာစရာ ရှိတာ မှာရဦး မယ်၊ အောင်မြင်မှု မရမီမှာ မနာလိုသူတွေရဲ့ ရန် အွန္တရာယ်နဲ့ ကြုံတွေ့ရ တတ်တယ်၊ ဒီလိုကြုံတွေ့တဲ့အခါ နောက်မတွန့်ပဲ တိုက်စရာ ရှိရင်တိုက် ရိုက်စရာ ရှိရင်ရိုက်ကွ``ဟုပြောနေသဖြင့် မောင်မိုးသည် ဆရာဖြစ်သူကို အံ့ဩဟန်ဖြင့် ကြည့်လိုက်ပြီး``ဦးလေးရဲ့ ဒီနေ့ ဩဝါဒက အထူးအဆန်း ပါလား၊ လူမိုက်ဆန်သလိုပဲ``ဟုမေးလိုက်လေ၏။ဦးဖိုးဘာက ရယ်လိုက် ရင်း``ငါ လူမိုက်စကား ပြောတာမဟုတ်ဘူးကွာ၊တစ်ခါတစ်လေ ငြိမ်းချမ်း ရေး လုပ်လို့ မရတဲ့ နေရာမှာ ရင်ဆိုင်ဖြေရှင်းရတဲ့ နေရာတွေ ရှိတယ် ငါတို့ မြန်မာပြည် ငြိမ်းချမ်းရေး ရဖို့အတွက်ဆို နယ်ချဲ့အစိုးရဆီက လက် ပါး ဖြန့်တောင်းလို့ မရဘူးကွ၊ တိုင်းပြည်လွတ်လပ်ရေးအတွက် ရဲရဲဝံ့ဝံ့ ရင်ဆိုင် တိုက်ခိုက်ပြီး တောင်းယူရမယ်၊ ငြိမ်းချမ်းရေး စကားပြောနေရင် အချိန်တွေ ပိုကြာသွားလိမ့်မယ်``ဟု ပြောပြလေရာ မောင်မိုးသည် ဆရာ ဦးဖိုးဘာ၏ စကားကို မြေဝယ်မကျ နားထောင်နေမိ၏



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့သ၌ မောင်မိုးစမူဆာရောင်းသော နေရာသို့ ဘဂတူ ဈေးသည်.. ကျော်ဝင်းနှင့် ဌေးဦး ရောက်ရှိလာပြီး စမူဆာများကို ဗန်းထဲမှ မပြောမဆို ယူစားလေ၏။ ၄င်းတို့သည် ကားဂိတ်၌ မောင်မိုး၏ စမူဆာရောင်းကောင်း သောကြောင့် မနာလိုဂန်တို ဖြစ်နေသူများ ဖြစ်၏။ ကျော်ဝင်း နှင့်ဌေးဦး သည် စမူဆာတစ်ခု နှစ်ခုကို ဝါးစားပြီးနောက် တစ်ဦးနှင့်တစ်ဦး မျက်ရိပ် ပြကာ မောင်မိုး၏ စမူဆာ အရသာ မရှိကြောင်း၊ညံ့ဖျင်းကြောင်း၊ စမူဆာ


www.burmeseclassic.com

www.burmeseclassic.com


တစ်ခုကို တစ်ပဲ မတန်ကြောင်း ပြစ်တင်ဝေဖန်ကြလေ၏။ မောင်မိုးသည် ဘဂဝတူ ဈေးသည် အချင်းချင်း နောက်ပြောင်သည်ဟု သဘောပိုက်ကာ ၎င်းတို့၏ စကားကို ဖွေမယူဘဲ နေလေ၏။ ခဏကြာလျှင် ခရီးသည်တင် ကားကြီး ရောက်လာပြီး ကားပေါ်မှ ခရီးသည်များ ဆင်းလာပြီး စမူဆာ ဝယ်ယူရန် ပြင်လေ၏။ထိုအခါ ကျော်ဂင်းနှင့် ငွေးဦးက စမူဆာဝယ်မည့် သူများကို တားမြစ်ပြီး ကျော်ဂင်းနှင့် ငွေးဦးက ``စမူဆာထဲက ဆိတ်သား တွေ သိုးနေလို့ပါ၊ ကျုပ်တို့တောင် စားပြီး ပျို့ချင်သလို အန်ချင်သလို ဖြစ် နေပြီ``ဟု သံပြိုင် ပြောဆိုလေရာ ခရီးသည် များသည် စမူဆာ မဝယ်ယူ တော့ဘဲ ရှောင်ကွင်းသွားလေ၏။

မောင်မိုးသည် သူ၏စမူဆာများ ဈေးဦးပင် မပေါက်သဖြင့် ကျော်ဂင်းတို့ကို မကျေမချမ်း ဖြစ်သွားသော်လည်း ဘဂဝတူချင်းဖြစ်သဖြင့် ရန်မပြုတော့ဘဲ ``မင်းတို့ကလည်းကွာ၊ ဈေးသည်အချင်းချင်း နောက်တာ ပြောင်တာ ဒါ နားလည်ပါတယ်၊ဒါပေမဲ့ ခရီးသည်တွေကိုတော့ မနောက်သင့်ပါဘူးကွာ`` ဟုပြောလိုက်ရာ ကျော်ဂင်းက မျက်နှာရှုံ့မဲ့ပြီး``မင်းကို နောက်တယ်လို့ ဘယ်သူပြောလဲ၊ ငါတို့က မှန်တာပြောတာကွ၊စမူဆာ တွေ မကောင်းလို့


www.burmeseclassic.com

www.burmeseclassic.com

မကောင်းဘူးပြောတာ၊ နောက်ခရီးသည်ကားတွေ ရောက်လာရင်လည်း ပြောဦးမှာပဲ``ဟုရှိုင်းပြုစွာ ပြန်လည်ပြောဆိုလေ၏။

မောင်မိုးသည် ထိုအခါမှပင် ကျော်ဝင်းနှင့် ငွေဦးတို့ မိမိကို မနာလိုဝန်တို စိတ်ဖြင့် စီးပွါးဖျက်ရန် ကြိုးစားနေကြောင်း ရိပ်စားမိသွားလေ၏။ မိမိ၏.. ကျေးဇူးရှင် ဆရာဦးဖိုးဘ၏ မိန့်မှာချက်များကို ပြန်လည်ကြားယောင်လာမိ၏။

အောင်မြင်မှု မရခင်မှာ မနာလိုသူတွေရဲ့ ရန်အတွန့်တိုက်ခံရမှာ ... ကြုံတွေ့ရတတ် တယ်ဒီလို ကြုံတွေ့ခဲ့ရင် နောက်မတွန့်ပဲတိုက်စရာရှိရင်တိုက် ရိုက်စရာ ရှိရင်ရိုက်ကွ၊ ငြိမ်းချမ်းရေး လုပ်လို့မရခဲ့ရင် ရင်ဆိုင် တိုက်ခိုက်ပြီး တောင်း ယူရမယ်၊ ငြိမ်းချမ်းရေး စကားပြောနေရင် အချိန်တွေ ပိုကြာသွားလိမ့်မယ်

မောင်မိုးသည် ဦးဖိုးဘ၏ အမှာစကားများကို ကြားယောင်ပြီး လူယုတ်မာ များကို တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် တဟားဟား ရယ်နေ. သော ကျော်ဝင်း၏ မျက်နှာကို လက်သီးဖြင့် ဒိုင်းခနဲ ထိုးချလိုက်ပြီး လျှင် ငွေဦး၏ ပူနေသော ဗိုက်ကြီးကို ဆက်ပြီး ထိုးလိုက်လေ၏။ ၎င်းတို့ နှစ်ဦး အော်ဟစ်ပြီးလဲကျသွားစဉ်ရှေးသည်များ သူ့အနီးသို့ ရောက်လာပြီးနောက် အကျိုးအကြောင်းကို မေးမြန်းကာ စိတ်ယုတ်မာ မွေးသော ကျော်ဝင်းတို့



www.burmeseclassic.com

www.burmeseclassic.com


ကို ဈေးသည်များက ဝိုင်းဝန်းပြီး အပြစ်တင်ကြလေ၏။ မောင်မိုးသည် ထို နေ့မှစပြီး မိမိကြုံတွေ့ရသော ရန်အန္တရာယ်များကို ဖြေရှင်းရန် အလို့ငှါ ဝါးရင်းတုတ်ကြီး တစ်ချောင်းကို ဆောင်ထားလေ၏။

တစ်နေ့နံနက်စောစောအချိန်၌ မောင်မိုး စမူဆာကြော် နေစဉ်၌ မြို့ပိုင် သား နှင့် အပေါင်းအပါများသည် မြင်းကိုယ်စီဖြင့် ရောက်ရှိလေတော့၏။ မောင်မိုးသည် မြို့ပိုင်သားနှင့် သူဌေးသားပိုက်ဆံဂါလားများ၏ စိတ်ဓါတ် ကို ရွံ့ရှာလွန်းသဖြင့် ၎င်းတို့ကို ဂရုမထားဘဲ စမူဆာကိုသာ ဆက်ကြော် နေလေ၏။ မြို့ပိုင်သားသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီးမောင်မိုး ရှိရာသို့ လျှောက်လှမ်းလာပြီး ``ဗယာကြော်ကနေတိုးပြီး စမူဆာတော် ဖြစ်သွားပြီ၊ စီးပွါးဖြစ်နေပုံရတယ်``ဟုပြောလေရာ မောင်မိုးသည် ယခင် က သူအလွန်အထင်ကြီးသော မြို့ပိုင်သားနှင့် အပေါင်းအပါများကို ရွံ့ရှာ စိတ်များ ဖြစ်ပေါ်လာပြီး ``ခင်ဗျားတို့ အရှက်မရှိဘူးလား၊ ဗယာကြော်ဖိုး ငွေတစ်ကျပ်ကို ဗလောင်းဗလဲ လုပ်တဲ့ လူတွေ``ဟုပြောလေ၏။ အရှက် ကင်းမဲ့သော မြို့ပိုင်သားက လှောင်ပြောင်လိုဟန်ဖြင့် ``မင်းက ဈေးသည် လုပ်ပြီး ဆက်ဆံရေး ညံ့လှချည်လား၊ ငါတို့က ဒီတစ်ခါ လက်ငင်းဝယ်မှာ ပါကွ``ဟုဆိုကာ မောင်မိုး၏ ရှေ့တွင် ငွေတစ်မူးကို ထောင်ပြလိုက်လေ၏



www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးသည် မြို့ပိုင်သားနှင့် အပေါင်းအပါများ၏ စိတ်ကို လွန်စွာ ရွံ့ရှာနေသဖြင့် ``ဒီမှာ အရှက်မရှိတဲ့ လူတွေ၊ ခင်ဗျားတို့ကို ကျုပ် မရောင်းနိုင်ဘူး၊ ခင်ဗျားတို့ဟာ ကျုပ် အကြောင်နဲ့ မတန်ဘူး`` ဟုဆိုလိုက်ရာ မြို့ပိုင်သားသည် ၄င်းတို့ အနိုင်အထက် ပြုကျင့်ခဲ့ခြင်းကို သတိမမူ မိတော့ဘဲ.. ဆင်းရဲသား နင်းပြား အကြော်သည်တစ်ယောက်က မိမိတို့ ကဲ့သို့ သူဌေးသား ပိုက်ဆံဂါလားများကို မတူမတန်သလို ဆက်ဆံသည်ဟု ယူဆကာ ဒေါသ ခြောင်းခြောင်းထွက်ပြီး တက်ခေါက်ကာ

``တောက်..နင်းပြားကောင်ကများ ငါတို့ကို ပြန်အံတုတယ်၊ ငါတို့ ဘာကောင်လဲ ဆိုတာပြရတာပေါ့``ဟုကြုံးဝါးကာ စမူဆာဗန်းကို ခြေဖြင့်လွှဲကန် လိုက်ရာ စမူဆာများ မြေပေါ်တွင် ပြန့်ကြဲသွားလေ၏။

မောင်မိုးသည် သူဌေးသားများ၏ အပြုအမူကို ကြည့်ရင်း ဆရာဦးဖိုးဘ၏ စကားများကို ပြန်လည်ကြားယောင်လာ၏။ အောင်မြင်မှု မရမီမှာ မနာလိုသူတွေရဲ့ ရန်အန္တရာယ်နဲ့ ကြုံတွေ့ ရတတ်တယ်ကွ၊ ဒီလိုကြုံတွေ့တဲ့အခါ နောက်မတွန့်ပဲ တိုက်စရာ ရှိရင်တိုက် ရိုက်စရာ ရှိရင်ရိုက်ကွ

မောင်မိုးသည် ဆရာဦးဖိုးဘ၏ စကားကို ကြားယောင်ပြီး သူဌေးသားများ ကို တိုက်စရာ ရှိရင် တိုက်ရမယ်ဟုဆုံးဖြတ်လိုက်ပြီး သူ၏ လက်သုံးတော်


www.burmeseclassic.com

www.burmeseclassic.com

ငါးရင်းတုတ်ကို ကိုင်ပြီး မြို့ပိုင်သားနှင့် သူဌေးသားတစ်စုကို ငါးရင်းတုတ်ဖြင့် လိုက်လံ ရိုက်လေရာ သူဌေးသားများသည် သတ္တိနည်းသူများ ဖြစ်သဖြင့် ဖနောင့်နှင့်တင်သား တစ်သားတည်းကျအောင် ထွက်ပြေးကြ၏ မောင်မိုးသည် ထွက်ပြေးသွားသော သူဌေးသားများ၏ နောက်ကျော်ကြည့်ပြီး ငါးရင်းတုတ်ကြီးကို မြှောက်ကာ

``ဆင်းရဲသား နင်းပြား ဆိုပြီး အနိုင်ကျင့်မယ်တော့ မကြံနဲ့ပြိမ်းချမ်းစကားပြောလို့ မရရင် ငါးရင်းတုတ်စာ မိသွားမယ်၊ ဘာအောက်မေ့လဲ''
ဟုကြုံးဝါးလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ောင်မိုးနှင့် မြို့ပိုင်သား ရန်ပွဲဖြစ်ပွါးသည့်သတင်းကို ဘဂဝတူရေးသည်
း သိရှိပြီးနောက် မောင်မိုးကို မြို့ပိုင်မင်း၏ တပည့်တပန်းများက ရန်ငြိုး
န် စိုးရိမ်ကြလေ၏။ ထိုကြောင့် ဈေးမထွက်ဘဲ ခေတ္တခဏနားထားရန်
ကြံပြုကြ၏။သို့သော် မောင်မိုးသည် မိမိက အမှန်တရားဖြစ်သဲဖြင့် ရန်
ရှောင်ယ် ဟူသမျှ ရှင်းလင်းရန် ဆုံးဖြတ်ထားပြီး မြို့ပိုင်မင်း၏ တပည့်များ


www.burmeseclassic.com

www.burmeseclassic.com

နှင့် ဆိပ်တိုက်တွေ့ရန် ဆုံးဖြတ်ထားလေ၏။ သို့သော် ကံကောင်းထော
မွေ့စွာဖြင့် မြို့ပိုင်မင်း၏ ရန်ရှာခြင်း မခံရဘဲ အေးအေးသက်သာစွာ ဆ
လက်ပြီး ဈေးရောင်းရလေ၏။ မောင်မိုးသည် သူ၏စမူဆာများ ရောင်း
ဝယ်ပန်း ကောင်းသော်လည်း တစ်လလျှင် ၃၀ကျပ်မျှသာ စုဆောင်းမိ
၏။ ထိုခေတ်ကအစိုးရအရာရှိကြီးတစ်ယောက်ပင်လျှင်တစ်လငွေ၃၀ကျ
စုဆောင်းရန် မလွယ်သောကာလတွင် မိမိ အနေဖြင့် ငွေ၃၀ စုဆော
သော်လည်း သူဌေးဖြစ်ရန် မလွယ်ကူကြောင်း တွေးမိလေ၏။

နောက်တစ်နေ့ သူ၏ဆရာ ဦးဖိုးဘနှင့် တွေ့သောအခါ ဦးဖိုးဘက ပခုံး
ပုတ်ပြီး ``ငါ မနက်ဖြန်ဘဲ ဒီမြို့က ထွက်သွားတော့မယ်ကွ၊'' ဟုဆိုလို
ရာ မောင်မိုးသည် ဦးဖိုးဘ အနီးတွင် မရှိတော့သဖြင့် အားငယ်သလို ဖြ
သွားလေ၏။ ဦးဖိုးဘက မောင်မိုး၏ မျက်နှာရိပ် မျက်နှာကဲ ကိုကြည့်ပြီ
``အားမငယ်ပါနဲ့ကွာ၊ လူဟာ လာတော့လည်း တစ်ယောက်တည်းလာ
ပြန်တော့လည်း တစ်ယောက်တည်း ပြန်ရမှာပါ၊ မင်းကိုငါ ဘဝ ရင်ဆိုင်
နည်း အမျိုးမျိုးကို သင်ကြားခဲ့ပြီးပြီ၊ မင်းတစ်နေ့ ပန်းတိုင် ရောက်မှာပါ
ဟု အားပေးစကား ပြောလိုက်လေ၏။ မောင်မိုးက ဦးဖိုးဘမျက်နှာကိုမေ
ကြည့် လိုက်ပြီး ``အားမငယ် တော့ပါဘူးဗျာ၊ ဦးလေး မရှိပေမဲ့ ဦး



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးတဲ့ ပညာတွေ ကျွန်တော့်ဆီမှာ ရှိနေပြီပဲ၊နောက်ဆုံး အနေနဲ့ ဘဝ တိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းတစ်ခု ပေးခဲ့ပါဦး`` ဟုမေးမြန်း လိုက်လေ၏။ဦးဖိုးဘက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

``မင်းဟာ အောင်မြင်မှုကို အခါမလပ် ရှာဖွေနေတာကိုး၊ တနေ့မှာ မင်း အောင်မြင်မှာ သေချာပါတယ်၊ အောင်မြင်မှု ပန်းတိုင်ဆိုတာ ယုံကြည်တဲ့ လူအတွက် မှန်ကန်တဲ့ ရည်မှန်းချက် ဖြစ်ပေမဲ့ မယုံကြည်တဲ့ လူအတွက် စိတ်ကူးယဉ်သက်သက်ပဲ၊ ဒါကြောင့် အဆိုးမြင်ဝါဒနဲ့ ဝေဖန်ကဲ့ရဲ့တာ ခံရ ဘတ်တယ်ကွ၊ အောင်မြင်ချင်တဲ့သူဟာ အဆိုးမြင်ဝါဒသမားတွေကို ဝေး ဝေး ရှောင်ရမယ်၊ သူတို့စကားတွေကို နားထဲမသွင်းရဘူး၊ အကောင်းမြင် ဝါဒထားပြီး ကိုယ့် ရည်မှန်းချက်ကို တဖြည်းဖြည်း ရောက်အောင် လုပ်ရ မယ်၊ ကိုယ်ရောက်တဲ့ နေရာဟာ ဒီနေ့ နိမ့်ပါးရင် နိမ့်ပါးမယ်၊ တစ်နေ့နေ့ မှာ ကိုယ်ထက် မြင့်မားတဲ့ သူတွေတောင် ကိုယ့်အောက်ကိုယ့်နောက်.. ရောက်နေတာ မြင်ရလိမ့်မယ်`` ဟုပြောလေ၏။မောင်မိုးသည် ဦးဖိုးဘ ၏ စကားများကို နားယူပြီး စိတ်ခါတ်တက်ကြွ လာလေ၏။

ဦးဖိုးဘက ဆက်လက်ပြီး ``ဒီနေ့ ကမ္ဘာပေါ်မှာရှိတဲ့ အရာတွေဟာ တချိန် က မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေပဲ။ မဖြစ်နိုင်ဘူးဆိုပြီး အဆိုးမြင်စိတ် ထား



www.burmeseclassic.com

www.burmeseclassic.com


ခဲ့ရင် လေယာဉ်တွေ၊ ဓါတ်စက်တွေ ရေဒီယိုတွေ ရှိလာမှာ မဟုတ်ဘူး။ ဒါတွေအားလုံး ဖြစ်ပေါ်လာတာဟာ အကောင်းမြင်စိတ်နဲ့ ကြိုးစားတီထွင် ခဲ့လို့ပဲ။ လောကမှာ ယုံကြည်မှု ရှိရင် အရာရာဖြစ်နိုင်တယ်၊ ယုံကြည်မှု အရေးအကြီးဆုံးပဲကွ၊ မနက်ဖြန် ငါဒီမြို့က ထွက်တော့မယ်ကွ၊ မင်းနဲ့ ခွဲခွါကာနီး နောက်ဆုံးလက်ဆောင် တစ်ခုပေးလိုက်မယ်၊ ငါ့ဆီကို နံနက် စောစောထပြီး ရောက်အောင်လာခဲ့ပါ``ဟုပြောပြီးနောက် ဦးဖိုးဘ သူ၏မှတ်သားဖွယ် စကားများကို အဆုံးသတ်လိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးသည် တစ်ညလုံး အိပ်မပျော်ဘဲ ဦးဖိုးဘ ပေးမည့်လက်ဆောင်.. ကိုသာ တွေးတောနေမိ၏။နောက်တစ်နေ့ နံနက်စောစောထပြီး မောင်မိုး သည် ဆရာဦးဖိုးဘထံသို့ ထွက်ခဲ့လေ၏။ ဦးဖိုးဘသည် ကာကီအကျီနှင့် ဘောင်ဘီပွကြီးကို ဝတ်ဆင်ကာ ခရီးထွက်ရန် အသင့်ဖြစ်နေ၏။ ဦးဖိုးဘ ဘ မောင်မိုးကို မြင်သောအခါ ဖရပ်ပေါ်မှ ဆင်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com


``မင်းရောက်လာပြီပေါ့၊ ငါအခုပဲမင်းကိုလက်ဆောင်ပေးပြီးရင် ခရီးတွက်တော့မလို့``ဟုဆိုကာ သူ၏ ကြီးမားသော အိတ်ကြီးထဲရှိ ဗူးသီးခြောက်ရေဘူးလေးကို ထုတ်ကာ မောင်မိုးကို ကမ်းပေးလိုက်ပြီး``ဘူးသီးခြောက်ရေဘူးလေးကို မင်းကို လက်ဆောင်ပေးခဲ့မလို့ကွ၊ ဒီရေဘူးလေးကို နယ်နယ်ရရ မမှတ်နဲ့။ငါ့ကို ဒဿနတစ်ရပ် သင်ကြားပေးခဲ့တယ်ကွ၊ မင်းကိုလဲ ဒဿနတစ်ရပ် သင်ကြားပေးမယ်လို့ ငါယုံကြည်တယ်၊ ဒါပေမယ့် အချိန်ကိုတော့ စောင့်ရဦးမယ်ကွ``ဟုဆိုလိုက်ရာ မောင်မိုးက ဘူးသီးခြောက်ရေဘူးလေးကို အံ့ဩဟန်ဖြင့် ကြည့်လိုက်ပြီး``ဒါလေးက ဒဿနသင်ပေးမယ် ဟုတ်လား``ဟုရေရွတ်လိုက်လေ၏။ဦးဖိုးဘက ``တစ်နေ့နေ့တစ်ချိန်ချိန် လူ့ဘဝကြီးကို ငြီးငွေ့တဲ့အခါ ဘူးသီးခြောက် ရေဘူးလေးရေဖြည့်ပြီး သောက်ကြည့်စမ်းပါ။ ရင်ထဲမှာ အေးမြသွားပြီး မင်းကို တစ်ခု သင်ကြားပေးပါလိမ့်မယ်``ဟုဆိုကာ သူ၏ အရှေ့တွင် ရပ်လိုက်သောဘတ်စ်ကားကြီး ပေါ်သို့ ခုန်တက်လိုက်၏။ ဘတ်စ်ကားကို ခိုတွယ်ပြီးသောအခါ ဦးဖိုးဘက``တကယ်တော့ ရင်ထဲမှာ ဘယ်အရာကိုမှ လာအောင် ထိမ်းချုပ်ထားလို့ မရဘူး။ဒီလို ထိမ်းချုပ်ထားတာကိုက မလုံခြုံခြင်းမဟုတ်ပဲလားကွ၊ ဘဂ မီးအိမ်တွေဖြစ်မှ အများအကျိုးကို သယ်ပိုးဖို့ ပြန်တွေ့ကြမယ် ``ဟုအော်ဟစ်ပြောဆိုပြီး ဘတ်စ်ကားကြီးနှင့်အတူ


www.burmeseclassic.com

www.burmeseclassic.com


သွားလေ၏။ မောင်မိုးသည် သူ၏ကျေးရွာရှင် ဆရာကြီး တက်သွားသော ဘတ်စ်ကားကို မျက်စေ့တစ်ဆုံးကြည့်ရင်း ရင်ထဲတွင် လစ်ဟာသွား သ ယောင် ခံစားလိုက်ရလေ၏။

တစ်နေ့သ၌ မောင်မိုးသည် နံနက်စောစော တွန်းလှည်းကြီးကို တွန်းပြီး စမူဆာရောင်းရန် ထွက်ခဲ့လေ၏။ မောင်မိုး၏ လှည်းကြီး မြို့ပြင်ကားဂိတ် သို့ မရောက်မီ သစ်ပင်ကြီး တစ်ပင်နောက်မှ လူသုံးယောက် ထွက်လာပြီး မောင်မိုး၏ သွားရာလမ်းကို ပိတ်လိုက်လေ၏။

မောင်မိုးသည် သူ၏လမ်းကို ပိတ်လိုက်သော လူသုံးယောက်ကို မသိကာ ဟန်ဖြင့် ကြည့်လိုက်ပြီး``ဟေ့လူတွေ..ဘာကိစ္စရှိလို့လဲ`` ဟုမေးမြန်း လိုက်လေ၏။ ထိုသူ သုံးယောက်အနက် ရုပ်ရည်ကြမ်းတမ်းသော လူက ``ငါတို့တာဝန်ကမင်းကိုခေါင်းကွဲအောင်ရိုက်ဖို့`` ဟုဆိုလိုက်ပြီး မောင်မိုး ကိုတုတ်ကိုယ်စီဖြင့်ဝင်ရောက်ရိုက်နက်လေ၏။ မောင်မိုးသည် မမျှော်လင့် ဘဲ မိမိကို ဝင်ရောက် တိုက်ခိုက်သူများကို နားမလည်နိုင်ဘဲ လှည်း ကို ပတ်ပြီး ရှောင်တိမ်းရလေ၏။ ထိုသို့ ရှောင်တိမ်းရင်း သူ၏လှည်းပေါ်တွင် အသင့်ဆောင်ထားသော ဂါးရင်းတုတ်ကြီးကို လျှင်မြန်စွာ ထုတ်ပြီး ရန်သူ များကို ပြန်လည်တိုက်ခိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ရန်သူသုံးယောက်သည် မောင်မိုးက ဂါးရင်းတုတ်ကြီးဖြင့် ပြန်လည် ခုခံသဖြင့် အလွယ်တကူ မတိုက်ခိုက်နိုင်တော့ဘဲ ရှိနေလေ၏။ ၄င်းတို့သည် အခကြေးငွေယူပြီး ရိုက်နှက်သော လက်မရွံ့လူမိုက်များ ဖြစ်နေသဖြင့် မောင်မိုးကို အရအမိ တိုက်ခိုက်လေတော့၏။ မောင်မိုးသည်မိမိနှင့် ရန်ငြိုးရန်စမရှိဘဲ ဝင်ရောက်တိုက်ခိုက်သူများကို မခံချင်စိတ်ဖြင့် ဂါးရင်းတုတ်ကို အားကုန် မွှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေရာ လူမိုက်များ အနောက်သို့ ဆုတ်သွား လေ၏။

သို့သော် လူမိုက်များသည် မောင်မိုးကို အလဲအကွဲ ရိုက်နှက်ရန် ပိုက်ဆံယူထားပြီး ဖြစ်သဖြင့် ၄င်းတို့၏ လူမိုက်ဂုဏ်သိက္ခါ အတွက် ဆက်လက်တိုက်ခိုက်ရန်ကြံလေ၏။ ထိုအခိုက်မှာပင် လူမိုက်များကို ကျော်ဖြတ်ပြီး ရထားလုံးတစ်စီး အရှိန်ပြင်းစွာ မောင်းနှင်လာရင်း မောင်မိုး၏ အနီးသို့ ရောက်သောအခါ ရထားလုံးပေါ်ရှိ လူက ``မြန်မြန်တက်လိုက်ပါ`` ဟု ဆိုလိုက်ရာ မောင်မိုးသည် အရှိန်နှင့် မောင်းနှင်သွားသော ရထားလုံး အနောက်သို့ ခိုတွယ်ပြီး လိုက်သွားလေ၏။ မောင်မိုးသည် ကားဂိတ်တွင် ဈေးရောင်းလေ့ရှိသော ဈေးသည် တစ်ဦး ဖြစ်သဖြင့် ရထားလုံးပေါ်သို့ ကျွမ်းကျင်စွာခိုတွယ်တက်နိုင်၏။ လူမိုက်များသည် မောင်မိုးကို အလဲ


www.burmeseclassic.com

www.burmeseclassic.com


အကြွဲ ရှိက်ရန် ကြံရွယ် ထားသော်လည်း ရထားလုံးပေါ်သို့ လျှင်မြန် ခိုဆွဲ တက် သွားသောကြောင့် လက်လျော့ လိုက်ရလေ၏။


www.burmeseclassic.com

www.burmeseclassic.com


မောင်မိုးသည် ရထားလုံးပေါ်သို့ ရောက်သောအခါ ကယ်တင်ရှင်အား ငဲ့စောင်းကြည့်ရာ ချောမောလှပသော မိန်းမတစ်ယောက်ပင် ဖြစ်ကြောင်း တွေ့လိုက်ရ၏။မိန်းမလှက ရထားလုံးကို အတန်ကြာအောင် မောင်းနှင်ပြီး အရှိန်လျှော့ကာ မောင်မိုးကို ငဲ့စောင်းကြည့်လိုက်ရင်း ``ဘယ်လိုဖြစ်ကြတာလဲ`` ဟုမေးမြန်းလေရာ မောင်မိုးက`` ကျုပ် ဒီနေ့နံနက်က စျေးရောင်းဖို့ ထွက်လာတုန်း သစ်ပင်နောက်ကွယ်က လူသုံးယောက် ထွက်လာပြီး ကျုပ်ကို မပြောမဆို ရိုက်နက်တော့တာပဲ`` ဟု နားမလည်


www.burmeseclassic.com

www.burmeseclassic.com

ဟန်ဖြင့်ပြောလေတော့၏။ မိန်းမလှက သက်ပြင်းချလိုက်ပြီး ``ရှင့်မှာ ရန်ငြိုးရန်စ ရှိရမယ်``ဟုမှတ်ချက်ချလေ၏။ မောင်မိုးသည် မိန်းမလှကိုမြို့ထဲတွင် မမြင်ဘူးသဖြင့် ``အစ်မကို ဒီမြို့မှာ မမြင်ဖူးဘူးနော်``ဟု မေးမြန်း လိုက်ရာ မိန်းမလှက ``အစ်မ ဒီမြို့ကို ရောက်တာ မကြာသေးဘူး၊ မြို့စွန်က ဒေါ်မိန်းကလေး ကျောင်းမှာ ဆရာမ ဝင်လုပ်နေတယ်``ဟုဆိုလိုက်လေရာ မောင်မိုးသည် ဒေါ်မိန်းကလေးကျောင်းကို ကောင်းစွာသိသဖြင့် ``ဪ..ဆရာမကြီး ဒေါ်မိန်းကလေးကျောင်းမှာ လုပ်တာကိုး၊ ဒါကြောင့် ရထားလုံးကို မြင်ဖူးသလို ရှိနေတာ၊ နံနက်အစောကြီး အစ်မဘယ်က ပြန်လာတာလဲ``ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ မိန်းမလှက ``ရန်အောင်မြင် ဘုရားမှာ ပန်းသွားကပ်ပြီး ပြန် လာတာလေ.. မင်းဒီနေ့ ဈေးရောင်းလို့ဖြစ်ပါ့မလား``ဟုမေးမြန်းလေ၏။ မောင်မိုးက သက်ပြင်းချလိုက် ပြီး``ကျုပ်တို့ဈေးသည်တွေက စည်းလုံးတယ်၊ တစ်ယောက်ကိုထိရင်မခံဘူး၊ ဒါကြောင့် လူမိုက်တွေ ဈေးသည် တွေကို မထိရဲပါဘူးဗျာ၊ ဈေးဆက်ရောင်းမှာပါ``ဟုပြောလေတော့၏။ မိန်းမလှကမူ မောင်မိုးကိုငဲ့စောင်းကြည့်ပြီး ``မင်းရဲ့ သတ္တိလည်း မခေဘူးနော်၊ လူမိုက်တွေကို ဂါးရင်းတုတ် တစ်ချောင်းနဲ့ ပြန်ချ နေတာ ကြည့်လို့ ကောင်းလိုက်တာ၊ ယောကျ်ားဆိုတာ ဒီလိုမှပေါ့``ဟုချီးမွမ်းလေ၏။ ထိုစဉ် ရထားလုံးသည်



www.burmeseclassic.com

www.burmeseclassic.com

မြို့လယ်ဈေးရှေ့သို့ရောက်ရှိလာသဖြင့် မောင်မိုးက ဆင်းရန်ပြင်လိုက်၏။ မိန်းမလှက ``သတိ ထားဦးနော်၊ အစ်မသွားပြီ``ဟု ဆိုပြီး ရထားလုံးကို ထွက်ရန် ပြင်နေစဉ် မောင်မိုးက လက်ကာပြလိုက်ပြီး ``နေပါဦးအစ်မ ရယ်..နံမည်လေးတော့ ပြောသွားခဲ့ပါဦး`` ဟုဆိုလိုက်ရာ မိန်းမလှက ``လှိုင်ထိပ်ထား`` ဟုဆိုပြီး ရထားလုံးကို မောင်းနှင်သွားလေ၏။

မောင်မိုးသည် ``လှိုင်ထိပ်ထား``ဆိုသောအမည်ကို တီးတိုး ရေရွတ်ပြီး ကျန်ရစ်ခဲ့လေ၏။မောင်မိုးသည် မိမိရန်ပွဲ ဖြစ်ပွါးသောနေရာသို့ ပြန်ရောက် သောအခါ သူ၏ စမူဆာများ အားလုံး မြေပေါ်သို့ ပြန့်ကြဲကြဲနေကြောင်း တွေ့ရလေ၏။ မောင်မိုးသည် မြေပေါ်သို့ ပြန့်ကြဲကျနေသောစမူဆာများ ကို ကြည့်ပြီး ဒေါသတကြီး တက်ခေါက်ကာ ပြန်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးကျောင်းသို့ ပြန်ရောက်သောအခါ ကပ္ပိယကြီးက မောင်မိုးကို .. နားမလည်ဟန်ဖြင့် ကြည့်ပြီး ``မင်း..ဘာလို့ ဒီနေ့စမှဆာ မရောင်းတာလဲ``ဟုမေးမြန်းလေရာ မောင်မိုးက လူမိုက်သုံးယောက်၏ ရန်ပြုခြင်း ခံရခြင်း အကြောင်းကို ပြောပြလေ၏။ ထိုအခါ ကပ္ပိယကြီးက သက်ပြင်းချပြီး ``မင်းမှာ အန္တရာယ် ရှိနေပြီ၊ သတိထားရတော့မယ်``ဟုပြောလေ၏။ မောင်မိုးက ခေါင်းခါယမ်းလိုက်ပြီး``ဒီကောင်တွေကို ကျုပ် မကြောက်ဘူး ဟု ဆိုလိုက်ရာ ကပ္ပိယကြီးက မောင်မိုးကိုကြည့်ပြီး ``မင်းသတ္တိကောင်း



www.burmeseclassic.com

တာ ငါသိပါတယ်၊ ဒါပေမဲ့ မင်းက အများနဲ့တစ်ယောက် ရင်ဆိုင်နေရတာ နောက်ပြီး မင်းရင်ဆိုင်နေတဲ့ သူတွေက ဩဇာအာဏာရှိတဲ့ မြို့ပိုင်သားနဲ့ အပေါင်းအပါတွေ၊ နံနက်စောစော မင်းဈေးရောင်းထွက်ရင် ငါကိုယ်တိုင် အဖော်လိုက်ပေးမယ်``ဟုပြောလေရာ မောင်မိုးက သက်ပြင်းချလိုက်၏။ ကပ္ပိယကြီးသည် ရှမ်းသိုင်းဆရာကြီး တစ်ဦး၏ အဆက်အနွယ် ဖြစ်သည် ဟု သိရပြီး ကပ္ပိယကြီး နေ့စဉ် တုတ်သိုင်းလေ့ကျင့်နေခြင်းကို မြင်တွေ့ရ၏။ မောင်မိုးက ကပ္ပိယကြီး၏ ပခုံးကို ဖက်ပြီး``ကပ္ပိယကြီး လိုက်မယ်ဆို ရင်တော့ ကျုပ် အတွက်တော့ ဘယ်သူကိုမှ ကြောက်စရာ မလိုတော့ဘူး ``ဟု အားတက်သရော ပြောလိုက်လေ၏။

ကပ္ပိယကြီးသည်မနက်စောစောမောင်မိုးဆိုင်ထွက်သည့် အချိန်၌ အဖော် အဖြစ် လိုက်ပါ ပေးလေ၏။ထိုသို့ လိုက်ပါပေးသော်လည်း တစ်ပတ်ကြာ သည်အချိန်ထိ မည်သည့် အန္တရာယ်မျှ ဖြစ်ပွါးခြင်း မရှိသည့်အတွက် မောင်မိုးက ကပ္ပိယကြီးကို နောက်နေ့မှစပြီး မိမိနှင့် မလိုက်ရန် ပြောလေ ၏။ကပ္ပိယကြီးက မောင်မိုး၏စကားကြောင့် ခေါင်းခါယမ်းပြီး

``ဒီကောင်တွေကို လျော့မတွက်နဲ့ မင်းကိုဒုက္ခတစ်ခုခု ပေးမယ်လို့ ငါထင်တယ်၊ ဒါကြောင့်နောက်နေ့တော့ ငါလိုက်ခဲ့ဦးမယ်ကွာ`` ဟုပြော



96
www.burmeseclassic.com

www.burmeseclassic.com

လေရာ´မောင်မိုးက သက်ပြင်းချပြီး``ကပ္ပိယကြီးတော့ကျောင်းရဲ့ အလုပ်တွေပျက်ကုန်ပြီ``ဟုပြောလိုက်၏။ကပ္ပိယကြီးက``ကျောင်း အလုပ်တွေပျက်ပါ ဘူးကွာ၊ မနက်ဖြန် မင်းနဲ့ငါ အတူရှိနေဦးမယ်``ဟုပြောလေ၏။

နောက်တစ်နေ့ နံနက်စောစော၌ မောင်မိုးနှင့် ကပ္ပိယကြီးသည် လှည်းကြီး ကိုတွန်းပြီး ဈေးရောင်းရန် ထွက်ခဲ့လေတော့၏။ ကပ္ပိယကြီးသည် ရှေးသီချင်းတစ်ပုဒ်ကို တီးတိုးညည်းပြီး လိုက်ပါလာလေ၏။

တစ်နေရာသို့ ရောက်သောအခါ သစ်ပင်ကြီး တစ်ပင်အနောက်မှ တုတ်ကိုယ်စီ ကိုင်ထားသော လူမိုက်ငါးယောက် ထွက်လာလေတော့၏။

ကပ္ပိယကြီးက လေသံတိုးတိုးဖြင့်``မင်းခြေသည်တွေနဲ့ တူတယ်`` ဟုဆိုလိုက်ရာ မောင်မိုးက သူ၏ လှည်းပေါ်ရှိ ဂါးရင်းတုတ်ကြီးကို ယူလိုက်လေ၏။ရန်သူများသည် မပြောမဆိုဖြင့် မောင်မိုးနှင့်ကပ္ပိယကြီး တို့ကိုဝင်ရောက် တိုက်ခိုက်လေ၏။ မောင်မိုးတို့လည်း ပြန်လည် ခုခံရလေ၏။ ကပ္ပိယကြီးသည် သိုင်းသမားပီပီ ရန်သူများကို လက်ဗလာဖြင့် ပြန်လည်ခုခံလေ၏။မောင်မိုးကသူ၏ ဂါးရင်းတုတ်ကြီးဖြင့် ရန်သူကို လွဲရိုက်ရန်ကြိုးစားလေ၏။ ကပ္ပိယကြီးသည် ရန်သူတစ်ဦး၏ တုတ်ကို လုယူပြီး ပြန်လည်တိုက်ခိုက်ရာ ရန်သူများ အထိနာပြီး ထွက်ပြေးကြလေ၏။ ကပ္ပိယကြီးက



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးထွက်ပြေးရန် ကြံနေသော ရန်သူကို လှဲချပြီး ခြေနဲ့နင်းကာ ပေါ့ကောင် ငါတို့ကို ရိုက်ဖို့ မင်းကို ဘယ်သူခိုင်းတာလဲ ပြောစမ်း`` မေးမြန်းလိုက်ရာရန်သူက ထိတ်လန့် ဟန်ဖြင့်`` မလုပ်ပါနဲ့ မြို့ပိုင်သား ခိုင်းလို့ပါ၊ ခေါင်းကွဲအောင် ရိုက်နိုင်ရင် ငွေ ငါးဆယ် ပေးမယ်ဆိုပြီး ခိုင်း ပါ``ဟုထွက်ဆိုလေရာ ကပ္ပိယကြီးက လူဆိုးကိုဖြန်းခနဲ ပါးရိုက်ကာ နောက်တခါဆို မင်း ဒီထက်နာမယ် နားလည်လား``ဟုကြုံးဝါးကာ လွှတ်ပေးလိုက်လေ၏။ လူဆိုးသည် ဖနောင့်နှင့်တင်သား တစ်သားတ ကျအောင် ထွက်ပြေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစပြီးလူမိုက်များသည်မောင်မိုးကို လာရောက် နှောက်ယှက်ခြင်း မရှိဘဲ အေးချမ်းစွာ ဈေးရောင်းနိုင်လေ၏။ တစ်ညသ၌ မောင်မိုးသည် ဘုန်းကြီးကျောင်း၌ လောကနီတိစာအုပ်ကြီးကို ဖတ်ရှုနေစဉ် ဘုန်းကြီးကျောင်းသားတစ်ယောက် ရောက်ရှိလာပြီး အမျိုးသမီး တစ်ယောက်က မောင်မိုးကို တွေ့လိုကြောင်း ပြောဆိုသဖြင့် ကျောင်းအနောက်ဘက်မှ ထွက်လိုက်ရာ ဆရာမလှိုင်ထိပ်ထားကို မြင်တွေ့လိုက်ရ၏။ မောင်မိုးက လှိုင်ထိပ်ထားကို အံ့ဩဟန်ဖြင့် ကြည့်နေစဉ် လှိုင်ထိပ်ထားက ``ရှင့်မှာ



www.burmeseclassic.com

www.burmeseclassic.com

အွန္တရာယ်ရှိနေပြီ၊ အဝတ်တစ်စုံနှစ်စုံကို ယူပြီး ကျွန်မ နောက်လိုက်ခဲ့ပါ``ဟုပြောလေရာ မောင်မိုးက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ပြီး

``ကျုပ်မှာ အွန္တရာယ်ရှိနေပြီဟုတ်လား၊ ရှင်းပြပါဦး၊ကျုပ်တော့ နားမလည်နိုင်တော့ဘူး``ဟုပြောလေ၏။ လှိုင်ထိပ်ထားက``ရှင့်ကိုရှင်းပြဖို့ ကျွန်မမှာ အချိန်မရှိတော့ဘူး၊ အမြန်ဆုံးသွားပြီး ပြင်စမ်းပါ``ဟု လောဆော် ၏။ မောင်မိုးသည် အဝတ်တစ်စုံနှစ်စုံကို လွယ်အိတ်ကြီးထဲသို့ ထည့်လိုက်ပြီး ကပ္ပိယကြီးကို အကျိုးအကြောင်း ပြောကာ လှိုင်ထိပ်ထား၏ အနောက်သို့ လိုက်ခဲ့၏။လှိုင်ထိပ်ထားက သူမ၏ ရထားလုံးကို ကျောင်းအနောက်၌ ရပ်ထား၏။ မောင်မိုး ရထားလုံးပေါ် ရောက်သောအခါ သူမက ရထားလုံး ကိုယ်တိုင် မောင်းလေ၏။

လှိုင်ထိပ်ထားကရထားလုံးကို ဘုန်းကြီးကျောင်း၏ အနောက်ဘက်လမ်းမှ မောင်းထွက်လေ၏။ ထိုစဉ်ကျောင်း၏ အရှေ့ဘက်လမ်းမှ ဝင်လာသော ပုလိပ်များသည် ကျောင်းအတွင်းသို့ ဝင်သွားကြောင်း တွေ့ရလေ၏။

လှိုင်ထိပ်ထားသည် ပုလိပ်များနှင့် ဝေးကွာသောလမ်းဘက်သို့ ဦးတည် မောင်းနှင်သွားလေ၏။ ထိုအခိုက်မှာပင် သစ်ပင်အောက် မှောင်ရိပ်ထဲ ပုလိပ်များ ထွက်ပေါ်လာပြီး လက်နှိပ်ဓာတ်မီးနှင့် ထိုးကာ ``ရပ်ရှိ...


www.burmeseclassic.com

www.burmeseclassic.com



ဟုတားဆီးခြင်း ခံရလေ၏။ထိုအခါ လှိုင်ထိပ်ထားက ``ကျွန်မကမြို့ပြင်ကျောင်းကဆရာမလှိုင်ထိပ်ထားပါ``ဟုဆိုလိုက်ရာပုလိပ်တစ်ယောက်က ``ဩော်..မြို့ပြင်ကျောင်းက ဆရာမလေးပါလား ညကြီးအချိန်မတော်ဘယ်ကပြန်လာတာလဲ``ဟုမေးမြန်းလေ၏။လှိုင်ထိပ်ထားက အမူအယာမပျက်စေဘဲ``ဆရာတော်ကြီး အဆစ်အမြစ် ကိုက်ခဲနေလို့ လိမ်းဆေးလာကပ်တာပါ ဒါနဲ့ ရှင်တို့က ကျွန်မကိုဘာကြောင့် တားတာလဲ`` ဟုမေးမြန်းလေ၏။ပုလိပ်က``ကျုပ်တို့က အရေးကြီး တရားခံ တစ်ယောက် ကိုဘုန်းကြီးကျောင်းမှာ လာဖမ်းတာပါ သွားတော့ ဆရာမလေး``ဟု ဆိုရာလှိုင်ထိပ်ထားက ရထားလုံးကို ဟန်မပျက် မောင်းထွက်ခဲ့လေ၏။

လှိုင်ထိပ်ထားသည် ရထားလုံးကိုမြို့ပြင်ရှိ ဒေါ်မိန်းကလေး၏ စာသင်ကျောင်းလေးသို့ မောင်းနှင်သွားပြီး လူသူအရိပ်အခြေ ကြည့်ကာမောင်မိုးကို ခြံထဲသို့ ဖင်ခိုင်းလေ၏။ မောင်မိုးခြံထဲသို့ ရောက်သောအခါလှိုင်ထိပ်ထားက သစ်လုံး အိမ်လေးထဲသို့ တိတ်တဆိတ် ဖင်ခိုင်းလေ၏။အိမ်ထဲသို့ရောက်သောအခါ လှိုင်ထိပ်ထားက``ဒေါ်မိန်းကလေး ကြားသွားမှာစိုးလို့ သတိထားပါ ဟု ဆိုလိုက်ပြီးမီးရောင်ကို မှိန်ပျပျ ထွန်းထားလေ၏။ မောင်မိုးက လှိုင်ထိပ်ထားရှေ့တွင် ဖင်ထိုင်လိုက်ပြီး``ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com


အပူတပြင်းခေါ်လာတဲ့အကြောင်းကိုပြောပါဦး``ဟုမေးမြန်းလိုက် လေ၏။ လှိုင်ထိပ်ထားက ``ရှင့်မှာ အွန္တရာယ်ကြီး တစ်ခုကျရောက်တော့မယ် ဆိုတာကြိုသိနေလို့ပါ။ တကယ်တော့ရှင်ဟာမြို့ပိုင်သားကို ရိုက်နှက်လိုက်တဲ့အတွက် ရန်ငြိုးရန်စကြီးတဲ့ မြွေဆိုးမြွေဟောက်တွေနဲ့ ရန်ပွဲ ဖြစ်လိုက်သလိုဖြစ်သွားတယ်၊ ဒါကြောင့်မြို့ပိုင်သားနဲ့ အပေါင်းအပါ လူရမ်းကားတွေဟာ လူမိုက်တွေကို အခကြေးငွေ အများကြီး ပေးပြီး ရိုက်နှက်ခိုင်းခဲ့တယ်၊ သူတို့ လုပ်ရပ် မအောင်မြင်တဲ့အခါ ရန်ငြိုးရန်စ ပိုပိုကြီးလာပြီး ကောက်ကျစ်ယုတ်မာတဲ့ အကြံနဲ့ ဒုက္ခပေးဖို့ ကြံစည်ခဲ့တာပဲ၊ နောက်ဆုံးမှာ သူတို့အတွက် အင်မတန် ကြီးမားတဲ့ အခွင့်အရေးကြီး တစ်ခုပေါ်လာပြီး ရှင့်ကို ဒုက္ခတွင်းထဲကိုဆွဲသွင်းဖို့ ကြံစည်လိုက်တယ်``ဟုပြောလေရာ မောင်မိုးက နားမလည်ဟန်ဖြင့်``ဘယ်လို ဒုက္ခတွင်းထဲ ဆွဲသွင်းမှာလဲ`` ဟုမေးမြန်းလေ၏။

လှိုင်ထိပ်ထားက သက်ပြင်းချပြီး ``ဒီ ကိစ္စမှာ နိုင်ငံရေးတွေ ပါနေလို့ ရှင့်ကို အထိနာစေမယ်ဆိုတာ သူတို့ ရိပ်စားမိတယ်၊ ဒါကြောင့် ဒီလိုကောက်ကျစ်တဲ့ အကြံအစည်ကို ကြံစည်လိုက်တာပဲ၊အာရှတိုက်မှာ တဖြည်းဖြည်း အင်အားကြီးလာပြီးဗြိတိသျှတွေကိုပခုံးချင်း ယှဉ်နိုင်လာတဲ့ ဂျပန်နိုင်ငံဟာ


www.burmeseclassic.com

www.burmeseclassic.com


ကျွန်မတို့ နိုင်ငံထဲကို သူလျှိုတွေ စေလွှတ်လေ့ရှိ တယ်၊ ဒီလို စေလွှတ်တဲ့ နေရာမှာ ဂျပန်လူမျိုးတွေကို စေလွှတ်သလို သူတို့ လေ့ကျင့်ထားတဲ့ မြန်မာတွေကိုလည်းစေလွှတ်လေ့ရှိတယ်၊မြန်မာနိုင်ငံထဲမှာလည်း ဗြိတိသျှကို တော်လှန်လိုလို့ပဲဖြစ်ဖြစ်၊ ငွေ ရလို့ပဲဖြစ်ဖြစ် သူလျှို လုပ်နေတဲ့ လူတွေ ရှိတယ်၊လွန်ခဲ့တဲ့လလောက်ကကျွန်မတို့ မြို့ကို ဂျပန်သူလျှို တစ်ယောက် ရောက်နေတယ်လို့ သတင်းရတဲ့အတွက် အုပ်ချုပ်ရေးပိုင်းက လူကြီးတွေဟာ ဂျပန်သူလျှိုရဲ့ သတင်းကို အပြင်းအထန် ထောက်လှမ်းနေကြတယ်၊ ဒါကိုရိပ်မိတဲ့ မြို့ပိုင်သားအဖဟာ ရှင့်ကိုဂျပန်သူလျှို ဆိုပြီး ချောက်တွန်းဖို့ ကြံစည်လိုက်တာပဲ၊ဂျပန်သူလျှို ဆိုပြီး စွဲချက်တင် ခံရရင် ထောင်ဒဏ် နှစ်ရှည်ကျပြီး ရှင့်ဘဝလုံးဝ နာလန်ထူတော့မှာ မဟုတ်ဘူး၊စောစောတုန်းက ဘုန်းကြီးကျောင်းထဲကိုဝင်လာတဲ့ ပုလိပ်တွေဟာ ရှင့်ကို ဂျပန်သူလျှိုဆိုပြီး လာဖမ်းကြတာပဲ၊ရှင်ကံကောင်းလို့ကပ်သီလေး လွတ်လာခဲ့တာပဲ`` ဟု ပြောလိုက်ရာမောင်မိုးကလက်သီးဆုပ်ပြီး``ကျုပ်ကဂျပန်သူလျှိုမှ မဟုတ်တာ၊ကျုပ်ကို မတရားစွပ်စွဲပြီး ဖမ်းဆီးလို့ ရမလားဗျ``ဟုဒေါသတကြီး ပြောဆိုလိုက်၏။

လှိုင်ထိပ်ထားကသက်ပြင်းချပြီး``ရှင့်ကိုညှင်းပန်းနှိပ်စက်ပြီး ဝန်ခံခိုင်းမှာပေါ့၊ကိုလိုနီပုလိပ်တွေဟာ ညှင်းပန်းနှိပ်စက်တဲ့ နေရာမှာ သိပ်တော်တယ်၊


www.burmeseclassic.com

www.burmeseclassic.com


သူတို့ဟာ လူသတ်မှုနဲ့မပတ်သက်တဲ့ လူတစ်ယောက်ကို မတရားနိုင်စက်ပြီး လူသတ်မှုတရားခံအဖြစ် ဂန်ခံခိုင်းနိုင်တယ်၊ ရှင်ဟာ ညှင်းပန်း နှိပ်စက်မှုကို မခံနိုင်တဲ့ နောက်ဆုံးမှာ တရားခံအဖြစ် ဂန်ခံရမှာပဲ`` ဟုပြောလေ၏။

မောင်မိုးက မခံချိမခံသာဟန်ဖြင့် အံကို ကြိတ်လိုက်ပြီး ``နေပါဦး ဒါလို့ပုက်ချက်ပဲ ဆရာမက ဘယ်လိုသိနေတာလဲ`` ဟုမေးမြန်းလေ၏။ လှိုင်ထိပ်ထားက ``ကျွန်မတို့ကျောင်းမှာ နေတဲ့အေးမီဆိုတဲ့ မိန်းကလေးဟာ မြို့ပိုင်မင်းအိမ်မှာ အိမ်စေလုပ်တယ်လေ၊အေးမီဟာ မြို့ပိုင်မင်းရဲ့ ကောက်ကျစ် ယုတ်မာတာကို ကြားသိခဲ့တယ်၊ ဒါကြောင့် မြို့ပိုင်မိသားစုရဲ့ အကြံကို ကျွန်မ ကြိုသိနေတာပဲ၊ ဒီနေ့ညနေ မအေးမီ အိမ်ပြန်လာတော့ ဘုန်းကြီးကျောင်းကို ညနက်ပိုင်းမှာ ပုလိပ်တွေ ဝိုင်းမယ်လို့သိရတယ်၊ ဒါကြောင့် ကျွန်မအချိန်မီ လာကယ်နိုင်တာပဲ``ဟုပြောလေ၏။

မောင်မိုးသည် လှိုင်ထိပ်ထားခင် စကားကြောင့် သူ၏လက်သီးကိုဆုပ်ပြီး ``ဒီအတိုင်းဆိုရင် မြို့ပိုင်သားက အတော် ယုတ်မာ ကောက်ကျစ်တာပဲ ကျုပ်ဒီကောင့်ကိုလုံးဝမကျေနပ်နိုင်ဘူး``ဟုပြောလေရာလှိုင်ထိပ်ထားက ``ရှင်မကျေနပ်ရင်လည်းဒီအချိန်မှာဘာမှမတတ်နိုင်ဘူး၊ရှင်အမြန်ဆုံး ဒီမြို့က ထွက်ပြေးရမယ်၊ ဒီမြို့မှာ ရှင့်အတွက်လုံခြုံမှုမရှိဘူး၊ ရှင်လွတ်

www.burmeseclassic.com

www.burmeseclassic.com

ပြောက်ဖို့အတွက် ကျွန်မ အစွမ်းကုန် ကူညီပေးပါ့မယ်၊ လောလောဆယ် ဒီနောက်ကအခန်းလေးမှာ နေရမယ်၊သတိထားရမှာ အိမ်ထဲက အိမ်ပြင် မထွက်ဘဲသစ်လုံးအိမ်ထဲမှာငြိမ်ငြိမ်သက်သက်နေဖို့ပဲ```ဟု မှာကြားလေ၏။ ထိုနောက် မောင်မိုးသည် သစ်လုံးအိမ်လေး၏ အနောက်ရှိ အခန်းထဲသို့ ဝင်ရောက်ခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com


မောင်မိုးသည်အခန်းထဲရှိကွပ်ပစ်လေးပေါ်တွင်လှဲရင်း ယုတ်မာကောက်ကျစ်သောမြို့ပိုင်သား၏စိတ်ဓါတ်ကို ဒေါသပုန်ထနေမိ၏။ မြို့ပိုင်သားသည် သေးငယ်သော ရန်ငြိုးရန်စကိုအကြောင်းပြုပြီး မိမိကို သူလျှိုတစ်ယောက်အဖြစ်ထောင်ထဲသို့ နှစ်ရှည်ပို့ဆောင်ရန် ကြံစည်ခြင်းသည် ယုတ်မာကောက်ကျစ် လွန်းလှ၏။ မောင်မိုးသည် ထိုအကြောင်းကို တွေးမိပြီး ပို၍ဒေါသပုန်ထလာကာ မြို့ပိုင်သားကို ကိုယ်တိုင်သွားရောက် ဆုံးမချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



များ တဖွါးဖွါး ပေါ်ပေါက်လာ၏။ နောက်ဆုံးတွင် မိမိစိတ်ကို ထိန်းချုပ်မရနိုင်တော့ဘဲ အိမ်ထဲမှ အသံမကြားအောင် တိတ်တဆိတ် ထွက်ပြီး ခြံတံခါးကို ဖွင့်ကာ မြို့ပိုင်မင်း၏ နေအိမ်ဘက်သို့ ထွက်ခဲ့လေ၏။

မြို့ပိုင်မင်း၏ အိမ်သည် မြို့တောင်ဘက်တွင် ရှိလေ၏။ မောင်မိုးသည် မြို့ပိုင်မင်း၏ အိမ်ပတ်ဝန်းကျင် အမှောင်ရိပ်ထဲတွင် ပုန်းအောင်းပြီး အကဲခတ်လေရာ ဒရဂမ် အိပ်ပျော်နေကြောင်း တွေ့ရလေ၏။ မောင်မိုးသည် အုတ်တံတိုင်းကို ကျော်တက်ကာ တိုက်ကြီးအနီးသို့ ခြည်းကပ်သွားပြီး ပြတင်းပေါက်ပေါင်များကို တွယ်ကပ်တက်ပြီး ဝရန်တာကို ကျော်နင်းဝင်ရောက်သွားလေ၏။ ဝရန်တာသို့ ရောက်သောအခါ တံခါးမကြီးကို ဖွင့်ရက်သား ဖြစ်နေသဖြင့် အိမ်ထဲသို့ အလွယ်တကူ ဝင်ရောက်သွား၏။

အိမ်ထဲသို့ချည်းနင်း ဝင်ရောက်သွားသောအခါ မီးရောင်မှိန်မှိန် လင်းနေသောအခန်းထဲတွင်အိပ်ပျော်နေသောမြို့စားမင်းနှင့် မြို့စားကတော်ကြီးကို တွေ့ရလေ၏။ မောင်မိုးသည် ဒုတိယမြောက် အခန်းတစ်ခန်းသို့ တိုးကပ်ပြီး ကြည့်လိုက်သောအခါ အခန်းထဲတွင် အိပ်စက်နေသော မြို့ပိုင်သားကို မြင်ရသဖြင့် ဒေါသစိတ်များ ထောင်းခနဲ ဖြစ်ပေါ်လာပြီး အခန်းထဲသို့ ဝင်ရောက်ရန် တံခါးကို တွန်းကြည့်ရာ အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com


အထဲမှ ချက်ချထားကြောင်း တွေ့ရလေ၏။ မောင်မိုးသည် အခန်းထဲသို့ ဝင်ရောက်ပြီးမြို့ပိုင်မင်းကိုဆုံးမရန်အတွက် အခက်တွေ့သွားပြီး နောက်မှ အကြံရကာ အခန်းတံခါးကို တဒေါက်ဒေါက် ခေါက်လေ၏။

မြို့ပိုင်သားသည်တံခါးခေါက်သံကြောင့် လန့်နိုးသွားပြီး ``ဘယ်သူလဲ`` ဟုမေးမြန်းလေ၏။ မောင်မိုးက မဖြေတော့ဘဲ တံခါးကိုသာ ဆက်လက်ပြီး ခေါက်နေလေ၏။ မြို့ပိုင်သားသည် တံခါးခေါက်သံကိုသာ ကြားနေရပြီး ခြေသံမကြားရသဖြင့် ဒေါသတကြီးဆဲဆိုပြီး တံခါးကို ထဖွင့်လေ၏။

မောင်မိုးသည် တံခါးပွင့်သွားသည်နှင့် မြို့ပိုင်သား၏မျက်ခွက်ကို လက်သီးဖြင့်ဒိုင်းခနဲထိုးလိုက်ရာ မြို့ပိုင်သားအခန်းထဲသို့ ပက်လက်လန်လဲလေ၏။ မောင်မိုးသည် အခန်းတံခါးကို လျှင်မြန်စွာ ပိတ်လိုက်ပြီး မြို့ပိုင်သား၏ လည်ကုတ်ကို ချုပ်ကိုင်ကာ ခုတင်ပေါ်သို့ တွန်းတင်လိုက်၏။

ထိုနောက်မြို့ပိုင်သား၏ မျက်နှာကို ဖြန်းခနဲချလိုက်ပြီး`` ဟေ့ကောင်.. ငါ့မျက်နှာကိုသေသေချာချာကြည့်စမ်း`` ဟုဆိုလိုက်၏။ မြို့ပိုင်သားသည် မောင်မိုး၏ မျက်နှာကို သေချာစွာ ကြည့်လိုက်ပြီး ``ဟင်..ဗယာကြော် ရောင်းတဲ့ကောင်မင်းဘယ်လိုငါ့အခန်းထဲကိုဝင်လာတာလဲ`` ဟုမေးမြန်း၏။မောင်မိုးက မြို့ပိုင်သားကို ဒေါသတကြီး ကြည့်ပြီး ``မင်းငတော်


www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓါတ် အောက်တန်းကျတဲ့ကောင်ပါလား။ မင်းဟာ မြို့ပိုင်သား ဖြစ်ပြီး ငါ့ဆီက ဗယာကြော်ကို အကြွေးဝယ်စားပြီး ပိုက်ဆံမပေးဘဲ နေတယ်၊ အကြွေးတောင်းတဲ့အခါမင်းတို့ မပေးတဲ့အတွက် ရန်ပွဲတွေဖြစ်ခဲ့တယ်၊ တကယ်တော့ ဒီကိစ္စဟာသရေ ဖြစ်သွားပြီ၊ တစ်ယောက်နဲ့ တစ်ယောက် ရန်ငြိုးဖွဲ့ပြီး ကောက်ကျစ်မှုတ်မာဖို့ မသင့်ဘူးကွ``ဟုဆိုလိုက်ရာ မြို့ပိုင်သားက``ဟားဟား..ဒီအချိန်ကစပြီး မင်းတော့ မလွယ်တော့ဘူး၊ မင်းကို သူလျှိုမှုနဲ့ ထောင်ဒဏ်နှစ်ရှည်ကျလိမ့်မယ်``ဟုပြောလေရာ မောင်မိုးသည် ဒေါသပုန်ထပြီးမြို့ပိုင်သားကို လက်သီးဖြင့် တစ်ချက်ပြီး တစ်ချက်ဆင့်ထိုးရာ မြို့ပိုင်သား မေ့မြောသွားလေ၏။

မောင်မိုးသည် မြို့ပိုင်သားကို ဆုံးမလို့မပနိုင်သေးဘဲလွန်စွာ စတိုင်ထုတ် လေ့ ရှိသော မြို့ပိုင်သားကို ဆုံးမလိုသဖြင့် စားပွဲပေါ်ရှိ ကတ်ကြေးကို ယူကာ မြို့ပိုင်သား တသသ လုပ်နေသော ဘိုကေကို ကွတ်တိကွက်ကျား ဖြစ်စေရန် ကတ်ကြေးဖြင့် ညှပ်ပစ်လိုက်၏။

မနက် မိုးလင်း မြို့ပိုင်မင်းသား မေ့မြောနေရာမှ လန့်နိုးလာသောအခါ ကွတ်တိကွက်ကျား ဖြစ်နေသော ဘိုကေကို မြင်လျှင် မူးမေ့လဲမတတ် စိတ်ဆင်းရဲမှာ သေချာ၏။


www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးသည် မှောင်ရိပ်ခိုပြီး ဆရာမ အိမ်သို့ အန္တရာယ် ကင်းစွာ ပြန် လာနိုင်ခဲ့၏။နံနက်သို့ရောက်သောအခါ လှိုင်ထိပ်ထားက မောင်မိုးစားရန် ကောက်ညှင်းပေါင်း ပန်းကန်ယူလာပေးပြီးနောက် မောင်မိုး၏ မျက်နှာ ကိုကြည့်ပြီး ``ရှင်ဟာ ပြဿနာကို မီးခွက်ထွန်းပြီးရှာတဲ့သူပဲ၊ ရှင့်ရဲ့ မိုက်ရူးရဲ လုပ်ရပ်ကြောင့် မြို့ထဲမှာပုလိပ်တွေ ခြေချင်းလိမ်နေပြီ``ဟု ပြောလေရာ မောင်မိုးက``ကျုပ်က ဘာကြောင့်မိုက်ရူးရဲ အလုပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရမှာလဲ``ဟုမေးမြန်းလေ၏။ လှိုင်ထိပ်ထားက``ကျွန်မ ညတုန်းက သတိနဲ့ အိပ်တော့ ခြံတံခါး ဖွင့်သံတိုးတိုးလေး ကြားရတယ်၊ ဒါကြောင့် မသ်ကလို့ ကြည့်လိုက်တော့ ရှင့် အိပ်ယာမှာ ရှင်မရှိဘူး၊ ဒီကတည်းက ရှင်မြို့ပိုင်သားကို ဆုံးမမယ်ဆိုတာကျွန်မ ရိပ်စားမိတယ်၊ ဒီနေ့ မနက် ကျွန်မ ထင်ထားတဲ့အတိုင်း မြို့ထဲမှာ ပုလိပ်တွေ ခြေချင်းလိမ်နေပြီ၊ ရှင့်လုပ်ရပ်ဟာ သိမ်မွှားတယ်၊ ဒီပုံအတိုင်းဆိုရင် ပုလိပ်တွေဟာ ဒီမြို့မှာ ရှင် ရှိနေတာ ရိပ်စားမိသွားပြီ၊ သူတို့ မြို့အဝင်အထွက် တွေကို ပိတ်ဆို့ပြီး ရှာလိမ့်မယ်၊ သံသယဖြစ်တဲ့ နေအိမ်တွေကိုလည်း ရှာဖွေလိမ့်မယ်၊ ရှင် ဒီမြို့က ရှောင်ပြေးဖို့ သိပ်ခက်သွားပြီ``ဟုပြောလေ၏။ မောင်မိုးသည် သူမ၏ စကားကြောင့် မိမိ၏ လုပ်ရပ်ကို နောင်တရချင်သလိုလို ဖြစ်သွားသော်လည်း မြို့ပိုင်သားကို ဆုံးမလိုက်ရသဖြင့် ကျေနပ်အားရ စိတ်များ ဖြစ်ပေါ်လာပြီး``ဘာပဲဖြစ်ဖြစ် ဒီကောင်ကို ကျူပ် လက်သီးစာ ကောင်းကောင်း ကျွေးလိုက်ရတယ်၊ သူ့အင်မတန် တန်ဖိုးထားတဲ့ ဘိုကေ ကိုတောင်ကျူပ် ကပ်ကြေးနဲ့ တစစီထိုးကိုက်ခဲ့တယ်``ဟုပြောလေရာ လှိုင်ထိပ်ထားသည် သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး``ရှင်ဟာ တော်တော်ကို ကလေးဆန် နေသေးတာပဲ နော်၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ အစွမ်းကုန် ကြိုးပမ်းပြီး ဒီမြို့က ထွက်လို့ရအောင် လုပ်ရမှာပဲ၊ ရှင် ဒီမြို့က


www.burmeseclassic.com

www.burmeseclassic.com

ထွက်လို့ရအောင် ကျွန်မအစွမ်းကုန်ကူညီပါ့မယ်``ဟုပြော၏။ မောင်မိုးက ``ဆရာမလည်း.. ကျုပ်ကြောင့် ပင်ပန်းဆင်းရဲလှပါပြီဗျာ.. ဆရာမကို အားနာပါတယ်ဗျာ``ဟုပြောလေရာလှိုင်ထိပ်ထားခင်က``ရှင် ကျွန်မကို အားနာစရာမလိုပါဘူးရှင်၊ ဒုက္ခရောက်နေသူတွေကို ကိုယ်တတ်စွမ်းသမျှ ကူညီမယ်လို့ ဆရာတော်ကြီးကို ကတိပေးထားပါတယ်``ဟုပြောလေ၏။

မောင်မိုးသည် လှိုင်ထိပ်ထား၏ စကားကြောင့် မျက်မှောင်ကို ကြုတ်ပြီး ``လူတွေကို ကူညီရမယ်လို့ ဆရာတော်ကြီးကို ကတိပေးထားတယ် ဟုတ်လား``ဟုမေးမြန်းလေ၏။လှိုင်ထိပ်ထားကသက်ပြင်းချပြီး

``ဒီအကြောင်းတွေ ပြောပြရင် ရှည်လျားထွေပြား လွန်းပါတယ်၊ ကျွန်မ အေးအေး ဆေးဆေးမှ ပြောပြပါမယ်၊ အရေးကြီးတာက ကျွန်မနေတဲ့ အိမ်နဲ့ ဆရာမကြီးဒေါ်မိန်းကလေးရဲ့အိမ်ကနီးတယ်၊ ဒါကြောင့် ရှင်အနေ အထိုင် ဆင်ခြင်ဖို့လိုတယ်၊ ကျွန်မဒီနေ့ ကျောင်းမှာ စာသင်ချိန် ရှိတယ်၊ စာသင်ချိန်ပြီးရင် ရှင့်ဆီကို ပြန်လာပြီး ရှင်စားဖို့ တစ်ခုခု လုပ်ပေးမယ်၊ ရှင်ပျင်းရင်ဖတ်ဖို့ စာအုပ်တွေရှိတယ်``ဟုဆိုကာ အခန်းထဲမှ ထွက်သွား လေ၏။


www.burmeseclassic.com

www.burmeseclassic.com

လှိုင်ထိပ်ထားသည် နေ့လယ်ခင်း စာသင်ပြီးသောအချိန်၌ ပြန်လည်ရောက်ရှိလာပြီး မောင်မိုး စားသောက်နိုင်ရန် အတွက် ခေါက်ဆွဲကြော်တစ်ထုပ် ကိုယူဆောင်လာ၏။ မောင်မိုး ခေါက်ဆွဲကြော် စားပြီးနောက် လှိုင်ထိပ်ထားက သူ၏ အရှေ့စားပွဲသို့ ရေနွေးကြမ်းခရားကို ယူဆောင်လာပြီး ``ကျွန်မဘဝရဲ့ နောက်ကြောင်းတွေကို ရှင်သိအောင် ပြောပြချင်တယ်`` ဟုဆိုလိုက်ရာ မောင်မိုးသည် အလွန် စိတ်ဝင်စားသွားပြီး ``ပြောပါဦး ကျုပ်က ဆရာမဘဝကို စိတ်ဝင်စားနေတာ`` ဟုဆိုလိုက်၏။ လှိုင်ထိပ်ထားက ကျွန်မဘဝနောက်ကြောင်းက အလွန် ထူးဆန်းပြီး စိတ်ဝင်စားဖို့ တကယ် ကောင်းပါတယ်၊ ဆန်းကြယ်ထွန်းတဲ့ ဖြစ်ရပ်တွေကြောင့် ကြားရတာယုံနိုင်မယ်တောင် မထင်ဘူး`` ဟုပြောကာ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်၏။ ထိုနောက် လေသံတိုးတိုးဖြင့် ``ကျွန်မရဲ့ မိခင်ဟာ မြစ်ဝကျွန်းပေါ်ဇာတိ ရွာကလေးတစ်ရွာကပါ၊ အမေဟာ အားကိုးစရာ မိဘလည်းမရှိဘဲ ရွာစဉ်လှည့် အကြော်ရောင်းပြီး ဆင်းရဲနွမ်းပါးစွာ အသက်မွေးဝမ်းကြောင်းခဲ့ပါ တယ်၊ တစ်နေ့အမေဟာ အကြော်ရောင်းရင်း ပင်ပန်းလွန်းလို့ ဇရပ်ပျက်တစ်ဆောင်မှာ ဝင်ထိုင်ပြီး အနားယူနေမိတယ်၊ ဒီလို အနားယူ နေတုန်း လူရမ်းကားသူဌေးသား တစ်ယောက်ရဲ့အနိုင်ကျင့်စော်ကားခြင်းခံလိုက်ရတယ်၊ ဒီတော့ မိခင်က


www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းပက်လက်နဲ့ သူဌေးသားရဲ့ မိဘတွေကို သွားရောက် တိုင်ကြားခဲ့ပါတယ်၊ ဒါပေမဲ့ သားသမီးချင်း မစာနာဘဲ ငွေဂုဏ်ရဲ့ မျက်နှာကိုသာ ကြည့်တဲ့ သူဌေးမိသားစုရဲ့ မတူမတန်တဲ့ စကား တွေကိုသာ ကြားခဲ့ရပြီး အမေကို စော်ကားတဲ့ ကာယကံရှင် သူဌေး သားကိုယ်တိုင် အမေ့ကို မြင်တောင်မမြင်ဖူးပါဘူးလို့ လိမ်ညာပြောဆို ခဲ့တယ်၊ ဒီအခါမှာ သူဌေးမိသားစုက မိခင်ကို သူတို့ရဲ့ ငွေဂုဏ်တွေကို မက်မောပြီး သူဌေးသားကို အရရှိုင်ချင်တဲ့ မိန်းမ၊ ငါတို့သားနဲ့ အမေနဲ့တူသလားတန်သလား ပိုင်းလုံးမဆိုတဲ့ ရိုင်းပြတဲ့ စကားတွေ ပြောဆိုပြီး အိမ်ပိုင်းထဲက ဆွဲထုတ်ခဲ့တယ်၊ အမေဟာ လူလယ်ခေါင်မှာ သူ့အရှက်ခွဲခံရတဲ့အတွက် ရင်ထဲမှာ နာကျင်လွန်းလို့ လူယုတ်မာရဲ့ မျက်နှာကို မီးဟင်းဟင်းတောက်တဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး``ရှင်ဟာ လူယုတ်မာ ကျွန်မဘဝကို ရှင့်ရဲ့ တဏှာရာဂအတွက် ရက်ရက်စက်စက် ဖျက်ဆီးခဲ့တယ်၊ ရှင့်ရဲ့ယုတ်မာမှုတွေကိုမဟာပထဝီမြေကြီးကို သက်သေ ပြုပါ တယ် လို့ဆိုပြီး မြေကြီး လက်တစ်ဆုပ်ကို ကောက်ယူပြီး လက်နဲ့ ဆုပ်လိုက်တယ်၊ ပြီးတော့ ရှင့်ရဲ့ယုတ်မာ ကောက်ကျစ်မှုတွေအတွက် သွေးပွက်ပွက်အန်ပြီး သေပါစေလို့ မဟာပထဝီမြေကြီးကို သက်သေ ပြုပြီး ဆုတောင်းခဲ့တယ်။ ဒီအခါမှာ လူယုတ်မာသူဌေးသားက အမေ့ရဲ့


www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းကို တဟားဟား ရယ်မောပြီး ပြက်ရယ်ပြုတယ်၊အမေဟာ အကြော်ရောင်းပြီး အဖေမပေါ်တဲ့ ကလေးကို မွေးခဲ့ရတယ်၊ ဒါ့ကြောင့် အမေဟာ ရပ်ထဲရွာထဲမှာ အရှက်တကွဲ အကျိုးနည်းပြီး ကျွန်မကို မွေးခဲ့ရတယ်။ ဒီဖြစ်ရပ်မှာ ထူးခြားတာ တစ်ခုကတော့ အမေ့ကို စော်ကားသွားတဲ့ ကျွန်မအဖေ လူယုတ်မာဟာ သွေးပွက်ပွက်အန်ပြီး သေဆုံးခဲ့ရတယ်၊ တိုက်ဆိုင်မှုလား အမေ့ ကျိန်စာရဲ့ အစွမ်းပဲလား မသိဘူး၊ ကျွန်မအဖေ လူယုတ်မာသေပြီးတော့ အဖေ့ရဲ့ မိဘတွေဟာ သူတို့သား သေဆုံးတဲ့ ဖြစ်ရပ်နဲ့ ပတ်သက်ပြီး အလွန် ထိတ်လန့်တုန်လှုပ်ပြီး အဖေ့ဆီမှာလာ တောင်းပန်ကြတယ်၊ ကျွန်မကိုလည်း ကျေးမွေးပြုစု ပါရစေလို့ တောင်းဆိုကြတယ်၊ မာန်မာနကြီး တဲ့ အမေဟာ သူတို့ရဲ့ တောင်းဆိုမှုကို လက်မခံဘဲ ငြင်းဆန်ခဲ့တယ်၊ နောက်ဆုံးတော့ အမေဟာ ကျွန်မကို ပင်ပန်းဆင်းရဲစွာနဲ့ မွေးဖွါးခဲ့ရတယ်၊ နောက် ကျွန်အသက် ၁၈နှစ်အရွယ်မှာ ကျွန်မ ကို တစ်ယောက်တည်းထားပြီး လူ့လောကထဲက ထွက်သွားခဲ့တယ်၊ အမေ မရှိတဲ့ အချိန်က စပြီး ကျွန်မ ဘဝရဲ့ ငရဲစတင်တာပဲ။ ကျွန်မဟာ ကျွန်မရဲ့ အဒေါ်ဆိုတဲ့ အလွန် ယုတ်မာတဲ့ မိန်းမကြီး ဆီကို ရောက်သွား ခဲ့ရတယ်၊ မိန်းမကြီးမှာ သမီးနှစ်ယောက်ရှိတယ်၊ မိန်းမကြီးရဲ့ သမီးတွေကလည်း မိန်းမကြီးလိုပဲ


www.burmeseclassic.com

www.burmeseclassic.com

စိတ်သဘောထား ယုတ်မာတယ်။တကယ်တော့ သူတို့ဟာ ကျွန်မကို
တစ်ယောက်လို သဘောထားပြီး မွေးဖွါးခဲ့တာ မဟုတ်ဘူး၊ သူတို့
အိမ်မှာ အခိုင်းအစေ တစ်ယောက်လို သဘောထားဖို့ မွေးဖွါးခဲ့တာ
သူတို့နဲ့ နေရတဲ့ ကျွန်မဘဝဟာ တကယ့် ဘဝငရဲပါပဲ၊ သူတို့
ကျွန်မကို မဂရေစာ ကျေးပြီး အရွယ်နဲ့ မမျှအောင် ခိုင်းစေခဲ့ကြတယ်
သူတို့ စိတ်ထဲမှာ မထင်ရင်မထင်သလို ရက်ရက်စက်စက် နှိပ်စက်
ခဲ့ကြတယ်၊ ကျွန်မဟာ ညစာ မစားဘဲ ငိုခဲ့ရတဲ့ နေ့တွေ သိပ်များတယ်
အဲဒီတုန်းက လူမမယ် ကလေးငယ် အရွယ်မို့ အလွန်စိတ်အားငယ်ပြီး
ငိုနေဖြစ်တာများတယ်``ဟုပြောရင်းသူမ စကားကို ခဏမျှရပ်
ရေနွေးကြမ်း တစ်ခွက်ကို ငုံ့သောက်နေလေ၏။ မောင်မိုးသည် သူမ
စကားကို စိတ်ဝင်စားစွာ နားထောင်နေမိ၏။

လှိုင်ထိပ်ထားခင်က ဆက်လက်ပြီး`` ညတစ်ညမှာ ကျွန်မရဲ့
အပြောင်းလဲကြီး ပြောင်းလဲခဲ့တယ်၊ အဲဒီညက အဒေါ်ဟာ ဂက်သား
ရလာလို့ အချိန်မတော်မှ ဟင်းချက်ပြီး ကျွန်မကို ကြည့်ခိုင်းတယ်
ကျွန်မဟာ တစ်နေကုန် သူတို့သားအမိတွေ အရွယ်နဲ့မမျှအောင် ခိုင်း
တဲ့ ဒဏ်ကြောင့် ဂက်သားဟင်းကြည့်ရင်း မေးခနဲအိပ်ပျော်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မလန့်နိုးလာတော့ ဝက်သားဟင်းအိုး တူးနေပြီ။ ဝက်သားတူးတာကိုလည်း သိရော အစားမက်တဲ့ အဒေါ်ဟာ ကျွန်မကို ဒေါသတကြီး ရိုက်နှက်ခဲ့တယ်၊ လူမမယ်ကလေးသာသာ ရှိတဲ့ ကျွန်မကို ရက်ရက်စက်စက်ရိုက်နှက်ရုံနဲ့ အားမရသေးဘဲ ``နင့်မှာအပြစ်ရှိတဲ့ အတွက် တစ်ညလုံးအိမ်ပြင်မှာအိပ်ပေတော့`` ဆိုပြီးကျွန်မကို ညမှောင်ကြီးမည်းမည်း ထဲမှာအိမ်ပြင်ကို အတင်းဆွဲထုတ်ခဲ့တယ်။ အဲဒီတုန်းက ကျွန်မဟာ လူမမယ် ကလေးငယ် သာသာ ဖြစ်လို့ အင်မတန် ကြောက်ရွံ့ တုန်လှုပ်ခဲ့တယ်။ကြောက်လွန်းလို့ အိမ်ထဲဝင်ခွင့် ပေးဖို့ အကြိမ်ကြိမ် ငိုယိုပြီး တောင်းပန်နေခဲ့တယ်။ ဒါပေမဲ့ သားသမီးချင်းမညှာတာတဲ့ အဒေါ်ဟာ ကျွန်မလို လူမမယ်ကလေးငယ်လေးကို ညအချိန် မတော် အိမ်ပြင် ထုတ်ထားခဲ့တယ်၊ ဒီလိုနဲ့ ကျွန်မဟာ အိမ်အပြင်က ကြောက်လွန်းလို့ ဒီလိုတောင်းပန် နေပေမဲ့ မထူးတဲ့အဆုံးမှာ ကြောက်လွန်းလို့ ဘုန်းကြီး ကျောင်းဘက်ကို ပြေးခဲ့တယ်၊ ကလေးပီပီ ကြောက်ရွံ့တုန်လှုပ်တဲ့အခါ ဘုန်းကြီးကျောင်းကို အားကိုးအားထား တစ်ခုအနေနဲ့ သွားရောက် ခဲ့တာပါ။ ဒီလိုနဲ့ အမှောင်ကြီးထဲမှာ ကြောက်အားလန့်အားနဲ့ ပြေးထွက်ရင်း ဘုန်းကြီးကျောင်းကို ရောက်ခဲ့တယ်၊ ကျောင်းဝန်းထဲကို ရောက်တော့ ကျောင်းဝန်း အနောက်က ဇရပ်မှာ မီးအိမ်လေးတစ်လုံး လင်းနေတာ


www.burmeseclassic.com

www.burmeseclassic.com


တွေ့တယ်ဒါနဲ့ ကျွန်မဟာ မီးရောင်ရှိရာ ဘက်ကို အားကိုးအားထားပြုပြီး ရောက်ရှိသွားခဲ့တယ်။ ဇရပ်ပေါ်ကို ရောက်သွားတော့ တရားထိုင်နေ ရသေ့ကြီးတစ်ပါးကို တွေ့လိုက်ရတော့တယ်။ ရသေ့ကြီးဟာ ဘုန်းကြီး ကျောင်းဇရပ်မှာ နေနေတာ နှစ်တော်တော်ကြာပြီဆိုတာ ကျွန်မ သိတယ် ကျွန်မဟာ ရသေ့ကြီးကြီးအနီးကို အားကိုးတကြီးနဲ့ တိုးကပ် သွား တယ် ရသေ့ကြီးက တရားထိုင် နေရာက မျက်လုံးဖွင့် ကြည့်ပြီး ``ညကြီး အချိန်မတော် ဘာဖြစ်လို့ ရောက်လာတာလဲ သမီး``လို့ ရသေ့ကြီး မေးလိုက်တော့ ကျွန်မရဲ့ စိတ်ထဲမှာ ပိုပြီးဝမ်းနည်းလာပြီး ကျွန်မ ဘဝရဲ့တွေကို ရသေ့ကြီးကို ငိုယိုပြီး ပြောပြနေမိတယ်၊ ရသေ့ကြီးဟာ ကျွန်မရဲ့စကားတွေကို ဆုံးအောင်နားထောင်ပြီး ``ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခကြီးလိုက်တဲ့ သမီးရယ်..သမီးရဲ့ လက်လေးကိုပေးစမ်းပါ လို့ဆိုပြီး ရသေ့ကြီးဟာ ကျွန်မလက်လေးကို ဆုပ်မျက်လုံးမှိတ်ပြီး အာရုံ ကြည့်တယ်၊ ခဏကြာသွားတော့ ရသေ့ကြီးရဲ့ မျက်နှာဝင်းပ သွားပြီး ``ငါ့သမီး ဘာမှမပူနဲ့တော့ ငါ့သမီးနဲ့ အဘဟာ ပဋ္ဌာန်းဆက်တွေပဲ အဘတို့ ပဋ္ဌာန်းဆက်တွေဟာ ကိုယ်နဲ့ ပဋ္ဌာန်းဆက် ပါသူတွေကို ရှာ ဖွေပြီး ကူညီပေးရမယ်လို့ ဆိုလိုက်တော့ ကျွန်မက သမီးက ကိုယ့် ကိုယ်ကိုယ်တောင်မကူညီနိုင်တာ သူများကို ဘယ်လို ကူညီနိုင်မှာလဲ


www.burmeseclassic.com

www.burmeseclassic.com


နောက်ပြီး ကိုယ်နဲ့ ပဋ္ဌာန်းဆက် ရှိမရှိ သမီးဘယ်လို သိမှာလဲလို့ ရသေ့ကြီးကို မေးကြည့်လိုက်တယ်၊ရသေ့ကြီးက``ပဋ္ဌာန်းဆက် ရှိမရှိ ရင်ထဲကအလိုလို သိလာလိမ့်မယ်၊ သမီးဟာ လူတွေကို ကူညီဖို့ မွေးဖွါး လာတာလို့ သဘောထားပါ၊ သမီးမှာ ကြုံတွေ့နေတဲ့ အခက်အခဲ တွေ ကိုလည်း လူတွေကို ကူညီ နေတယ်လို့ သဘောထားပါလို့ ပြောတယ်၊ ဒီတော့ကျွန်မက အဒေါ်နဲ့ သမီးနှစ်ယောက်က ကျွန်မကို နိပ်စက်လွန်းတဲ့ အကြောင်းပြောပြလိုက်တယ်၊ရသေ့ကြီးက ``ဒီအတွက်မပူနဲ့တော့ သမီး၊ သမီးကို အဘ ကာကွယ်ပေးမယ်၊ အကာအကွယ်အနေနဲ့ ဟောဒီက ခါတ်လုံး လက်စွပ်လေးကို ဝတ်ထား``ဆိုပြီး သူ့လက်မှာဝတ်ထားတဲ့ လက်စွပ်လေးကို ကျွန်မကို စွန့်ကြဲလိုက်တယ်။ မောင်မိုးက ဆရာမရဲ့ ခါတ်လုံးလက်စွပ်လေးကို လှမ်းကြည့်လိုက်မိ၏။ ဆိုင်ထိပ်ထားက ``ဒီလက်စွပ်လေးရဲ့ အစွမ်းက သိပ်ထူးခြားတယ်၊ဒီလက်စွပ်လေး ကျွန်မ ဆီရောက်တဲ့အချိန်ကစပြီး အဒေါ်နဲ့ သမီးနှစ်ယောက်ထူးထူးခြားခြား ပြောင်းလဲသွားပြီး ကျွန်မကို အနိုင်မကျင့်တော့ဘူး၊ သူတို့ဟာ ကျွန်မကို မုန်းတီးစိတ်ရှိပေမဲ့ အနိုင်ကျင့် စော်ကားလိုစိတ် မရှိတော့ဘူး၊ ကျွန်မရဲ့ ကံကြမ္မာလည်း ထူးထူးခြားခြား ပြောင်းလဲမှု တွေ ဖြစ်ခဲ့တယ်၊


www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့တော့ ကျွန်မဟာ ကြီးပွါးတိုးတက် ချင်စိတ်နဲ့ ရှိစုမဲ့စုငွေလေး တွေစုပြီး ရွာထိပ်ကကုန်စုံဆိုင်ရှင် တရုတ်ကြီးကို အကူအညီတောင်းပြီး မြို့ပေါ်ထီဆိုင်က ထီတစ်စောင်ကို ထိုးခိုင်း လိုက်တယ်၊ တရုတ်ကြီးဟာ ကျွန်မမှာလိုက်တဲ့ ထီလက်မှတ်လေးကို မြို့က ဝယ်လာပေးတယ်၊ ဒီလိုနဲ့ ထီဖွင့်ချိန်ရောက်တော့ တရုတ်ကြီးမြို့တက်ပြီး ကုန်ဝယ်တဲ့အခါ ကျွန်မ ပိုင်တဲ့ ထီ လက်မှတ် လေးကို တိုက်ပေးဖို့ ပေးလိုက်တယ်၊တရုတ်ကြီးဟာ


www.burmeseclassic.com

www.burmeseclassic.com


ညနေစောင်းမြို့က ပြန်လာတဲ့အခါ ကျွန်မ်ရဲ့ ထီလက်မှတ်လေး မပေါက်ဘူးလို့ ပြောခဲ့တယ်၊ ကျွန်မလည်း မျှော်လင့်ချက်လေး ပျောက်သွား လို့ စိတ်ပျက်ပြီး ပြန်လာခဲ့တယ်။ နောက်တော့ ကျွန်မလည်း ထီ လက်မှတ်လေးကို မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့တယ်။ ကျွန်မ သတိထားမိတာက ဒီကိစ္စဖြစ်ပြီး သုံးလလောက်အကြာမှ တရုတ်ကြီးဟာ သူ့အိမ်ကို ဖျက်ပြီး အသစ်ပြန်ပြင် ဆောက်ခဲ့တယ်၊ သူ့ရဲ့ ဆိုင်ကိုလည်း နှစ်ဆသုံးဆလောက် တိုးချဲ့ခဲ့တယ်၊ တရုတ်ကြီးဟာ တရှိန်ထိုးစီးပွါးတိုးတက်သွားတာ အံ့မခန်းပါပဲ။ မကြာပါဘူး တရုတ်ကြီးရဲ့ လက်ရင်းတပည့် မောင်အုန်းကို သဘောမတွေ့လို့ အလုပ်ထုတ်ပစ်ခဲ့တယ်။ မောင်အုန်းဟာ တရုတ်ကြီးကို မကျေနပ်တဲ့အတွက် သူ့ဆရာရဲ့ ယုတ်မာ ကောက်ကျစ်မှုတွေကို လာပြီး ဖော်ထုတ်ခဲ့တယ်။ ဒီတော့မှ ကျွန်မရဲ့ထီလက်မှတ်လေးက ငါးသောင်းဆုပေါက်သွားတာ သိခဲ့ရတယ်။ ကျွန်မဟာ တရုတ်ကြီးကို ဒေါသ ချောင်းချောင်း ထွက်ခဲ့တယ်၊ ကျွန်မလို မိဘမရှိတဲ့ ခိုကိုးရာမဲ့ မိန်းကလေးတစ်ယောက်ရဲ့ငွေလေးကိုတောင် ဖြတ်စားရက်တယ် ဆိုပြီး တော့ ဂမ်းပန်းတနည်း ငိုယိုနေခဲ့မိတယ်၊ နောက်တော့မှ ကိုယ်နဲ့ မထိုက် သေးလို့ပေါ့ ဆိုပြီး ဂမ်းနည်း ငိုယိုတာကို ရပ်လိုက်တယ်။နောက်တော့ လက်စွပ်လေးရဲ့ အစွမ်းပဲလား တရုတ်ကြီးလည်း မဟုတ်တာလုပ်ခဲ့


www.burmeseclassic.com

www.burmeseclassic.com


အပြစ်ဒဏ်ခံရသလားမသိဘူး၊ အိမ်ဆောက်ပြီး နောက်နှစ်မှာ တရုတ်ကြီး အိမ်ကို ဓားပြတိုက်ခံရလို့ တရုတ်ကြီးလည်း ဆင်းရဲသွားတယ်၊ ဆင်းရဲပြီး တစ်လလောက်တောင်မကြာဘူး၊ အိမ်မီးလောင်ခံရလို့ တရုတ်ကြီး ရူးသွားတယ်။ဒီလိုနဲ့ ကျွန်မဟာ ဘုန်းကြီး ကျောင်းဇရပ်မှာ နေတဲ့ ရသေ့ကြီးကို ကိုးကွယ်ဆည်းကပ်ပြီး မကြာခဏ သွားလာနေခဲ့တယ်၊ တကယ်တော့ ကျွန်မရဲ့ ရသေ့ကြီးဟာ ကျောင်းထိုင်ဆရာတော်ကြီးရဲ့ အစ်ကိုအရင်း ဖြစ်ပေမဲ့ လောကီပညာရပ်တွေကို အလွန်ဝါသနာထုံလို့ လိုက်စားနေတာပဲ။ ရသေ့ကြီး ရဲ့လောကီပညာရပ်တွေကို အားကိုး အားထား ပြုချင်သူတွေဟာ ရသေ့ကြီးဆီကို ဆည်းကပ်ဖို့ ကြိုးစားကြတယ်၊ ဒါပေမဲ့ ရသေ့ကြီးဟာ ဘယ်သူကိုမှ ချည်းကပ်ဖို့ လက်မခံတဲ့အတွက် အခက်ကြုံနေကြတယ်။ ရသေ့ကြီးဟာ တစ်ရွာလုံးမှာ ကျွန်မတစ်ယောက်တည်းကို လက်ခံတာမို့ မနာလိုသူတွေက သွားပုတ်လေလွင့် ပြောချင်ကြတယ်။ဆရာ ရသေ့ကြီးဟာ တစ်ရွာလုံး ကြောက်ရတဲ့ ကျောင်းထိုင်ဆရာတော်ကြီးရဲ့ အစ်ကို ဖြစ်နေလို့သာ တော်သေးတယ်။ ဒီလို ရသေ့ကြီးဆီကို တစ်ဦးတည်း ဝင်ထွက်သွားလာခွင့် ရနေတဲ့ ကျွန်မကို စိတ်ယုတ်မာရှိတဲ့ အဒေါ်က မသွားရဘူးလို့ တစ်ချက်လွှတ် အမိန့်ထုတ်တယ်၊ ဒါကြောင့် ကျွန်မ ရသေ့ကြီးဆီကို ဝင်ထွက်သွား


www.burmeseclassic.com

www.burmeseclassic.com


လာတာကို အရင်ကထက် ဆင်ခြင်လာရတယ်။ ဓါတ်လုံး လက်စွပ်လေးမှာ ထူးခြားတဲ့ အစွမ်း ရှိတယ်ဆိုတာ သေချာပါတယ်၊ တခါက အဒေါ်အကြွေးယူထားတဲ့ မြို့က ပွဲရုံကိုအကြွေးသွားဆပ်ရင်း လမ်းမှာ ပတ္တမြားလက်စွပ်လေး တစ်ကွင်းကို ကောက်ရတယ်။ ကျွန်မဟာ ကြီးပွါး တိုးတက်ချင်စိတ် ရှိပေမဲ့ သူတစ်ပါးပစ္စည်းကို အပ်တိုတစ်ချောင်းတောင် လိုချင်စိတ် မရှိလို့ သူကြီးဆီမှာ သွားအပ်လိုက်တယ်။ နောက်ဆုံး ပိုင်ရှင် မပေါ်တဲ့အဆုံးမှာ စိတ်ကောင်းရှိတဲ့ သူကြီးဟာ ကျွန်မကို လက်စွပ် လေးကို ချီးမြှင့်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်အဒေါ်လောဘအိုးကြီးက ကျွန်မရဲ့ လက်စွပ်လေးကို အပိုင်သိမ်းလိုက်တာပါပဲ။ ဒီလိုနဲ့ ကျွန်မရဲ့ အခက် အခဲကြုံတိုင်း ဘုန်းကြီးကျောင်း ဇရပ်မှာနေတဲ့ ရသေ့ကြီးဆီကို တိတ်တခိုးသွားပြီး အကူအညီတောင်းရတယ်။ဒီလိုနဲ့ နှစ်တွေပြောင်းပြီး ကျွန်မအပျိုပေါက် အရွယ်မှာ စပါးပွဲစားမောင်မဲဆိုတာ ရွာကို ရောက်လာ ပြီး ကျွန်မကို မျက်စိကျရာက ပိုက်ဆံမက်တဲ့ အဒေါ့်ကို လက်ဆောင် ပဏ္ဏာအမျိုးမျိုးပေးပြီး ကျွန်မကို အရယူဖို့ကြံစည်တယ်။တစ်ညတော့ စိတ်ယုတ်မာရှိတဲ့ အဒေါ်ဟာ သားသမီးချင်း ကိုယ်ချင်းမစာဘဲ ပွဲကြည့် မယ်ဆိုပြီး အိမ်ကရှောင်ထွက်ပေးတယ်။ မောင်မဲဟာ ကျွန်မကို အန နည်းနဲ့ ကြိုးစားလို့ မရတဲ့အတွက် အဓမ္မနည်းနဲ့ ရယူဖို့ ကြံစည်


www.burmeseclassic.com

www.burmeseclassic.com

တာဖြစ်တယ်။ ဒါပေမဲ့ ကံကြမ္မာက ကျွန်မဘက်မှာ ရှိတာလား၊ လက်စွပ်လေးရဲ့ အစွမ်းလား မသိပါဘူး၊ ကျွန်မကို အဓမ္မပြုကျင့်ဖို့ ကြံစည်ပြီး ညအမှောင်ထဲမှာ အိမ်အနီးကို ချည်းကပ်လာရင်း ပိုးထိပြီး အသေဆိုးနဲ့ သေဆုံးရတယ်။ ဒီအချိန်ကစပြီး ကျွန်မဟာ ဆိုးရွားလှတဲ့ ကံကြမ္မာတွေကို ကြောက်ရွံ့ပြီး ဆရာရသေ့ကြီးဆီကို အပြေး ရောက်သွားခဲ့တယ်။ဆရာ ရသေ့က ကျွန်မကိုမြင်မြင်ချင်း ``ငါ့သမီး အချိန်ကျနေပြီ``လို့ပြောတယ်။ ကျွန်မက နားမလည်တာနဲ့ ``ဘယ်လိုအချိန်ကျတာလဲ``လို့မေးလိုက်တယ်။ ဆရာရသေ့က``လူတွေကို ကူညီဖို့ အချိန်ကျပြီလို့ ပြောတာ၊ ဒီအချိန်ကစပြီး ပဋ္ဌာန်းဆက်ရှိတဲ့လူ ဘယ်သူမဆို ငါ့သမီးကူညီရတော့မယ်``လို့ ဆိုပြီး ကျွန်မရဲ့ လက်မှာ ဝတ် ထားတဲ့ဓါတ်လုံးလက်စွပ်လေးကို ပြန်တောင်းပြီး နောက် လက်စွပ်တစ်ကွင်းကို ဝတ်ခိုင်းတယ်။ ဒီအချိန်ကစပြီး ကျွန်မရွာကထွက်ပြီး ပဋ္ဌာန်းဆက်ရှိတဲ့သူတွေတိုင်း ကူညီခဲ့တယ်။ ပဋ္ဌာန်းဆက်ရှိတဲ့လူကို ကျွန်မ ရင်ထဲမှာ အလိုလိုသိနေခဲ့တယ်။ ဟုပြောလေရာ မောင်မိုးက စိတ်ဝင်စားစွာ နားထောင်နေရာမှ``လူတွေကို ဘယ်လိုနည်းနဲ့ ကူညီခဲ့တာလဲ`` ဟုမေးမြန်းလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

လှိုင်ထိပ်ထားက ``ကျွန်မလို အားနဲ့တဲ့ မိန်းမသားတစ်ယောက်က လူတွေကို ကူညီတယ်ဆိုတော့ ရှင်အံ့ဩနေတာပေါ့၊ တကယ်တော့ လူတွေကို ကူညီဖို့ ရှင်ထင်သလောက် မခက်ပါဘူး၊ ရင်ထဲက အတ္တကို ဖယ်ထုတ်လိုက်ရင် အလိုလို ပရ ဖြစ်တာပါပဲ၊ အတ္တနဲ့ပရ ဆိုတာ ဒင်္ဂါးတစ်ချပ်ရဲ့ ခေါင်းနဲ့ပန်းလို ကျောချင်းကပ်နေတာပါ။ကျွန်မ ပထမဦးဆုံး ညောင်တုန်းဘက်ကို ရောက် သွားတော့ မနာမကျန်းဖြစ်နေတဲ့ အဘိုးအဘွား လင်မယားနှစ်ယောက်ကို သွားတွေ့တယ်။ အဘွားအို က အိပ်ယာထဲ လဲနေပြီး အဘိုးအိုကလည်း စိတ်သာဆောင်နေပြီး လဲလုနီးနီး ဖြစ်နေခဲ့ တယ်။ ကျွန်မဟာ အဘိုးအဘွား လင်မယားနှစ်ယောက်ကို ညောင်တုန်းဈေးမှာ ကုန်ခြောက်ဆိုင်လေး ဖွင့်ပြီး လုပ်ကျွေးပြုစုခဲ့တယ်၊ ကျွန်မရဲ့ ကုန်ခြောက်ဆိုင်လေးဟာ တစ်လနှစ်လအတွင်းမှာ လက်မလည်အောင် ရောင်းချရပြီး အဘိုးအဘွား လင်မယားလည်း ပြန်လည်ကျန်းမာလာခဲ့တယ်၊ ၆လအတွင်းမှာ အလွန်အောင်မြင်တဲ့ ကုန်ခြောက်ဆိုင်ကြီး တစ်ဆိုင် ဖြစ်ခဲ့တယ်၊ဒီတော့မှ ကျွန်မဟာ ကုန်ခြောက်ဆိုင်ကို အဘိုးအဘွား လင်မယားလက်အပ်ပြီး ထွက်ခွါလာခဲ့တယ်၊ ရန်ကုန် ညောင်တန်းဆိပ်ကမ်း ဘက်မှာလည်း ဒုက္ခရောက်နေတဲ့ တံငါသည် သားအမိနှစ်ယောက်ကို ကူညီထောက်ပံ့ပေးခဲ့တယ်´´ဟုပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com


မောင်မိုးက လှိုင်ထိပ်ထားရဲ့ စကားကို စိတ်ဝင်တစား နားထောင်ပြီး ``ဆရာမ လူတွေကို ကူညီနေတာ အမြဲတန်း အောင်မြင် နေတာပဲလား`` ဟုမေးမြန်းလေ၏။ဆရာမ လှိုင်ထိပ်ထားက သက်ပြင်းချပြီး ``အခက်အခဲတော့ နေရာတိုင်းမှာ ရှိတာပါပဲ၊ ဒါပေမဲ့ အားလုံး အောင်မြင်သွားတာချည်ပဲ၊ ဒါတွေဟာ ဆရာရသေ့ရဲ့ ဓါတ်လုံးလက်စွပ် အစွမ်းလို့ပဲ ကျွန်မယုံကြည်တယ်၊ ကျွန်မဟာ ပဌာန်းဆက်ရှိတဲ့သူတွေကို လိုက်လံကူညီရင်း ဆရာမကြီး ဒေါ်မိန်းကလေးနဲ့ နောက်ဆုံးတွေ့ပြီး ဆရာမရှိတဲ့ ကျောင်းလေးမှာ ဝင်ပြီးလုပ်အား ပေးခဲ့တယ်၊ အခုတော့ ဆရာမကြီးကျောင်းမှာ ကျွန်မအပြင် ဆရာမလေး နှစ်ယောက်တောင် ရှိနေပြီ၊ ကျွန်မ ဒီကျောင်းကထွက်သွားလို့ရပြီ``ဟုပြောလေ၏။ မောင်မိုးက သူမ၏ မျက်နှာကို အံ့သြဟန်ဖြင့် ကြည့်လိုက်ပြီး ``လှိုင်ထိပ်ထားက ဒီမြို့ကထွက်သွားတော့မလို့လား`` ဟုမေးမြန်းလိုက်၏။

လှိုင်ထိပ်ထားက ခေါင်းညိတ်ပြီး``ကျွန်မ ဒီမြို့မှာ ဆက်နေလို့ မရတော့ဘူး၊. ကျွန်မ ရှင့်ကို ကယ်တင်သွားတာကို ပုလိပ်တွေ ရိပ်စားမိသွားနိုင်တယ်၊ ကျွန်မ ရှင်နဲ့အတူ လိုက်ပါထွက်ပြေးမှ ရမယ်`` ဟုပြောလိုက်လေရာ မောင်မိုးသည် လှိုင်ထိပ်ထားကို အားတုံ့အားနာဟန်ဖြင့် ကြည့်လိုက်ပြီး ``ဆရာမလည်း ကျုပ်ကြောင့် ဒီမြို့မှာ ဆက်နေလို့


www.burmeseclassic.com

www.burmeseclassic.com

ရတော့ဘူး၊ အားနာလိုက်တာဗျာ``ဟုဆိုလိုက်ရာ လှိုင်ထိပ်ထားက သက်ပြင်းချပြီး ``ရှင်အားနာစရာ မလိုပါဘူး၊ ကျွန်မဒီမြို့က ထွက်ခွါ ရမဲ့ အချိန်အခါကို ရောက်နေပြီ၊ နောက်ပြီး ရှင်ဟာ ကျွန်မနဲ့ ပဋ္ဌာန်း ဆက်ပါတဲ့သူဆိုတာ ကျွန်မရင်ထဲက အလိုလိုသိနေ တယ်`` ဟုပြော လေ၏။ မောင်မိုးက သူမ၏မျက်နှာကိုအံ့ဩဟန် ကြည့်ပြီး`` ဒါဆိုရင် လှိုင်ထိပ်ထား ဘယ်ကိုသွားမှာလဲ``ဟုမေးမြန်းလေ၏။ လှိုင်ထိပ်ထားက အဝေးဆီသို့ ငေးကြည့်ပြီး``လူတွေကို ကူညီရင်း လွန်ခဲ့တဲ့တစ်နှစ်က ပုဂံမှာ သီလရှင်ဆရာမကြီး တစ်ယောက်နဲ့ဆုံပြီး ဆရာမကြီးရဲ့ ဗလာ ကျောင်းတော်ဆိုတာကို ကြားသိခဲ့တယ်၊ ဆရာမကြီးက ကျွန်မ ကို ပြောတယ်၊ ဗလာဆိုတာ ဘာမှမရှိဘူးတဲ့ ၊ဘာမှမရှိတဲ့အထဲက အရာ အားလုံးဖြစ်နိုင် တယ်လို့ ပြောတယ်၊ ဘာမှမရှိခြင်းဟာ ပြီး ပြည့်စုံခြင်း လို့လည်း ပြောတယ်၊ဆရာမကြီး ဒေါ်မာလာရဲ့ စကား တွေက ကျွန်မကို ညို့ယူဖမ်းစားထားတယ်၊ဒါကြောင့် ဘာမှမရှိတဲ့ ဗလာကျောင်းတော်ကို ကျွန်မသွားမယ်``ဟုပြောလေရာ မောင်မိုးသည် လှိုင်ထိပ်ထားပြောသော ဗလာထဲမှာ အရာအားလုံးဖြစ်နိုင်တယ်ဆိုသော ထူးဆန်းသော စကားကို စိတ်ဝင်စားမိလေ၏ ထို့ကြောင့် သူမအနောက်သို့ လိုက်လိုစိတ်များ ဖြစ်ပေါ်လာပြီး လှိုင်ထိပ်ထားအနောက်သို့ လိုက်ပါလိုကြောင်း ပြောဆို



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ လှိုင်ထိပ်ထားက မောင်မိုး၏ စကားကို လက်ခံလိုက်ပြီး``ရှင် လည်း ဇလာကို စိတ်ဝင်စားသွားပြီ ထင်တယ်၊ စိတ်ဝင်စားရင် ကျွန်မနဲ့ အတူလိုက်ခဲ့ပါ၊ ကျွန်မတို့ ဒီမြို့က မြန်မြန်ခွါမှ ဖြစ်မယ်၊ ဒီမြို့မှာ ကြာ ကြာဆက်နေရင် ဂျပန်စစ်သူလျှို အဖြစ်ရှင်ဖမ်းခံရလိမ့်မယ်``

ဟုပြောလေရာ မောင်မိုးက သက်ပြင်းချပြီး``ကျုပ်တို့ ပြေးလို့ လွတ်ပါ့ မလား``ဟုမေးမြန်းလိုက်၏။လှိုင်ထိပ်ထားက အပေးဆီသို့ လှမ်း မျှော် ကြည့်ရင်း``ကျွန်မမှာ နည်းလမ်း တစ်ခုတော့ ကြံစည်ထားတာ ရှိတယ် ဒီနည်းလမ်းကို အသုံးပြုရင် ကျွန်မတို့ အောင်မြင်မယ်ထင်ပါတယ်၊ ရှင် စောစောအိပ်ပြီး မနက်ဖြန်အတွက် ပြင်ဆင်ထားပါ၊ကျွန်မတို့ ဒီက သွား တော့မယ်`` ဟုဆိုကာ မောင်မိုး၏ အနီးမှ ထွက်ခွါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့သို့ရောက်သောအခါ လှိုင်ထိပ်ထားသည် မောင်မိုး စားသောက်ရန် ထမင်းကြော်နှင့် ဆတ်သားခြောက် ပန်းကန်ကိုယူပြီး ရောက်ရှိလာ၏။ မောင်မိုးက နံနက်စာကို ခပ်သွက် သွက် စားသောက်လိုက်ပြီး ``ကျုပ်တို့ ဘယ်လိုပြေးမှာလဲ``ဟုမေးမြန်းလိုက်၏။

လှိုင်ထိပ်ထားက မောင်မိုးကို အိမ်ရှေ့ဘက်သို့ ခေါ်သွားပြီး ထင်းရှူး သေတ္တာကြီး တစ်လုံးကိုညွှန်ပြလိုက်ပြီး ဒီသေတ္တာထဲကို ရှင်ဝင်လိုက်ပါ။


www.burmeseclassic.com

www.burmeseclassic.com

ဒီသေတ္တာကို စာအုပ်သေတ္တာလို့ပဲ လူတွေသိကြတယ်၊ ရှင်အသက်ရှုလို့ရအောင် လေပေါက်လေး တစ်ပေါက်ဖောက်ထားတယ်၊ ရှင်အထဲကနေ ငြိမ်ငြိမ်သက်သက်နေပါ၊ ကျွန်မ ဒီအရပ်ကထွက်ခွါတော့မှာမို့ ဆရာမကြီး ဒေါ်မိန်းကလေးနဲ့ ဆရာမလေးနှစ်ယောက် လာနုတ်ဆက်လိမ့်မယ်``ဟုပြောလေ၏။ မောင်မိုး ထင်းရှူးသေတ္တာထဲကို ပင်လိုက်သောအခါ အနီးသို့ လူများရောက်လာသောအသံကို ကြားရလေ၏။ မောင်မိုးနားထောင်ကြည့်သောအခါ မိန်းမသုံးယောက်၏ အသံကို ကြားရလေ၏။ ဆရာမကြီး ဒေါ်မိန်းကလေးက``လှိုင်ထိပ်ထားကို ဆရာမကြီးဘယ်တော့မှ မမေ့ပါဘူး၊ ဆရာမကြီးအခက်အခဲ ကြုံနေတုန်း ရောက်လာတော့ ပိုကျေးဇူးတင်ပါတယ်``ဟုပြောလေ၏။ ထိုနောက် အသစ် ရောက်ရှိ လာသော ဆရာမလေးနှစ်ယောက်က လာရောက်နုတ်ဆက်ပြီး မြမြဆိုသော ဆရာမက ထင်းရှူးသေတ္တာကိုကြည့်ပြီး စပ်စုဟန်ဖြင့် ``ဒီ သေတ္တာလေးထဲမှာ ဘာတွေပါလဲ``ဟုမေးမြန်းလိုက်လေရာ လှိုင်ထိပ်ထားက``ကျွန်မစုဆောင်းထားတဲ့ ရှားပါးစာအုပ်လေးတွေပါ``ဟုဆိုလိုက်လေရာ လွန်စွာ စပ်စုလိုသော မြမြဆိုသည့် ဆရာမက``ဟင်..ဘာစာအုပ်တွေလဲ မြမြကြည့်ချင်တယ်`` ဟုဆိုကာ ထင်းရှူးသေတ္တာအဖုံးကို လက်ရဲဇက်ရဲဖြင့် ဖွင့်ကြည့်ရန် ပြင်လိုက်ရာ


www.burmeseclassic.com

www.burmeseclassic.com

လှိုင်ထိပ်ထားက သေတ္တာအဖုံးကို ကမန်းကတန်း လက်ဖြင့် ဦးအောင် ပိတ်လိုက်ပြီး သော့ကို ပိတ်လိုက်ရ၏။ ထို့နောက် လှိုင်ထိပ်ထားက ကလေးတစ်ဦးနှင့်အတူ မြင်းလှည်းငှါးရန် ထွက်သွားလေ၏။ ဆရာမလေး ထွက်သွားသောအခါ မြမြဆိုသော ဆရာမက ``ထင်းရှူးသေတ္တာကြီးကို လက်ဖြင့် ခေါက်ကြည့် လိုက်ပြီး``ဒီသေတ္တာထဲမှာ ဘာတွေရှိလဲ မသိဘူး``ဟုဆိုလိုက်ရာ ကျန်ဆရာမတစ်ဦးက``ဆရာမပြောသွားတာ ရှားပါးစာအုပ်တွေဆို``ဟုဆိုလိုက်၏။ မြမြက ``ရှားပါးစာအုပ်တွေ ဆိုတာ ကျွန်မမယုံဘူး။ ဒါကြောင့် ကျွန်မအတင်း ဖွင့်ဖို့လုပ်တာ သူကဦးပြီးသေတ္တာကို အမြန်သော့ခတ်လိုက်တယ်လေ၊ ရိုးသားရင် ကျွန်မကို ပြရမှာပေါ့``ဟုပြောလေ၏။ ဆရာမကြီးကမူ ၎င်းတို့ စကားကို မကြားဟန်ဖြင့် အဝေးဆီသို့ ငေးမောကြည့်နေ၏။ ဆရာမကြီးသည် လှိုင်ထိပ်ထား ခွဲခွါသွားသဖြင့် သတိတရ ရှိနေပုံရ၏။

ခဏကာလျှင် လှိုင်ထိပ်ထားပြန်ရောက်လာပြီး မြင်းလှည်းဆရာ၏ အကူအညီဖြင့် ထင်းရှူးသေတ္တာကြီးကို မြင်းလှည်းပေါ်တင်လိုက်လေ၏။ မောင်မိုးသည် သေတ္တာထဲတွင် ကိုယ်ကို ကြိုးစားဟန်ချက် ထိမ်းပြီး လိုက်ပါလာရလေ၏။ မြို့ပြင်ကားဂိတ်သို့ ရောက်သောအခါ သေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို မြင်းလှည်းပေါ်မှချပြီး ဘတ်စ်ကားစောင့်လေ၏။ လှိုင်ထိပ်ထားက သေတ္တာအနီးသို့ တိုးကပ်ပြီး ``ရှင် နေရတာ သက်သောင့်သက်သာ ရှိရဲ့လား၊ အသက်ရှူလို့ရော ရသလား``ဟုမေးမြန်းလေရာ မောင်မိုးက ``ကျုပ်အတွက်ဘာမှ မပူပါနဲ့ နည်းနည်းညောင်းတာကလွဲလို့ အဆင်ပြေပါတယ်၊ စောစောတုန်းက ဆရာမ မရှိတုန်းက မြမြဆိုတဲ့ မိန်းမကသေတ္တာကြီးကို မသ်ကာသလို ပြောနေသေးတယ်``ဟုဆိုလိုက်၏။ လှိုင်ထိပ်ထားက ခေါင်းညိတ်ပြီး ``မြမြက သိပ်စပ်စုတယ်၊ သူ့အကြောင်းကို သိလို့ ကျွန်မ အမြန်ပြန်လာတာ၊ လောလောဆယ် ကျွန်မတို့ လမ်းမှာစားဖို့ တစ်ခုခုတော့ သွားဝယ်လိုက်ဦးမယ်``ဟုဆိုကာ လှိုင်ထိပ်ထားသေတ္တာကြီး အနီးမှ ထွက်သွားလေ၏။ ထိုအချိန်တွင် ခွေးတစ်ကောင်သည် သေတ္တာကြီးအနီးသို့ တိုးကပ်လာပြီး တရှုံ့ရှုံ့ နမ်းကြည့်ကာ တဝုတ်ဝုတ်ဟောင်လေ၏။ သေတ္တာထဲတွင် ရှိနေသော မောင်မိုးသည် ခေါင်းနပန်းကြီး သွားပြီး ခွေးကို အတွင်းမှ မောင်းနှင်ထုတ်၏။ထိုအခါမှပင် ခွေးက ပိုမိုဟောင်လာသဖြင့် အနီးအနားတွင် ကျားထိုးနေသော အလုပ်သမားတစ်စု သေတ္တာအနီးသို့ ရောက်လာပြီး ဝိုင်းဝန်း စပ်စုကြလေ၏။ ထိုအလုပ်သမားများထဲတွင် စုံထောက်ဝတ္ထုများ ဖတ်ထားပြီး စုံထောက်ရူး ရူးနေသော တင်လှဆိုသော အလုပ်သမားတ

www.burmeseclassic.com


``မဟုတ်မှလွဲရော.. ဒါရာဇဝတ်မှုခင်းတစ်ခုပဲဗျ၊ အနံ့ခံကောင်းတဲ့ ခွေးဟာ သေတ္တာထဲက အရာကို အနံ့ခံပြီး ဟောင်နေပုံထောက်တော့ သေတ္တာထဲမှာ အလောင်းတစ်လောင်း ရှိပုံရတယ်၊ လူသတ်သမားဟာ လူတစ်ယောက်ကို သတ်ပြီး အလောင်းကို ဖျောက်ဖျက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ သေတ္တာထဲကို ထည့်ယူလာပုံရတယ်``ဟု အူကြောင်ကြောင်မှတ်ချက်ချလေရာလက်မြန်သော အလုပ်သမားတစ်ယောက်က အနီးဖွဲင် ရှိသော သံတူရွင်း တစ်ချောင်းကို ယူလာပြီး သေတ္တာကို ဖွင့် ရန် ပြင်လိုက်ရာ သေတ္တာထဲတွင် ရှိသော မောင်မိုးသည် အထိတ်တလန့် ဖြစ်သွားလေ၏။

ထိုအခိုက်မှာပင် သေတ္တာအနီးသို့ လိုင်ထိပ်ထား ပြန်လည်ရောက်လာပြီး``ရှင်တို့ ဘာလုပ်နေတာလဲ ရပ်လိုက်စမ်း``ဟုတားဆီးလိုက်လေ၏။ ထိုအခါ အလုပ်သမားများက သေတ္တာကို ခွေးဟောင်သောကြောင့် ဖွင့်ကြည့်ရန် ကြံစည်ခြင်း ဖြစ်ကြောင်း ပြောပြလေ၏။ လိုင်ထိပ်ထားက လက်ကာပြလိုက်ပြီး``ကျွန်မသေတ္တာထဲမှာ စာအုပ်ဟောင်းတွေပဲရှိတယ်၊ ခွေးဟောင်တာ သေတ္တာထဲ ကြွက်တွေ ဘာတွေဝင်လို့ဖြစ်မယ်`` ဟု ပြောလေရာ အလုပ်သမားများ ပြန်လည်ထွက်ခွါသွားလေ၏။ ထိုအခါ


www.burmeseclassic.com

www.burmeseclassic.com


မှပင် လှိုင်ထိပ်ထားက ``သေတ္တာအနီးသို့ တိုးကပ်လိုက်ပြီး``ရှင့်ကို ခေါ် ထုတ် ရတာမလွယ်ပါလားနော်၊ မြို့ထဲမှာလည်း ပုလိပ်တွေ ခြေရှုပ် လိမ်ပြီး ရှင့်ကို ရှာနေကြတယ်၊ ကျွန်မတို့ တော်တော် စွန့်စားရမယ်`` ဟုပြောလေ၏။

ဠာနအုပ်သောင်းညွန့်သည် အသုံးမကျသော သူ၏တပည့်ပုလိပ်များကို ဒေါသတကြီး ဆူပူကြိမ်းမောင်းနေလေ၏။ ``မင်းတို့ပုလိပ်တွေမှ ဟုတ်ရဲ့ လား ထဘီဝတ်ပြီး မိန်းမဘဝပြောင်းလိုက် ပါလား။ စစ်သူလျှို မောင်မိုး ဟာ အတောင်ပေါက်ပြီး မပျံသန်းနိုင်ဘူး၊ ဒီကောင် ဒီမြို့မှာပဲ ရှိသေး တယ်။ ဒါတောင် မင်းတို့ဘာလို့ မိအောင်မဖမ်းနိုင်တာလဲ၊ဒီမြို့မှာ အပ်ကျ တာက အစ သိတယ်လို့ လေကြွားထားတဲ့ကောင်တွေ မင်းတို့ ဘာ အသုံးကျလည်း ပြောကြစမ်း၊ မောင်မိုးကို မဖမ်းဆီးနိုင်ရင် ငါတောင် ရာထူးက ကျသွားနိုင်တယ်။ အသုံးမကျတဲ့ကောင်တွေ နားလည်လား ``ဟု ဆိုကာ ဠာနအုပ်က စားပွဲကို ဒေါသတကြီး လက်သီးဖြင့် ထုလိုက်လေ၏။

ဠာနအုပ် သောင်းညွန့် ဒေါသပုန် ထနေသဖြင့် ပုလိပ်သားများ အားလုံး ငြိမ်သက်စွာ ထိုင်နေကြရ၏။ ထိုအချိန်တွင် စိန်မော်ဆိုသော ပုလိပ်က အရဲစွန့်ပြီး ``ကျွန်တော် တစ်ခုပြောပါရစေဆရာ၊ စစ်သူလျှိုမောင်မိုး


www.burmeseclassic.com

www.burmeseclassic.com

သွားဖမ်းတဲ့ညက ဆရာမလေး လှိုင်ထိပ်ထားကို ဘုန်းကြီးကျောင်းထဲက ရထားလုံးမောင်းပြီး ထွက်လာတာတွေ့တယ်၊ ကျွန်တော် သူ့ကို မသံကာ လို့ လှမ်းစစ်လိုက်တော့ ဆရာတော်ကြီးကို သွေးဆေး လာကပ်တယ်လို့ ပြောတယ်၊``ဟုပြောလေရာ ဌာနအုပ်သောင်းညွန့်က ဒေါ်သတကြီး အော်ဟစ်လိုက်ပြီး စားပွဲကို ဒုန်းခနဲထုကာ``ခွေးကောင် ဒီအကြောင်းကို မင်းဘာလို့ အခုမှပြောတာလဲ၊ စစ်သူလျှိုမောင်မိုးကို ရအောင်မဖမ်းနိုင် ဘူးဆိုရင် ငါ ရာထူးပြုတ်ကျသွားမယ် ဆိုတာ မသိဘူးလား၊ ဟေ့ကောင် စိန်မော်၊ အခုချက်ချင်း ဆရာမကြီး ဒေါ်မိန်းကလေးကျောင်းကို သွားပြီး လှိုင်ထိပ်ထားကို စစ်ဆေးစရာ ရှိလို့ဆိုပြီး ငါ့ဆီ ခေါ်လာခဲ့၊ ငွေဦးက ဆရာတော်ကြီး ကျောင်းကို သွားလျှောက် အဲဒီညက လှိုင်ထိပ်ထား ဆေးလာကပ်တယ်ဆိုတာ ဟုတ်သလား မဟုတ်သလား သိချင်တယ်`` ဟုစေခိုင်းလိုက်လေ၏။ ဌာနအုပ် သောင်းညွန့်သည် စစ်သူလျှို ဖမ်းဆီး ရေးနှင့် ပတ်သက်ပြီး လွန်စွာ စိုးရိမ်သောက ပွားနေလေ၏။ခဏကြာလျှင် ငွေဦး ကမန်းကတန်း ပြန်ရောက်လာပြီး``လှိုင်ထိပ်ထားဟာ စစ်သူလျှိုနဲ့ ပတ်သက်နေတာသေချာသွားပြီဆရာ၊ ဆရာတော်ကြီး အဲဒီညကသူ့ကို လှိုင်ထိပ်ထား ဘာသွေးဆေးမှ လာမကပ်ဘူးလို့ မိန့်လိုက်တယ်`` ဟု ဆိုလိုက်ရာ ဌာနအုပ်သောင်းညွန့် ထခုန်မတတ်ဖြစ်သွား၏။ ထိုစဉ်


135.
www.burmeseclassic.com

www.burmeseclassic.com



စိန်မော်ဆိုသော ပုလိပ်ပြန်ရောက်လာပြီး ``ဆရာမလှိုင်ထိပ်ထား မရှိတော့ဘူး၊ သေတ္တာကြီးတစ်လုံးနဲ့ မနက်က မြို့က ထွက်သွားပြီ၊ သူနဲ့ အတူ ပါသွားတဲ့ ထင်းရှူးသေတ္တာက မသံကာစရာ ကောင်းတယ်လို့ မြဲဆိုတဲ့ ဆရာမက ပြော တယ်''ဟုဆိုလိုက်ရာ ဌာနအုပ်က ဒေါသတကြီး အော်ဟစ်ပြီး ``တော်တော့ ငါတို့ မြို့ပြင်ကားဂိတ်ကို လိုက်ရင်မီနိုင်သေး တယ်''ဟုဆိုကာ ပုလိပ်ဌာနထဲမှ အပြေးအလွှား ထွက်သွားလေ၏။ ပုလိပ်များကလည်း ဆရာဖြစ်သူအနောက်မှ ဂျစ်သုန်းကား ပြေးလိုက်သွားလေ၏။

ထိုအချိန်တွင် လှိုင်ထိပ်ထားသည် ဘတ်စ်ကားမလာသေးသဖြင့် အဝေးဆီသို့ လှမ်းမျှော်ကြည့်ရင်း ရင်မောနေလေ၏။ ဘတ်စ်ကားသည် လာသင့်သည့်အချိန်ထက် များစွာ နောက်ကျနေ၏။ ဘတ်စ်ကား နောက်ကျလျှင် သေတ္တာထဲတွင် ရှိသောမောင်မိုးအတွက် အန္တရာယ်ရှိနိုင်သဖြင့် မိမိလက်တွင်ဂတ်ထားသော ဓါတ်လုံးလက်စွပ်ကလေးကို မသိမသာ ပွတ်ပြီး ဆုတောင်းနေလေ၏ ထိုအခိုက်မှာပင် အဝေးဆီမှ ဘတ်စ်ကား သည် တအိအိ မောင်းဝင်လာသဖြင့် လှိုင်ထိပ်ထားမသိမသာ သက်ပြင်းချလိုက်လေ၏။ဘတ်စ်ကားရောက်လာသောအခါ သေတ္တာကို ဘတ်စ်ကား



www.burmeseclassic.com

www.burmeseclassic.com


ပေါ်သို့မျက်နှာရှုး စပါယ်ရာ၏ အကူအညီဖြင့် တင်၏။ လှိုင်ထိပ်ထား၏ သေတ္တာ အလွန်လေးလံသော်လည်း သူမ၏ ချောမောလှပသော ရုပ်ရည်ကြောင့် စပါယ်ရာသည် လေးလံသော သေတ္တာကြီးကိုပင် တပြုံးပြုံးတင်နေလေ၏။ သေတ္တာတင်ပြီးသော အခါ ဘတ်စ်ကားကြီး စက်နိုးပြီး ထွက်ရန်ပြင်လေ၏။ ထိုအခိုက်မှာပင် ဌာနအုပ်ခေါင်းဆောင်သော ပုလိပ်များလိုက်ပါလာသော မြင်းလှည်း ရောက်ရှိလာပြီး ဌာနအုပ်ကဘတ်စ်ကားကို ရပ်နိုင်းလေရာ လှိုင်ထိပ်ထား ရင်ထိတ်သွားလေ၏။သို့သော် စပါယ်ရာက ပုလိပ်များကို မသိမသာ စောင်းငဲ့ကြည့်ပြီး ဒရိုင်ဘာဘက်သို့လှည့်ကာ ``ပုလိပ်တွေ လိုက်မလို့တားနေတယ်ဆရာ ပိုက်ဆံလည်း ရမှာမဟုတ်ဘူး၊ တင်မနေပါနဲ့ဆွဲဆရာ``ဟုဆိုလိုက်ရာ ဘတ်စ်ကားသည် မီးခိုးလုံးများထွက်ပြီး စတင် မောင်းထွက်သွားလေ၏။ ထိုအခါ ဌာနအုပ် သောင်းညွန့်သည် ဘတ်စ်ကား ရပ်မပေးသဖြင့် ဒေါသတကြီး ဆဲဆိုကာ လက်သီးလက်မောင်းတန်းပြီး ကျန်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုင်ထိပ်ထားသည့် ကားဂိတ်သို့ အပြေးအလွှား ရောက်ရှိလာသော ဌာနအုပ်ဦးဆောင်သော ပုလိပ်များကို ကြည့်ပြီး ပုလိပ်များ မိမိတို့ကို သဲလွန်စ ရရှိသွားပြီဟု ရိပ်စားမိလိုက်၏။ ထိုကြောင့် ပုလိပ်များ၏ ရန်မှ ရှောင်တိမ်းရန် အရေးကြီးသည်ဟု သုံးသပ်မိပြီး မြို့တစ်မြို့၏ အစွန်း ဘတ်စ်ကားကို ရပ်နိုင်းလိုက်ပြီး ဆင်းလိုက်၏။ စပါယ်ရာ၏အကူအညီဖြင့် သေတ္တာကြီးကို ကားပေါ်မှ ချလိုက်ပြီးသောအခါ စပါယ်ရာက ဆိုင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com


ထားကို ကြည့်ပြီး ``သေတ္တာကြီးနဲ့ အစ်မ တစ်ယောက်တည်း ဖြစ်ပါ့မလား``ဟုမေးမြန်းလေ၏။ လှိုင်ထိပ်ထားက စပါယ်ရာကို မစိုးရိမ်ရန်လက်ကာ ပြလိုက်ပြီး ``ကျွန်မအမျိုးတွေက ဒီအနီးအနားရွာကပါ။ ခဏကြာရင် လှည်းရောက်လာလိမ့်မယ်၊ မပူပါနဲ့ရှင်``ဟုပြောလေရာ စပါယ်ရာက ကားထွက်ရန် ``ဆွဲဆရာရေ`` ဟုအော်လိုက်လေတော့၏။

လှိုင်ထိပ်ထားသည် ကားထွက်သွားသောအခါမှပင် သေတ္တာသော့ကိုဖွင့်လိုက်ပြီး မောင်မိုးကို ထွက်စေလိုက်၏။ မောင်မိုးက သေတ္တာအတွင်းမှထွက်လိုက်ပြီး အညောင်းဆန့်ကာ ``အခုမှ အသက်ဝဝ ရှူရတော့တယ်``ဟုပြောလိုက်လေ၏။ လှိုင်ထိပ်ထားက ခပ်လှမ်းလှမ်းတွင် မြင်ရသောဇရပ်ကို လက်ညှိုးညွှန်ပြပြီး ``ကျွန်မတို့ ဇရပ်မှာ ခဏအနားယူမယ်၊ နေ့လယ်စာလည်း စားမယ်၊ သေတ္တာကြီးကို ဖျောက်ဖျက်ပစ်ရအောင် ရှင်ထမ်းလာခဲ့ပါ``ဟုဆိုလိုက်လေ၏။ မောင်မိုးသည် သေတ္တာကြီးကို ထမ်းပြီး သူမအနောက်မှ လိုက်ခဲ့လေ၏။ ဇရပ်ကြီးသည် အရိပ်ကောင်း စွာ ရရှိသော သစ်ပင်ကြီးများ အောက်တွင်ရှိပြီး အနောက်ဘက်တွင် စမ်းချောင်းလေးကိုလည်း တွေ့ရလေ၏။ မောင်မိုးတို့သည် သေတ္တာကြီးကို မလှမ်းမကမ်းရှိ ချုံကြီးထဲတွင် ဖွက်ထား လိုက်ပြီး ဇရပ်ပေါ်သို့ တက်ကာ လှိုင်


www.burmeseclassic.com

www.burmeseclassic.com


ထိပ်ထား ဂယ်ယူလာသော နေ့လယ်စာ ခေါက်ဆွဲကြော်ထုပ်များကို စားလိုက်လေ၏။ နေ့လယ်စာ စားပြီးသောအခါ လှိုင်ထိပ်ထားက ``ဒီ ဇရပ်က လူသူ အရောက်အပေါက်နည်းပုံရတယ်၊ ကျွန်မတို့ ဒီဇရပ်မှာပဲ တစ်ညလောက် ခိုအောင်းနေပြီး မနက်ဖြန် ဗလာကျောင်းတော်ရှိတဲ့ ရှမ်းပြည်ကို သွားကြမယ်``ဟုပြောလေ၏။ မောင်မိုးက မိန်းမသား တန်မဲ့ ခရီးကြမ်းနှင်နေရသော လှိုင်ထိပ်ထားကို ကြည့်ပြီး``ဆရာမလည်း ကျပ်ကြောင့်ပင်ပန်းဆင်းရဲနေပြီနော်``ဟုဆိုလိုက်ရာ လှိုင်ထိပ်ထားက``မပူပါနဲ့ရှင်၊ ကျွန်မရဲ့ ဆရာရသေ့က ပဋ္ဌာန်းဆက်ပါသူတွေကို ကူညီရမယ်ဆိုပြီး အမိန့်ရှိပြီးသားပါ၊ကျွန်မအတွက်တော့ အလေ့အကျင့် ဖြစ်နေပါပြီ`` ဟုဆိုလိုက်လေရာ မောင်မိုးက ``ဆရာမရုပ်ရည်လေးနဲ့ အွန္တရာယ်များလွန်းတယ်``ဟုဆိုလိုက်၏။လှိုင်ထိပ်ထားက သက်ပြင်းချပြီး``ဒီနေ့အထိတော့ ကျွန်မလောကကို အခက်အခဲ မရှိဘဲ ရင်ဆိုင်နိုင်ပါတယ်၊ဒါလည်း ဆရာရသေ့ရဲ့ စောင့်ရှောက်မှု ကြောင့်လို့ ထင်ပါတယ်``ဟုပြောလေ၏။ မောင်မိုးတို့သည် ညနေစောင်းသောအခါ စမ်းချောင်းလေး၌ပင် ကိုယ်လက်သုတ်သင်ခဲ့လေ၏။ ညမှောင်ရီသန်းစ ပြုသောအခါ လှိုင်ထိပ်ထားက အသင့် ဂယ်ယူလာသော ဇယောင်းတိုင်ကို ထွန်းပြီး ညစာကို ငါးသေတ္တာနှင့် ပေါင်မုန့်ကိုပင် စားကြလေ၏။ ညစာကို မြိန်ရှက်စွာ


www.burmeseclassic.com

www.burmeseclassic.com

စားရင်း မောင်မိုးက``ထိပ်ထားက အစစအရာရာ ကြိုတင် ပြင်ဆင်လာတာပဲနော်``ဟုရိုးမွမ်းလိုက်ရာ လှိုင်ထိပ်ထားက``ကျွန်မက လောကထဲမှာ ကျင်လည်နေတဲ့လူလေး၊ အတွေ့အကြုံတွေက သင်ပေးသွားတယ်``ဟုပြောလေ၏။ထိုနေ့ညက မောင်မိုးနှင့်လှိုင်ထိပ်ထားသည် စောင်ပါးလေး ကိုယ်စီခြုံပြီး ဇရပ်ပေါ်၌ပင် အိပ်စက်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့သို့ ရောက်သောအခါ မောင်မိုးနှင့် လှိုင်ထိပ်ထားသည် နံနက်စောစောထပြီး လော်ရီကားတစ်စီးကို ကားကြုံလိုက်ပြီး ခရီးဆက်ခဲ့လေ၏။ ၎င်းတို့သည် မြို့တစ်မြို့သို့ ရောက်သော အခါ ဒရိုင်ဘာစပယ်ယာတို့နှင့်အတူ နံနက်စာကို စားလေ၏။ နံနက်စာ စားရင်း လှိုင်ထိပ်ထားသည် အနီး ပတ်ဝန်းကျင်ကို မျက်ခြေမပြတ် ကြည့်ရှုနေလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဒရိုင်ဘာနှင့်စပယ်ရာက ၄င်းတို့ကို ညားကာစလင်မယားဟု ထင်မြင်နေလေ၏။ ထိုသို့ဖြင့် မောင်မိုးတို့သည် လမ်းခရီး အခွန့်ရာယ် ကင်းရှင်းစွာဖြင့် ရှမ်းပြည်ဘက်သို့ ရောက်ရှိခဲ့လေ၏။ မြို့တစ်မြို့၏အစွန်သို့ ရောက်သောအခါ၌မူ အနီရောင် အုတ်တံတိုင်း မြင့်မြင့်ကြီး ကာရံထားသော ဗလာကျောင်း တော်ကြီးကို တွေ့ရလေ၏။ ကျောင်းတော်ကြီး၏ အုတ်တံတိုင်းအပေါ်ပိုင်းတွင်အနီရောင် စက်ဝိုင်းကြီးများ အစီအရီ ရှိနေလေ၏။

မောင်မိုးကဲ အနီရောင်စက်ဝိုင်းများကို ကြည့်ပြီး``ဘာသဘောလဲ မသိဘူး``ဟု ရေရွတ်လိုက်ရာ လှိုင်ထိပ်ထားက အနီရောင် စက်ဝိုင်းများကို ကြည့်ပြီး``ပုဂံမှာ ဆရာမကြီးနဲ့ တွေ့တုန်းက ဆရာမကြီး ပြောတဲ့ တရားတွေ ကျွန်မနားထဲမှာ စွဲနေမိတယ်။ ဒါဟာ စက်ဝိုင်းတွေ ဟုတ်ပုံမရဘူး၊ ကျွန်မအထင် သုညတွေပဲ ဖြစ်လိမ့်မယ်၊ သုည ဆိုတာ ဘာမှမရှိတဲ့ ဗလာသဘောတရား လို့ ထင်တယ်၊ လောကကြီးမှာ ဗလာက အရေးအပါဆုံးလို့ဆိုတယ်၊ ဗလာဟာ အရာရာ ပြီးပြည့်စုံတယ်တဲ့၊ ဗလာထဲမှာ အရာရာ ဖြစ်နိုင်တယ်လို့လည်း ဆိုတယ်၊အနတ္တ သဘောတရားနဲ့ ဆိုင်မလားမသိဘူး၊ ဆရာမကြီး တရားတွေဟာ ထူးဆန်းတာတော့ အမှန်ပဲ၊ ကျွန်မတို့ ကြားဖူးနားဝ ရှိတဲ့ တရားတွေနဲ့ မတူဘူး၊ ဥပမာ ဆရာမကြီး


www.burmeseclassic.com

ကျောင်းမှာ အလှူလုပ်မယ်ဆိုရင် ဂုဏ် ပကာသနကို ရည်စူးပြီး ကမ္ပည်း စာတန်းအကြီးကြီးတွေ ရေးထိုးခွင့် မရှိဘူး၊ အလှူနဲ့ ပတ်သက်ပြီး ငါလှူတယ်ဆိုတဲ့ တဏှာစိတ်ဖြစ်ပေါ်နိုင်တယ်၊ ကိုယ့်အလှူကို နောက်လာ နောက်သားတွေ အမှတ်အသားပြုဖို့အတွက် အလွန်သေးငယ်တဲ့ကမ္ပည်း စာတန်းလေးသာထိုးခွင့်ပေးတယ်``ဟု ပြောလိုက်လေရာ မောင်မိုးက ခေါင်းညိတ်ပြီး`` ဒါဆိုရင်တော့ဆရာတော်ကြီးနဲ့ သဘောချင်း တူတယ်၊ ဆရာတော်ကြီး ဟောဖူးတယ်၊ အချို့လူတွေဟာ လှူလယ်ခေါင်မှာ ငါ ဘယ်လောက်လှူလိုက်တာ၊ ငါ့အလှူ ဘယ်လောက်ကြီးကျယ်တယ်လို့ ပြောလေ့ရှိတယ်၊ ဒါဟာ အလှူအပေါ် တဏှာစိတ်နဲ့ တွယ်ငြိနေတဲ့ သဘောလို့ဆိုဖူးတယ်``ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဇလာကျောင်းတော်၏ အလွန်ကြီးမားသော တံခါးပေါ်ရှိ အလွန်သေးငယ်သော တံခါးလေးပွင့်သွားပြီး သီလရှင်တစ်ပါး အပေါက်မှ ထွက်လာကာ``ဘာကိစ္စလဲ ဒကာလေး``ဟု မေးမြန်းလေ၏။ လှိုင်ထိပ်ထားက``ဆရာမကြီး ဒေါ်မာလာနဲ့ တွေ့ချင်လို့ပါ၊ လှိုင်ထိပ်ထားဆိုတဲ့ မိန်းကလေး ရောက်နေတယ်လို့ ဆရာမကြီးကို လျှောက်တင်ပေးပါ``ဟုပြောလေရာ သီလရှင်က ``ဘယ်လို ဧည့်သည့်ပဲ ဖြစ်ဖြစ် ညနေလေးနာရီ ဧည့်သည် လက်ခံချိန် ရောက်တော့မှ တွေ့ဆုံလို့ရမယ်``ဟုဆိုကာ တံခါးငယ်လေးကို ပြန်



www.burmeseclassic.com

www.burmeseclassic.com


လည်ပိတ်ပြီး ထွက်ခွါသွားလေ၏။ မောင်မိုးက သီလရှင်လေး၏ နောက်ကျောကို ကြည့်ပြီး ``ဒါတော့ ကျုပ်တို့ ဘုန်းကြီးကျောင်းနဲ့ကွာတယ်၊ ကျုပ်တို့ ကျောင်းတွေက ဧည့်သည်ကို တံခါးမရှိ ဓါးမရှိ ဝင်ထွက်သွားလာလို့ရတယ်``ဟုပြောလေ၏။ ခဏကြာလျှင် တံခါးငယ်လေးပွင့်သွားပြန်ပြီး သီလရှင်ဆရာမလေးအနီးသို့ ပြန်လည် ရောက်ရှိလာပြီး ``ဆရာမကြီးက ကျောင်းထဲကို ဝင်ခွင့်ပြုလိုက်တယ်၊ အနောက်က လိုက်ခဲ့ပါ``ဟုဆိုကာ အနီးမှ ပြန်လည်ထွက်ခွါ သွားလေ၏။ မောင်မိုးနှင့် လိုင်ထိပ်ထားသည့် သူမ၏ အနောက်မှ လိုက်ပါသွားရင်း ကျောင်းဝန်းပတ်ဝန်းကျင်ကို ကြည့်ရှုလေရာ ကျောင်းဝန်းတစ်ခုလုံး သန့်ရှင်းစင်ကြယ်နေလေ၏။ထိုပြင် ကျောင်းဝန်း အလယ်တွင် ခင်းကျင်းထားသော ကျောက်ပြားငယ်လေးများသည် ပင်လျှင် ပြောင်လက်ပြီး တဖိတ်ဖိတ်တောက်ပြောင်နေလေ၏။မောင်မိုးက အံ့ဩဟန်ဖြင့် သန့်ရှင်းသပ်ရပ်တာ လက်ဖျားခါတယ်ကွ၊ ကျောင်းတစ်ခုလုံး သန့်ရှင်းလိုက်တာ အမှိုက်လေး တစ်စတောင် မရှိဘူး``ဟုပြောလေ၏။ ကျောင်းဝန်းအတွင်း အမှိုက်လှဲကျင်းနေသော သီလရှင်များကို တွေ့ရလေ၏။ မောင်မိုးက အမှိုက်လှဲကျင်းနေသော သီလရှင်များကို ကြည့်ပြီး ``သီလရှင်တွေ အမှိုက်လှဲနေတာ ထူးဆန်းတယ်၊ သူတို့ဟာ ခေါင်းတွေကို ငုံ့ပြီး အမှိုက်လှဲတဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ အာရုံစိုက်ထားတယ်၊ ကျုပ်တို့ကို ငဲ့စောင်းလို့တောင် မကြည့်ဘူး ``ဟုပြောလေ၏။ လှိုင်ထိပ်ထားက သီလရှင်များကို ကြည့်ပြီး ``သူတို့ဟာ ရိုးရိုးတန်း အမိုက်လုပ်နေတာ မဟုတ်ဘူး၊ အလုပ်လုပ်ရင်း တရားကျင့်နေတာ၊ ဆရာမကြီးနဲ့ ပုဂံမှာတွေ့တုန်းက သူတို့ တရားကျင့်ပုံကို ပြောပြဖူးတယ်၊ အလုပ်ထဲမှာ အာရုံကို နှစ်ထားပြီး အခြား အာရုံတွေ မဝင်အောင် ထိမ်းချုပ်တဲ့နည်းနဲ့ တရားကျင့်လို့ရတယ်ဆိုပဲ`` ဟုပြောလေရာ မောင်မိုးက တအံ့တသြ ကြည့်ပြီး ``ဒီလို တရားကျင့်တာမျိုးတော့ တစ်ခါမှ မကြားဖူးဘူး``ဟုပြောလေ၏။

မောင်မိုးတို့သည် သီလရှင်လေး အနောက်သို့ လိုက်လာရင်း ကျောင်းတော်ကြီး၏ ကျယ်ဝန်းမှုကို သတိပြုမိ၏။ ထိုနောက်စမ်းချောင်းလေး၏ အုတ်တံတားပေါ်မှ ဖြတ်သန်းပြီးနောက် လှပသော သစ်သားအိမ်ငယ်လေးတစ်လုံးကို တွေ့လိုက်ရလေ၏။ သီလရှင်လေးသည် အိမ်လေးဆီသို့ ဝင်ရောက် သွားပြီး ဆွဲတံခါးလေးကို ဖွင့်လိုက်လေ၏။ ထိုအခါ ပြောင်လက်နေသော ကြမ်းပေါ်တွင် ဖုံလေးတစ်ချပ်ခင်းပြီး ထိုင်နေသော သီလရှင်ဆရာမကြီး တစ်ပါးကို တွေ့လိုက်ရလေ၏။ သီလရှင် ဆရာမကြီးသည် ဥပတိရုပ် အလွန်ကောင်းပြီး လှိုင်ထိပ်ထားကို မြင်သောအခါ

www.burmeseclassic.com

``လှိုင်ထိပ်ထားလာမယ် ဆိုတာ အလိုလို သိနေပြီးသားပါ၊ လှိုင်ထိပ်ထားနဲ့အတူ အဖော်တောင်ပါသေးတယ်နော်``ဟုဆိုလိုက်ရာ လှိုင်ထိပ်ထားက ဆရာမကြီးကို ကြည့်ပြီး``ဆရာမကြီးက ဘယ်လိုသိနေသလဲ``ဟုမေးမြန်းလိုက်၏။ ဆရာမကြီးက``ဗလာထဲမှာ နေရင် အရာရာကို ကြိုတင်သိမြင်ပြီးသား ဖြစ်တယ်``ဟုဆိုလိုက်ရာ လှိုင်ထိပ်ထားက

``ဗလာကို စိတ်ဝင်စားလို့ ကျွန်မလည်း လာခဲ့တာပါ၊ ဗလာကို ပြောပြပါလား``ဟုမေးမြန်းလိုက်လေ၏။ ဆရာမကြီးက``ဗလာကို ဖော်ပြလို့ မရဘူး၊ ဖော်ပြလိုက်တာနဲ့ ဗလာဟာ ပျောက်ကွယ်သွားမယ်။စကားလုံးနဲ့ဖော်ပြလို့လည်း မရဘူး၊ဗလာနဲ့ ပတ်သက်လို့ လိုချင်လို့ မရဘူး၊ လိုချင်နေသရွေ့ ဆုံးရှုံးနေမှာပဲ၊ နောက်များမှပဲ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့၊ ဒီကျောင်းတော်မှာ လှိုင်ထိပ်ထားကို တခါးမရှိ ခါးမရှိ ဝင်ထွက်ခွင့် ပေးနိုင်ပေမဲ့ ဟောဒီက မောင်ရင်လေးကိုတော့ ခွင့်မပေးနိုင်ဘူး``ဟုဆိုလိုက်ရာ မောင်မိုးသည် မိမိလို ယောကျ်ားတစ်ယောက်ကို မိန်းမသားများသာ ရှိသော ဗလာကျောင်းတော်တွင် လက်မခံလိုကြောင်း ရိပ်စားမိလေ၏။ ထိုအခိုက်မှာပင် လှိုင်ထိပ်ထားက ဝင်ရောက်ပြီး``သူ့ကို ဆရာမကြီးရဲ့ ကျောင်းမှာ အလုပ်တစ်ခုပေးလိုက်ရင် မဖြစ်ဘူးလား``



www.burmeseclassic.com

www.burmeseclassic.com

ဟုမေးမြန်းလိုက်၏။ ဆရာမကြီးက မျက်မှောင်ကြုတ်ပြီး ``အလုပ်တစ်ခု ဟုတ်လား၊ဒါဆိုရင်တော့ ပေးနိုင်တာပေါ့၊ မောင်ရင်လေး လုပ်နိုင်ဖို့ပဲ လို တယ်ကျုပ်တို့ ဗလာကျောင်းတော်မှာ လုံခြုံရေးလိုအပ်နေတယ်၊ လုံခြုံရေး အလုပ်ကို မောင်ရင်လုပ်နိုင်မလား လုပ်နိုင်မယ်ဆိုရင်တော့ မောင်ရင့်ကို ဗလာကျောင်းတော်မှာ နေခွင့်ပေးနိုင်ပါတယ်၊ မောင်ရင်ရဲ့ စားဝတ်နေရေး အတွက် ဗလာကျောင်းတော်က တာဝန်ယူပါတယ်၊ မောင်ရင့်အတွက် လုပ်ခလစာကို မောင်ရင် မနစ်နာအောင်ပေးမယ်'' ဟုပြောလိုက်လေရာ မောင်မိုးသည် ဗလာကျောင်းတော်တွင် နေထိုင်လို သော လှိုင်ထိပ်ထား ၏ ဆန္ဒကို ဖြည့်စည်းသော အနေဖြင့် ဆရာမကြီး၏ စကားကို လက်ခံ လိုက်လေ၏။ဆရာမကြီးက သီလရှင်ငယ်လေးကို ခေါ်ပြီး လှိုင်ထိပ်ထား အား ကျောင်းတွင်းရှိ အဆောင်ငယ်လေးတစ်ခုသို့ ခေါ်ဆောင်သွားရန် ညွှန်ကြားလိုက်လေ၏။ ထိုနောက် မောင်မိုးဘက်သို့ လှည့်ပြီး

မောင်ရင်ကတော့ ယောကျ်ားစစ်စစ် တစ်ယောက်ဖြစ်နေခဲ့တဲ့အတွက် ကျောင်းဆောင် မှာနေထိုင်ခွင့် မရှိဘူး၊ ကျောင်းရဲ့ အနောက်က အိမ် ငယ်လေးမှာ နေထိုင်ရမယ်၊ မောင်ရင် မနက်ဖြန် မနက်ကစပြီး ဗလာ ကျောင်းတော်ရဲ့ တံခါးမကြီးမှာ အစောင့်အဖြစ် တာဝန်စယူရမယ်


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်တံခါးကြီးရဲ့ အနီးမှာ မောင်ရင်နားနေဖို့ အစောင့်ရုံလေး ဆောက်ပေးမယ်``ဟုပြောလေ၏။ ဆရာမကြီး ဒေါ်မာလာသည် အလွန် စေ့စပ်သူတစ်ဦးဖြစ်နေသည်ကို တွေ့ရ လေ၏။မောင်မိုးနှင့် လှိုင်ထိပ်ထား သည် မိမိတို့ နေထိုင်ရန် နေရာ အသီးသီးသို့ ထွက်ခွါခဲ့လေ၏။

ညနေခင်းထမင်းစားဆောင်တွင် မောင်မိုးနှင့် ဆရာမလေး လှိုင်ထိပ်ထား တွေ့မြင်ခွင့်ရလေ၏။လှိုင်ထိပ်ထားက မောင်မိုး၏ မျက်နှာကို ကြည့်ပြီး ``ရှင့်ကို ကြိုတင်တိုင်ပင် မထားပဲဆရာမကြီး ဒေါ်မာလာဆီမှာ အလုပ် တောင်းမိတာ ခွင့်လွှတ်ပါ၊ကျွန်မလည်း ဆရာမကြီးနဲ့ တွေ့မှ အကြံ ပေါ်လို့ပါ၊ရှင့်မှာပုလိပ်တွေရဲ့ ရန်က ရှိသေးတော့ ဗလာ ကျောင်းတော်မှာ ခဏ ခိုအောင်းနေတာ ကောင်းပါတယ်၊ကျွန်မလည်း ဗလာကျောင်းတော် မှာ နေပြီး ဆရာမကြီးရဲ့ တရားဓမ္မတွေကို လေ့လာချင်သေးတယ်၊ ဆရာမကြီးရဲ့ ဗလာ သဘောထားတွေထဲမှာ ဓမ္မရှိနေတယ်လို့ ကျွန်မ ထင်တယ်၊ ရှင်လည်း ကျောင်းတော်မှာ မပျော်တဲ့အချိန်မှာ ဆရာမကြီးကို ခွင့်တောင်းပြီး ရှင်သွားလိုရာ သွားနိုင်ပါတယ်၊ ကျွန်မကိုတော့ ခွင့်တောင်း ရာ မလိုပါဘူး၊ နှုတ်ဆက်ရင်ပဲ လုံလောက်ပါပြီ၊ တကယ်တော့ လူတွေ ဟာ ခွဲခွါရမဲ့အတူတူ တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်နေတာ





www.burmeseclassic.com

www.burmeseclassic.com



အပိုပါပဲ၊ အိမ်ရှင် မရှိဘူး အာလုံး ဧည့်သည်တွေပဲလေ``ဟုပြောလေ၏။ မောင်မိုးက လှိုင်ထိပ်ထား၏ နားလည်ရခက်သော စကားကို နား ထောင်ပြီး``ဆရာမ ဒီကျောင်းမှာ နေနေမဲ့အတူ ကုသိုလ်ရအောင် သီလရှင်ဝတ်လိုက်ပါလား``ဟုနောက်ပြောင်လိုက်၏။ လှိုင်ထိပ်ထားက မောင်မိုးကို မျက်စောင်းထိုးပြီး``ဘာလဲ ရှင်က ကျွန်မခေါင်းပေါ်က ဆံပင်တွေကို မမြင်ချင်တော့ဘူးလား၊ ကုသိုလ်ရခြင်း မရခြင်းဟာ ကျွန်မခေါင်းပေါ်က ဆံပင်နဲ့ မဆိုင်ပါဘူး၊ ကျွန်မရဲ့သန့်ရှင်းစင်ကြယ်တဲ့ စိတ်နဲ့ပဲ ဆိုင်တယ်လို့ထင်တယ်၊ဒါကြောင့် သီလရှင်ဝတ်ဖို့ ကျွန်မစိတ်ကူး မရှိဘူး`` ဟုပြောလေ၏။

ထိုသို့ဖြင့် မောင်မိုးသည် သီလရှင်ကျောင်း၏ အစောင့်အဖြစ် လုပ်ကိုင်ရင်း ပုလိပ်များလက်မှ ရှောင်တိမ်းနေလေ၏။ လှိုင်ထိပ်ထားသည် သီလရှင်ကျောင်း၌ ဆရာမကြီး၏ တရားဓမ္မကို နာယူရင်း ဗလာတရားတော်များကို လေ့လာနေလေ၏။ လှိုင်ထိပ်ထားသည် ဗလာတရားတော်၏ နက်ရှိုင်းသောသဘောကို လေ့လာရင်း ပိုမို စိတ်ဝင်စားပြီး ဉာဏ် အလင်းရောက်အောင် ကျင့်ကြံနေလေ၏။ ဗလာကျောင်းတော်၌ မောင်မိုးတို့ည သီလရှင်ကျောင်း၌ အခကြေးငွေယူပြီး လုပ်ကိုင်နေသော မတင်လှ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ရှိ၏။ မတင်လှသည် ဇလာကျောင်းတော်၏ သီလရှင် သုံးရာ ကျော်၏ စားရေးသောက်ရေးအတွက် တာဝန်ယူထားသူ ဖြစ်၏။ မတင်လှသည် မြို့ထဲတွင် နေထိုင်သူဖြစ်ပြီး သီလရှင်များ စားသောက်ရန် နေ့စဉ်လာရောက် ချက်ပြုတ်ပေး နေလေ၏။ မတင်လှသည် မောင်မိုးကို ရန်လိုမုန်းထားစိတ်ထားသူဖြစ်ပြီး ကျောင်းတော်၌ တစ်ဦးတည်း ချယ် လှယ်လိုသူ ဖြစ်၏။ လှိုင်ထိပ်ထားက မတင်လှ၏ အမူအကျင့်ကို မကြိုက် သောကြောင့် သတိထားဆက်ဆံရန် ပြောလေ၏။

တစ်နေ့တွင် မောင်မိုးသည် လှိုင်ထိပ်ထားက တရုတ်ခေါက်ဆွဲကြော် စားချင်သည်ဆိုသဖြင့် မြို့တွင်းရှိ ခေါက်ဆွဲဆိုင်သို့ သွားရောက်ပြီး ခေါက်ဆွဲတစ်ထုပ် ဝယ်လေတော့၏။ ခေါက်ဆွဲကြော် နေစဉ် ဆိုင်၏ အခန်းတွင်းမှ မိန်းမတစ်ယောက်၏ စကားပြောသံကို ကြားဖူးသလို ရှိသဖြင့် နားစွင့်ကြည့်လိုက်ရာ မတင်လှဆိုသော မိန်းမဖြစ်ကြောင်း သိရလေ၏။ မောင်မိုးသည် ခန်းဆီးကို မသိမသာ လှပ်ပြီး ချောင်း ကြည့် လိုက်ရာ မတင်လှနှင့် မိန်းမလျာတစ်ဦး ဖြစ်ကြောင်း တွေ့ရလေ၏။ မိန်းမလျာက မတင်လှကို လေသံတိုးတိုးဖြင့် ``ဟဲ့.. ကောင်မ ငါတော့ မစောင့်ချင်တော့ဘူးဟယ်၊ ငါတို့ ဒီလအတွင်းမှာပဲ လှုပ်ရှားကြတော့



www.burmeseclassic.com

မယ်``ဟုဆိုကာ ၎င်းတို့၏ အကြံအစည်များကို တိုင်ပင်လေရာ မတင်လှနှင့် အပေါင်းအပါများသည် ဗလာကျောင်းတော်မှ ရွှေဒင်္ဂါးသေတ္တာကို ခိုးယူဖို့ ကြံစည်နေကြောင်း သိလိုက်ရ၏။ မောင်မိုးသည် အလွန်အရေးကြီးသော သတင်းကြောင့် ခေါက်ဆွဲကြော် ကြော်ခြင်းကို ပြီးအောင် မစောင့်တော့ဘဲ ဗလာ ကျောင်းတော်သို့ တက်သုတ်ရိုက်ပြီး ပြန်ခဲ့လေ၏။ ကျောင်းတော်သို့ ရောက်သောအခါ လှိုင်ထိပ်ထားနှင့် တွေ့ဆုံပြီး မတင်လှတို့၏ ယုတ်မာသော အကြံအစည်ကို ပြောပြလေ၏။ မတင်လှက သက်ပြင်းချပြီး``ကျွန်မ ဒီမိန်းမရဲ့ ရုပ်သဏ္ဌာန်ကို ကြည့်ပြီး မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းတော်ကို ရောက်နေတယ်လို့ ထင်သားပဲ``ဟုပြောလေ၏။ မောင်မိုးက အံကိုကြိတ်ပြီး``ကျုပ်တို့ ဆရာမကြီးကို ဒီအကြောင်းတွေ ပြောပြလိုက်ရင် ကောင်းမလား`` ဟုဆိုလိုက်၏။လှိုင်ထိပ်ထားက ခေါင်းခါယမ်းပြီး``ဆရာမကြီးကို ပြောလိုက်ရင် ကျန်သီလရှင်တွေ သိသွားပြီး မတင်လှ ရိပ်မိသွားနိုင်တယ်။ ကျွန်မတို့ ဘာသာ မတင်လှရဲ့ အရိပ်အခြည်ကို စောင့်ကြည့်ဦးမယ်`` ဟုဆိုလိုက်၏။ မောင်မိုးက မျက်မှောင်ကြုတ်ပြီး``ဗလာကျောင်းတော်လို နေရာမျိုးဟာ ရွှေဒင်္ဂါးသေတ္တာနဲ့ မအပ်စပ်သလိုပဲ``ဟုဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

လှိုင်ထိပ်ထားက ခေါင်းခါယမ်းပြီး``ဆရာမကြီးကို တစ်လွဲမမြင်ပါနဲ့ရှင်၊ ဆရာမကြီးတို့ သီလရှင်တွေ အနှစ်နှစ် အလလ အလှူခံပြီး စုဆောင်းထားတဲ့ ရွှေဒင်္ဂါးတွေပါ။ သုညကျောင်းတော်ကြီးဟာ နှစ်ပေါင်းများစွာ ကြာမြင့်တဲ့အတွက် ဟောင်းနွမ်းဆွေးမြေ့ရုံမကဘူး၊ ကျောင်းတော်ကြီးကို သာသနာ့အကျိုးအတွက် တိုးချဲ့ဖို့ ကြံစည်နေတယ်၊ဆရာမကြီးဟာ ဗလာကျောင်းတော်ကြီးကို တိုးချဲ့ချင်တဲ့ အိပ်မက်အကြီးကြီး ရှိတယ်၊ ဗလာကျောင်းတော်ကြီးကို မတိုးချဲ့ရဘဲ သူသေသွားမယ် ဆိုရင်တောင် အသေဖြောင့်မှာ မဟုတ်ဘူး၊ ဆရာမကြီးက ရွှေဒင်္ဂါးသေတ္တာကို ဘုရားခန်းထဲက မီးခံသေတ္တာထဲမှာ သိမ်းထားတာ ကျွန်မသိတယ်။ ကျွန်မတို့ ဗလာကျောင်းတော်ကြီးက ရွှေဒင်္ဂါးသေတ္တာကို အစွမ်းကုန် ကာကွယ်ရမယ်``ဟုပြောလေရာ မောင်မိုးက သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး``ဟုတ်တယ်၊ ဗလာကျောင်းတော်ကြီး အသစ်ပြန်လည် တည်ဆောက်နိုင်ဖို့အတွက် ကျုပ်တို့ ကာကွယ်မယ်၊ ကျုပ်တို့မှာ တာဝန်ရှိတယ်`` ဟုပြောလိုက်လေ၏။

မောင်မိုးသည် နောက်တစ်နေ့မှစပြီး မတင်လှ၏ ခြေလှမ်းများကို စောင့်ကြည့်လေရာ မတင်လှသည် ခေါက်ဆွဲဆိုင်သို့ မကြာခဏ


www.burmeseclassic.com

www.burmeseclassic.com

သွားရောက်ပြီး လူနှစ်ယောက်နှင့် တွေ့ဆုံကြောင်း သတိပြုမိလေ၏။ မောင်မိုးသည် ခေါက်ဆွဲဆိုင်ရှိ စားပွဲထိုးလေးကို တည့်အောင်ပေါင်းပြီး မတင်လှ၏ အခြေအနေကို စောင့်ကြည့်ရန် ကြံလေ၏။ မောင်မိုးသည် စားပွဲထိုး လှငယ်နှင့် ခင်မင်အောင် ပေါင်းသင်းရင်း ဈေးသို့ အတူတူ သွားရာမှ လှငယ်သည် ဂီတဂါသနာပါသူဖြစ်ပြီး ကုလားကုန်စုံဆိုင်ရှိ ဘာဂျာ တစ်လက်ကို အလွန်လိုချင်နေကြောင်း သိရ၏။မောင်မိုးသည် ထိုအချက်ကို အခွင့်ကောင်း ယူပြီး လှငယ်အလွန်လိုချင်နေသော ဘာဂျာကို ကုလားကုန်စုံဆိုင်မှ ဝယ်ပေးလိုက်သောအခါ လှငယ်သည် မောင်မိုး၏ လူဖြစ်သွားလေ၏။ ထိုကြောင့် မတင်လှနှင့် ချိန်းဆိုတွေ့သူ နှစ်ဦး၏ အကြောင်းကို စုံစမ်းသိရှိရလေ၏။ လှငယ်၏ စုံစမ်းချက်အရ မတင်လှနှင့် ချိန်းဆိုတွေ့သူ နှစ်ဦးမှာ မိန်းမလျာ လှလှနှင့် ဖောက်ထွင်းဂိဇ္ဈာ ဖိုးထုးဆိုသူဟု သိရလေ၏။ မိန်းမလျာလှလှသည် မြို့ပေါ်တွင် နတ်ကနားပွဲများ ကျင်းပလေ့ရှိသော နတ်ဝင်သည် တစ်ဦးပင်ဖြစ်ကြောင်း သိရ၏။ ဖောက်ထွင်းဂိဇ္ဈာ ဖိုးထုးသည် အနီးအနားမြို့မှ ဖြစ်ပြီး ဗလာကျောင်းတော်ကို ဖောက်ထွင်းမှု လုပ်ရန် မကြာခဏ ဆွေးနွေးလေ့ရှိကြောင်း သိရလေ၏။


www.burmeseclassic.com

www.burmeseclassic.com


စားပွဲထိုးလူငယ်သည် မတင်လှတို့ သုံးဦး ဆွေးနွေးသည့်အခါ အခန်း အပြင်မှ မယောင်မလည်လုပ်ပြီး နားထောင်လေရာ လာမည့်လကွယ်ည တွင် ဇလာကျောင်းတော်သို့ တိတ်တဆိတ် ဝင်ရောက်ပြီး ရွှေဒင်္ဂါး သေတ္တာကို ခိုးယူမည် ဖြစ်ကြောင်း သိရလေ၏။ မောင်မိုးသည် အဖိုးတန် သတင်းကို ရရှိသောအခါ ဇလာကျောင်းတော်သို့ ပြန်ပြီး လှိုင်ထိပ်ထားနှင့် တိုင်ပင်သောအခါ လှိုင်ထိပ်ထားက ``သူတို့ အကြံအစည်ကို ကျွန်မ တို့ကြိုသိပြီဆိုတော့ အစီအစဉ်တွေ ကြိုဆွဲလို့ ရတာပေါ့'' ဟုပြောလေရာ မောင်မိုးက ``ကျုပ်တို့က ဆရာမကြီး ဒေါ်မာလာကို မပြောဖူးလား'' ဟု မေးမြန်းလေ၏။ လှိုင်ထိပ်ထားက ``ပူလောင်မှုတွေကို ဇလာကျောင်း တော်ကို တတ်နိုင်သမျှ မပေးချင်ဘူး။ကျွန်မတို့ အစွမ်းနဲ့ပဲ ကာကွယ် လိုက်ချင်တယ်။ဒီတော့ ကျွန်မက မတင်လှကို လက်ရ ဖမ်းဖို့ ကြံစည် မယ်၊ရှင်က ဖောက်ထွင်းဂိုဏ်း ဗိုးထွန်းနဲ့ မိန်းမလျှာကို ဖမ်းဖို့ တာဝန်ယူ'' ဟုပြောလေရာ မောင်မိုးက သူ၏ ခေါင်းညိတ်လိုက်ပြီး ``ကျုပ်ရအောင် ဖမ်းပါ့မယ်၊ ဒါပေမဲ့ ကျုပ်တို့ အမှားအယွင်း မရှိအောင် တိုင်ပင်မှဖြစ်မယ်၊ သူတို့ရဲ့ ဦးတည်ချက်ကတော့ ဘုရားခန်းထဲက ရွှေဒင်္ဂါး သေတ္တာ ထည့် ထားတဲ့ မီးခံသေတ္တာပဲ'' ဟုပြောလေရာလှိုင်ထိပ်ထားက စာရွက်ကြီး တစ်ရွက်ကို ယူပြီး ဇလာကျောင်းတော်၏ မြေပုံကို အကြမ်းဆွဲသော


www.burmeseclassic.com

www.burmeseclassic.com


``သူတို့ရဲ့ ဦးဘည်ရာဟာ ဘုရားခန်းထဲက မီးခံသေတ္တာဆိုတာ ကြိုသိနေတာ ကျွန်မတို့ဘက်က အားသာချက်ပဲ၊ထိုနောက်တွင်မှ သူခိုးများကို ဖမ်းဆီးရန် တိုင်ပင်ကြလေ၏။ အတန်ကြာအောင် တိုင်ပင်ဆွေးနွေးပြီးနောက် သူခိုးများကို ဖမ်းဆီးရန် နည်းလမ်းကို ရလေ၏။

လက္ခယ်ညသို့ နီးကပ်လာသောအခါ မတင်လှသည် အရင်နေ့များကဲ့သို့ မြို့သို့မပြန်တော့ဘဲ ဇလာကျောင်းတော်၌ပင် ညအိပ်ကြောင်းတွေ့ရလေ၏။မတင်လှသည် ထိုရက်များအတွင်း ဘုရားခန်းကို သန့်ရှင်းရေးလုပ်မည်ဟု အကြောင်းပြကာ မကြာဏ ဝင်ကြောင်းလည်း တွေ့ရလေ၏။

လက္ခယ်ည သန်းခေါင်အချိန်သို့ ရောက်သောအခါ မတင်လှသည် ကြိုတင် စီစဉ်ထားသည့် အတိုင်းပင် ကျောင်းအနောက်ဘက်ရှိ ဒုတ်နံရံကို လှေခါးထောင်ပေးပြီး ဖောက်ထွင်းသမားဖိုးထူး ဝင်ရောက်နိုင်ရန် ကူညီပေးလေ၏။ မိန်းမလျာလှလှက မြင်းလှည်းတစ်စီးဖြင့် ကျောင်းပြင်ပ၌ စောင့်ကြပ်ပေးနေလေ၏။ မိန်းမလျာလှလှ မြင်းလှည်းအနီးတွင်စောင့်နေစဉ် လှည်းအနီးသို့ လူတစ်ဦး ခြည်းကပ်လာသဖြင့် ဖောက်ထွင်းသမားဖိုးထူးဟု ယူဆကာ လေသံအုပ်အုပ်ဖြင့် ``ဖိုးထူး မြန်လှချည်လား`` ဟုမေးမြန်းလိုက်၏။ ထိုအခါ အမှောင်ထဲမှလူက မိန်းမလျာလှလှ အနီးသို့


www.burmeseclassic.com

www.burmeseclassic.com

ကပ်သွားပြီး ``ဖိုးထူးမဟုတ်ဘူး၊ခင်ဗျားကို ထောင်ထဲပို့မဲ့လု ဟုဆိုကာ လှလှ၏ ပေါင်ကြားကို ခြေဖြင့် တအားဆောင့်ကန်လိုက်ရာ လှလှသည် ပေါင်ကြားကို လက်ဖြင့်အုပ်ပြီး အားခနဲ အော်ကာမေ့မြောသွားလေ၏။ ထိုအခါ အမှောင်ထဲကလူက လှလှကို ကြိုးဖြင့်တုတ်ပြီးနောက် ခြုံထဲသို့ သွင်းလိုက်လေ၏။

ဖောက်ထွင်းသမား ဖိုးထူးသည် မတင်လှက ခေါ်ဆောင်သွားသဖြင့် အဆောင်ဆောင် အခန်းခန်းများရှိသော ဗလာကျောင်းတော်၏ ဘုရား ခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေ၏။ ထိုနောက် မီးခံ သေတ္တာကို ကျမ်းကျင်စွာ ဖွင့်လှစ်လိုက်နေလေရာ ခဏအကြာတွင် မီးခံသေတ္တာပွင့်သွားလေ၏။ သေတ္တာထဲမှ ရွှေဒင်္ဂါး သေတ္တာငယ်လေးကို ထုတ်လိုက်ပြီး ဂမ်းသာအားရ လေချွန် လိုက်လေ၏။ ဗလာကျောင်းတော် တွင် အဖိုးတန် ရွှေဒင်္ဂါး သေတ္တာ ရှိသည် ဆိုသော သတင်းကို သူအတို့ အကျ ရရှိသည့် အချိန်မှစပြီး ဗလာကျောင်းတော်သို့ တစ်ဦးတည်း ဝင်ထွက်ခွင့် ရရှိသူ မတင်လှကို ကပ်ရန် ကြံစည်ခဲ့၏။ မတင်လှနှင့် ရင်းနှီးရန်အတွက် ထိုမြို့တွင် ရှိသောမိန်းမလျာလှလှ၏ အကူအညီ ယူရ၏။ မိန်းမလျာလှလှသည် ကနားစီးအလုပ်ကို သာမက ေ ာင်သွယ်




www.burmeseclassic.com

www.burmeseclassic.com

အလုပ်မျိုးစုံကိုလည်း လုပ်ကိုင်သူဖြစ်၏။ ထို့ကြောင့် မိန်းမလျှာလှလှ၏ အကူအညီဖြင့် မတင်လှကို ချည်းကပ်ကာ မိန်းမလျှာ၏ အိမ်မှာပင် မတင်လှကို သိမ်းသွင်းခဲ့ရ၏။ ထို စီမံကိန်းအတွက် လပေါင်းရင်းနှီးခဲ့ရ ၏။ ယခု မိမိ၏ ကြိုးစားမှု အသီးအပွင့် အဖြစ် လက်ထဲသို့ ဗလာကျောင်းတော်၏ ရွှေဒင်္ဂါးသေတ္တာ ရရှိနေပေပြီ။ ဖောက်ထွင်းသမားရွှေထူးသည် မိမိလက်သို့ ရွှေဒင်္ဂါးသေတ္တာ ရရှိသည်နှင့် မတင်လှနှင့် မိန်းမလျှာကို ခေါ်ကြားပြီး အဝေးသို့ ထွက်ပြေးရန် ကြံစည်ထား၏။ ထိုအခိုက်မှာပင် မတင်လှသည် ရွှေထူး၏ အနီးသို့ ရောက်ရှိလာပြီး ``ဂမ်းသာလိုက်တာ ကျွန်မတို့ အောင်မြင်သွားပြီ``ဟုဆိုလိုက်ရာ ရွှေထူးက မတင်လှကို ပွေ့ဖက်နမ်းရှုံ့လိုက်ပြီး ``ကိုယ်တို့ မကြာမီ ပြန်ဆုံကြမယ်၊ အခုတော့ ကိုယ်သွားတော့မယ်``ဟုဆိုကာ ကျောင်းအပြင်သို့ ပြန်ထွက်ရန် ပြင်လေ၏။ ရွှေထူးသည် မတင်လှ ပြင်ဆင်ထားသော လှေကားပေါ်သို့ ပြန်တက်ပြီး ဗလာကျောင်းတော် အုတ်တံတိုင်းသို့ ကျော်တက်လိုက်၏။ ရွှေထူးသည် လှေခါးပေါ်မှ တွယ်ဆင်းနေစဉ် မြေပေါ်မှ စောင့်နေသော လှလှက ``သေတ္တာပေး``ဟုဆိုသဖြင့် သေတ္တာကို ကမ်းပေးလိုက်ပြီး လှေကားပေါ်မှ နောက်ပြန်ဆင်းလိုက်၏။ ရွှေထူးမြေပေါ်သို့ ရောက်သော အခါ မိန်းမလျှာလှလှကို ကြည့်ပြီး ``ငါတို့ဒီကနေ ပြေးကြမယ်ဟေ့``



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုလိုက်၏။ထိုအခါ လှလှက``ပြေးစရာ မလိုတော့ဘူး၊ ခင်ဗျားထောင်ထဲသွားရတော့မယ်``ဟုဆိုသဖြင့် ရွှေထူးသည် လှလှကို နားမလည်ဟန်ဖြင့် ကြည့်လိုက်၏။ ထိုအခါ မှောင်ထဲတွင် စောင့်နေသူသည် မိန်းမလျာလှလှ မဟုတ်မှန်း ရိပ်စားမိသွားလေ၏။ထို့ကြောင့် အံ့သြဟန်ဖြင့်

``မင်း..မင်းဘယ်သူလဲ ငါ့သေတ္တာပေးစမ်း`` ဟု အော်ဟစ်လိုက်လေ၏။ ထိုအခါ လှစိမ်းက ရွှေထူး၏ မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်ပြီး``ကျုပ်က ဗလာကျောင်းတော်ရဲ့ တံခါးစောင့်ပဲဗျ၊ ကျောင်းတော်ရဲ့ ပစ္စည်းကို ခင်ဗျားထိလို့ မရဘူး။ ခင်ဗျား ထောင်ထဲကိုပဲ သွားလိုက်တော့``ဟုဆိုကာ မောင်မိုးက ရွှေထူး၏ ခေါင်းကို ဝါးရင်းတုတ်ကြီးဖြင့် ဒိုင်းခနဲ ရိုက်ချလိုက်၏။ ရွှေထူးသည် မျက်လုံးထဲတွင် ကြယ်မြင်လမြင် ဖြစ်ပြီး မေ့မြောသွားလေ၏။

မတင်လှသည် ဖောက်ထွင်းသမားရွှေထူး အောင်မြင်သွားသည့်အတွက် အလွန် ပျော်ရွှင်နေလေ၏။ သူမသည် ကျောင်းတော်ကြီးတွင် တစ်လခန့် ဟန်ပြလုပ်ပြီး သူ၏ချစ်သူရွှေထူး နောက်သို့ လိုက်သွားမည်ဟု ဆုံးဖြတ်ထားလေ၏။မတင်လှသည် ဘုရားခန်းမှ ထွက်ပြီး သူမ၏ အခန်းသို့ ဟန်မပျက်ပြန်နေရန် ပြင်ဆင်နေစဉ် သူ၏ အနောက်မှ အသံလိုလို


www.burmeseclassic.com

www.burmeseclassic.com

ကြားရသဖြင့် လှည့်ကြည့် လိုက်ရာ လှိုင်ထိပ်ထား ဆိုသော မိန်းမကို တွေ့သဖြင့် မျက်လုံးပြူးသွား၏။ မတင်လှက လေသံတုန်တုန် ယင်ယင်ဖြင့် ``ရှင်ဘာလာလုပ်တာလဲ``ဟုမေးမြန်းလိုက်၏။ လှိုင်ထိပ်ထားက ``ကျောင်းတော်ရဲ့ ရတနာတွေကို ခိုးတဲ့အတွက် ရှင့်မှာအပြစ်ရှိတယ်၊ ရှင့်အပြစ်ကို ရှင်ခံရမယ်`` ဟုဆိုလိုက် ရာ မတင်လှက တုန်လှုပ်သွားပြီး ``ငါက ဘာရတနာခိုးလို့လဲ၊ နင်ဘာတွေ လာပြောနေတာလဲ၊သွားစမ်း`` ဟုအော်ဟစ်လိုက်၏။ လှိုင်ထိပ်ထားက မတင်လှကို စကားအပိုမပြောတော့ဘဲလက်ထဲရှိ တုတ်ဖြင့်ခေါင်းကို လွဲရိုက်လိုက်ပြီး ``ရှင်သာ ထောင်ထဲကိုသွားရမှာ`` ဟု တိုးတိုးပြောလိုက်လေ၏။

နောက်တစ်နေ့နနက်တွင် သီလရှင်ဆရာမကြီးဒေါ်မာလာသည် ရွှေဒင်္ဂါးသေတ္တာ ဖောက်ထွင်းခံရခြင်း အကြောင်းကို သိရှိသွားပြီးနောက် မောင်မိုးတို့ကို လွန်စွာ ကျေးဇူးတင်သွားပြီး ```ဗလာကျောင်းတော်ကြီးကို အသစ်တစဖန် ပြန်လည်ပြုပြင်ပြီး တိုးချဲ့ဖို့ဟာ ဆရာမကြီးရဲ့ အကြီးမားဆုံး ရည်ရွယ်ချက်ပါ၊ အခုလို အနှစ်နှစ်အလလက ဆရာမကြီးတို့ သီလရှင်လေးတွေ အလှူခံပြီး စုဆောင်းထားတဲ့ ငွေတွေ ဖောက်ထွင်းခံရမယ်ဆိုရင် ဆရာမကြီးတို့ ကျောင်းတော်တစ်ခုလုံး ကံဆိုး


www.burmeseclassic.com

www.burmeseclassic.com

မိုးမှောင်ကျမှာပါ။ အခုလို ရွှေဒင်္ဂါးတွေ သူခိုးလက်က ပြန်ရပြီး သူခိုး တွေကို ပုလိပ်လက်အပ်နိုင်တာ မောင်မိုးနဲ့ လှိုင်ထိပ်ထားရဲ့ ကျေးဇူးကြောင့်ပါပဲ``ဟုဆိုလိုက်ရာ လှိုင်ထိပ်ထားက ``တပည့်တော်မတို့က ဗလာကျောင်းတော်ရဲ့ အန္တရာယ်ကို ကာကွယ်နိုင်ခဲ့တာကို ဂုဏ်ယူလို့ မဆုံးပါဘူး၊ တပည့်တော်မတို့ကို ဗလာကျောင်းတော်မှာ ခိုလှုံစေပြီး တရားဘာဝနာတွေ ကြားနာခွင့် ရတာကို ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်၊ ဆက်လက် ခိုလှုံခွင့်ပေးဖို့လည်း တောင်းပန်ပါတယ်``ဟုဆိုလေ၏။ ဆရာမကြီး ဒေါ်မာလာက ဆက်လက်ပြီး ``လှိုင်ထိပ်ထားကို ဗလာကျောင်းတော်က အမြဲ ကြိုဆိုပါတယ်၊ ဗလာကျောင်းတော်မှာ လူဝတ်ကြောင်နဲ့ နေမယ်ဆိုရင်လည်း နေခွင့်ပြုပါတယ်၊ ဒီနေ့ကစပြီး ဗလာကျောင်းတော်ရဲ့ ဘဂမီးအိမ်အဆောင်လေးကို လှိုင်ထိပ်ထားကို အပိုင်စားပေးပြီးနေထိုင်ခွင့် ပြုပါတယ်၊``ဟုပြော လေရာ မောင်မိုးသည် လှိုင်ထိပ်ထား၏ သဘောကို မြင်မိပြီး ရင်ထဲတွင် လစ်ဟာသွားသယောင် ခံစားရလေ၏။ လှိုင်ထိပ်ထားသည် ဗလာကျောင်းတော်၏ ဒဿနတရားများကို ယုံကြည် သက်ဝင်ပြီး တရားတော်၌ပင် မွေ့လျော်တော့မည်ထင်၏။ မောင်မိုးသည် ဗလာကျောင်းတော်၌ လှိုင်ထိပ်ထားနှင့်အတူ လပေါင်းများစွာ နေထိုင်ခဲ့ပြီးနောက် သူမကို သံယောဇဉ် တွယ်မိနေပြီ ဖြစ်


www.burmeseclassic.com

www.burmeseclassic.com

၏။ ထိုအခိုက်မှာပင် သီလရှင်ဆရာမကြီးက မောင်မိုး၏ ဘက်သို့ လှည့်ပြီး``ဒကာလေးလည်း ဗလာကျောင်းတော်မှာ ပျော်နေပြီလား`` ဟု မေးမြန်းလိုက်လေရာ မောင်မိုးသည် ဆရာမကြီး၏ အမေးကို ဖြေရန် တွေဝေသွားလေ၏။ သူသည် လှိုင်ထိပ်ထားနှင့် အတူတူ နေထိုင်ပြီး သံယောဇဉ် တွယ်ငြိခဲ့သော်လည်း မိမိဘဝ ရည်မှန်းချက်များလည်း ရှိနေသေး၏။ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အတွက် သံယောဇဉ်ကိုလည်း ဖြတ်သင့်လျှင် ဖြတ်နိုင်ရပေမည်။ သံယောဇဉ်ဟူသည် ကြိုးတစ်ချောင်းဆိုလျှင် ထိုကြိုးကို ဖြတ်သင့်သည့်အချိန်တွင် ဖြတ်တောက်နိုင် ရပေမည်။ထို့ကြောင့် မောင်မိုးသည် အထစ်ထစ်အငေါ့ငေါ့ဖြင့်``တပည့်တော်ဗလာကျောင်းတော်မှာ မပျော်တော့ဘူး။ တပည့်တော်ရဲ့ ဘဝမှာ အကြီးမားဆုံး ရည်ရွယ်ချက်ကတော့ ချမ်းသာ ကြွယ်ဝဖို့ပါ။ တပည့်တော် ချမ်းသာကြွယ်ဝဖို့အတွက် ကြိုးစားချင်ပါသေးတယ်။ ဒါကြောင့် ကျောင်းတော်က ထွက်ခွါခွင့်ပြုပါ``ဟုဆိုလိုက်ရာ လှိုင်ထိပ်ထားသည် မောင်မိုး၏ မျက်နှာကို လှမ်းကြည့်လိုက်လေ၏။ သီလရှင်ဆရာမကြီးက`` မပျော်တော့လည်း တားလို့မရပါဘူး၊ တကယ်တော့ လောကမှာ တားခြင်းရပ်ခြင်း ဆိုတာလည်း မရှိပါဘူး၊ မောင်မိုး ကျောင်းတော်က ထွက်သွားမယ်ဆိုရင် ကျောင်းတော်အပေါ် ကျေးဇူးရှိတဲ့အတွက်


www.burmeseclassic.com

www.burmeseclassic.com


ဆရာမကြီးက ပြန်ပြီး ကျေးဇူးပြုပါရစေ``ဟုပြောကာ ကျောင်းဆောင်ထဲသို့ ဝင်ရောက်သွားလေ၏။ ခဏကြာလျှင် ဆရာမကြီးသည် ယွန်းသေတ္တာလေး တစ်လုံးကို ယူပြီး ပြန်ထွက်လာလေ၏။ မောင်မိုးက ယွန်းသေတ္တာလေးကို ကြည့်ပြီး``အဖိုးတန်ပစ္စည်းဆိုရင်တော့ တပည့်တော် လက်မခံပါရစေနဲ့ ခင်ဗျာ`` ဟုဆိုလိုက်၏။ ဆရာမကြီးက သက်ပြင်းချပြီး ``အဖိုးတန် ပစ္စည်းမဟုတ်ပါဘူးကွယ်.. ပေပုရပိုဒ် လေးတစ်ချပ်ပါ`` ဟုဆိုကာ မောင်မိုးအားအနီးတွင် ထိုင်ခိုင်းပြီး ပေပုရပိုဒ်လေးဖွင့်ပြလေ၏။ ဆရာမကြီးက ဆက်လက်ပြီး``ဆရာမကြီးရဲ့ အဘိုးက နန်းတွင်းက သမားတော်ကြီး တစ်ယောက်ပါ၊ အဘိုးဟာ နန်းတွင်းမှာ အသုံးပြုခဲ့တဲ့ သွေးဆေးတော်ကြီးကို နှစ်ပေါင်းများစွာ လျှို့ဝှက်ပြီးသိမ်းဆည်း ထားခဲ့တယ်၊သူ့ရဲ့သားစဉ်မြေးဆက်ကို နန်းတွင်းသွေးဆေးတော်ကြီးကို လက်ဆင့်ကမ်းပြီး အသုံးပြုစေလိုတယ်၊ ဒါပေမဲ့ ကျွန်မရဲ့အဖေဟာဆေးသမားတော် အလုပ် ကို ဝါသနာ မပါဘဲ ဂန်းသိုစော်ဘွါးကြီး ဦးအောင်မြတ်ရဲ့ နယ်ချဲ့တော်လှန်ရေးတပ်ထဲကို ဝင်သွားတယ်၊ဒါကြောင့် နန်းတွင်းသွေးဆေးတော်ကြီးကို အသုံးမပြုဘဲ ဆရာမကြီးပဲ လျှို့ဝှက်ပြီး သိမ်းဆည်းထားခဲ့ရတယ်။ အဲဒီဆေးနည်းလေးကို ဆရာမကြီးက မောင်မိုးကိုပြန်မျှဝေ


www.burmeseclassic.com

www.burmeseclassic.com

ပေးချင်ပါတယ်၊ ဒီနန်းတွင်းဆေးနည်းတော်ကြီးကို အသုံးပြုပြီး အများ အကျိုးအတွက် အသုံးပြု စေချင်ပါတယ်`` ဟုပြောလေ၏

မောင်မိုးက ဆရာမကြီး စကားကို နားထောင်ပြီး``အများအတွက် အကျိုး ရှိမယ်ဆိုရင် တပည့်တော် ကြိုးစားပြီးဖြန့်ဝေပါ့မယ်၊ အမြတ်လည်း အနည်းအကျဉ်းပဲ ယူပါ့မယ်``ဟုပြောလေ၏။ မောင်မိုးသည် ပုရပိုဒ်ထဲမှ ဆေးမြစ် ဆေးဥများကို ကူးယူပြီး မြန်မာဆေးဆရာတစ်ဦးကို အကူအညီ တောင်းပြီး ရှာဖွေလေရာ ဆေးမြစ်ဆေးဥများကို ရရှိလေ၏။

မောင်မိုးသည် ဆေးမြစ်ဆေးဥများနှင့်ကိုယ်တိုင် သွေးဆေးတော်ကြီးကို ဖော်စပ်ပြီး သောက်ကြည့်ရ၏။ ထိုသို့ သွေးဆေးတော်ကြီးကို ဖော်စပ်ပြီး ကိုယ်တိုင်သောက်ကြည့်လေရာ ထိုဆေးကို စတင်သောက်သည့် နေ့မှာ ပင်စားဝင်အိပ်ပျော်ပြီး နောက်တစ်နေ့နံနက် ရောက်သောအခါ အားအင် ပြည့်ဖြိုးနေသလို ခံစားရလေ၏။ သွေးဆေးတော်ကြီး၏ ထူးခြား အစွမ်း ထက်သည့် အာနိသင်များကို သောက်ကြည့်ပြီး ရက်ပိုင်းအတွင်းသိသိ သာသာ ခံစားရလေ၏။ မောင်မိုးသည် နန်းတွင်း သွေးဆေးတော်ကြီး၏ အစွမ်းကို အလွန်သဘောကျသွားပြီး ပြည်သူများ သောက်သုံးနိုင်ရန် ဖော်စပ်ရောင်းချဖို့ ဆုံးဖြတ်လိုက်လေ၏။ ထိုသို့ ဆုံးဖြတ်ပြီးနောက်


www.burmeseclassic.com

www.burmeseclassic.com


ကျေးဇူးရှင် ဆရာမကြီး သောက်သုံးရန် သွေးဆေးကို ဖော်စပ်ပြီး ဦးစွာ ဆက်ကပ်လေ၏။ လှိုင်ထိပ်ထား သောက်သုံးရန်လည်း သွေးဆေးဖော်စပ် ပေးခဲ့၏။ ထိုနောက်တွင် မောင်မိုးသည် မိမိ၏ ဘဝတိုးတက်ရေးအတွက် ဇလာကျောင်းတော်ကို စွန့်ခွါရန် စီစဉ်လေ၏။လှိုင်ထိပ်ထားနှင့် မိမိဖူးစာ မှန်ရင် ပြန်ဆုံမည်ဟုလည်း ဆုံးဖြတ်လိုက်လေ၏။

မောင်မိုး ဇလာကျောင်းတော်မှ ထွက်ခွါကာနီးတွင် လှိုင်ထိပ်ထားသည် ရထားလုံးကို သူမကိုယ်တိုင်မောင်းပြီး ကားဂိတ်သို့ ပို့ဆောင်ပေးလေ၏။ မောင်မိုးက ``တစ်နေ့သူဌေးဖြစ်မှ ပြန်တွေ့ကြတာပေါ့`` ဟုဆိုလိုက် ရာ လှိုင်ထိပ်ထားက``ဘဝဆိုတာ.. မီးအိမ်တစ်လုံးလို လင်းလက် တောက်ပ နေတယ်လို့ ကျွန်မမြင်မိတယ်၊ လူတိုင်း လူတိုင်းရဲ့ ရင်ထဲမှာ ဘဝ မီးအိမ်တစ်လုံး ရှိတယ်၊ လူတိုင်းဟာ ကိုယ်ပိုင်ဆိုင်တဲ့ မီးအိမ်ကို ကိုယ် ထွန်းညှိကြတယ်၊ မီးအိမ်ရဲ့ အရောင်းကွာခြားသွားတာက ဘဝ အပေါ် ထားရှိတဲ့ သဘောထားကြောင့်ပဲ၊ ရှင့်ရဲ့ ဘဝအပေါ်မှာ ထားရှိတဲ့ သဘောထားနဲ့ ကျွန်မရဲ့ ဘဝပေါ်မှာ ထားရှိတဲ့ သဘောထားကွာခြား တယ်၊ ဒီလိုပဲ ကမ္ဘာပေါ်မှာ ရှိတဲ့ လူတွေရဲ့ ဘဝအပေါ်မှာ ထားရှိတဲ့ သဘောထားတွေ ကွာခြားကြတယ်၊ လူတွေဟာ ကိုယ်သန်ရာ ဘဝ


www.burmeseclassic.com

www.burmeseclassic.com


မီးအိမ်ကို ထွန်းညှိနေကြတယ်၊ ကိုယ့်ရဲ့ အလင်းအိမ်ကိုပဲ ကိုယ်အမှန်လို့ မြင်ကြတယ်၊ဒီလို မြင်တာလည်း ကိုယ်ရှင်သန်ရာ ပတ်ဝန်းကျင် ကိုယ်ရဲ့ ရင်းသန်တဲ့ ပါရမီတို့နဲ့လည်း သက်ဆိုင်ပါတယ်၊ လောဘသားတစ်ယောက်ကလည်း လူတွေအားလုံးကလောဘနည်းတဲ့ လူညံ့တွေလို့ မြင်သလို ပညာရှိတစ်ယောက်ကလည်း လူတွေပညာမရှာတာ အပြစ်တစ်ခုလို့ မြင်လိမ့်မယ်။ ဒါပေမဲ့ အားလုံးဟာ ကိုယ်သန်ရာ ဘဝမီးအိမ်ကို ထွန်းညှိနေကြတာပါ၊ ထွန်းညှိနေသရွေ့ ဘဝကံရှိသလောက် မီးအိမ်က လင်းလက်နေမှာပဲ၊ မီးအိမ် လင်းလက်နေသရွေ့ အတွင်းမီးအိမ်က ပိုပိုပြီး ဖွံ့ဖြိုးလာမှာပဲ၊ နောက်ဆုံးတော့ လူတွေအားလုံး ဘဝမီးအိမ်တွေ ညီမ်းသတ်သွားမှာပါ။ ကျွန်မ ပြောတဲ့ စကားတွေကို ရှင် အခုနားမလည်ပေမဲ့ တစ်နေ့နေ့တော့ နားလည်လာမှာပါ´´ဟုပြောလေ၏။ ထိုအခိုက်မှာပင် ဘတ်စ်ကားကြီး ထိုးဆိုက်လာလေ၏။ မောင်မိုး ဘတ်စ်ကားပေါ် တက်ကာနီးတွင် လှိုင်ထိပ်ထားက ``သူဌေးသိပ်ဖြစ်ချင်တဲ့သူ၊ သွားပေဦးတော့ သူဌေးကြီး ဖြစ်လို့ ဇလာကျောင်းတော်မှာ ကျွန်မရှိနေသေးရင် ပြန်ဆုံကြတာပေါ့၊ရှင့်ရဲ့သူဌေးဖြစ်ချင်တဲ့ ဘဝမီးအိမ်ကို အကောင်းဆုံး ထွန်းညှိနိုင်ပါစေလို့ ကျွန်မဆုတောင်းပါတယ်´´ဟုပြောကာ ကျန်ရစ်ခဲ့လေ၏။ မောင်မိုးသည် မြူမှုံထဲတွင် ဝိုးတဝါး ကျန်ရစ်ခဲ့သော လှိုင်ထိပ်ထား


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ရင်ထဲတွင် ဆို့နစ်သွားလေ၏။ဘာပဲဖြစ်ဖြစ် မိမိအား ဘဂမီးအိမ်ကို ထွန်းညှိရဦးမည်..နေရစ်တော့ လှိုင်ထိပ်ထား.

မောင်မိုးသည် ရန်ကုန်မြို့သို့ ဦးတည်ပြီးထွက်ခွါသွားလေ၏ မန္တလေးသို့ ရောက်သောအခါ စမ်းချောင်းဘက်တွင် အိမ်တစ်လုံးငှါးရမ်းပြီး နန်းတွင်းသွေးဆေးတော်ကြီးကို ဖော်စပ်ရန် ရှားပါး ဆေးမြစ်များ သစ်ဥသစ်ဖုများကို ရှာဖွေစုဆောင်းလေ၏။ ထိုနောက် နန်းတွင်းသွေးဆေးတော်ကြီးကို နံမည်ပေးရန် အမျိုးမျိုးစဉ်းစားနေလေတော့၏။ ထိုသို့စဉ်းစားပြီးနောက် လှိုင်ထိပ်ထားနှင့် နောက်ဆုံးခွဲခွါကာနီးတွင် လှိုင်ထိပ်ထား ပြောခဲ့သော ဘဂမီးအိမ် ဆိုသော စကားကို သတိရလေ၏။ မောင်မိုးသည် ဘဂမီးအိမ် ဆိုသောစကားကို တီးတိုး ရေရွတ်ပြီး ဘဂမီးအိမ် တော်တော်အဓိပ္ပါယ်ရှိတဲ့ နံမည်ပဲ၊ နန်းတွင်းသွေးဆေးတော်ကြီးကို ဘဂမီးအိမ်လို့ နံမည်ပေးရမယ်``ဟုဆုံးဖြတ်လေ၏။ မောင်မိုးသည် ဘဂမီးအိမ် သွေးဆေးကို တုန်ကျစရိတ် နည်းပါးစေရန် တစ်ကိုယ်တည်းသာ ကြိုးစားလုပ်ကိုင်လေ၏။ ထိုနောက် မောင်မိုးသည် ဘဂမီးအိမ်သွေးဆေးကို ရန်ကုန်မြို့အနှံ့ရှိ ဆေးဆိုင်များသို့ လိုက်လံ ဖြန့်ဖြူးလေ၏။ ထိုသို့ ဖြောင်းဖြူးပြီး တစ်လခန့်ကြာသောအခါ ဆေးဆိုင်များသို့ သွားရောက်ကြည့်ရှုလေရာ ဘဂ မီးအိမ်



www.burmeseclassic.com

www.burmeseclassic.com

သွေးဆေးသည် ရောင်းအား အလွန်နည်းနေကြောင်း တွေ့ရလေ၏။ ဆေးဆိုင်များက ဘဂမီးအိမ်ကို လူသိနည်းပါး နေသဖြင့် လူအများ သိမြင်နိုင်ရန် သတင်းစာ၊ဂျာနယ်များတွင် ကြော်ငြာရန် အကြံပြုလေ၏။

မောင်မိုးသည် ကုန်ကျစရိတ်များပြား လွန်းသော်လည်း မျက်လုံးမှိတ်ပြီး သတင်းစာ၊ဂျာနယ် များတွင် ကြော်ငြာလေ၏။ မောင်မိုးသည် ကြော်ငြာခ ငွေများကို မဖြစ်မနေ သုံးလိုက်ရသဖြင့် လက်ထဲတွင် ငွေအတော်ပင် နည်းပါးသွားလေ၏။ သူသည် တစ်လခန့် ကြာသောအခါ စိတ်လှုပ်ရှားစွာ ဖြင့် ဆေးဆိုင်များသို့ သွားရောက်ပြီး ဘဂမီးအိမ်၏ တိုးတက်မှု အခြေ အနေကို မေးမြန်းလေ၏။ ထိုအခါ ဘဂ မီးအိမ်သွေးဆေးသည် အတန် ငယ်သာ ရောင်းအား တက်ကြောင်း သိရသဖြင့် ဘဂမီးအိမ်သွေးဆေးကို ပထမဆုံးအကြိမ် စိတ်ပျက်သလို ဖြစ်သွားလေ၏။ သူသည် ဘဂမီးအိမ် သွေးဆေးထဲတွင် ထည့်သွင်းဖော်စပ် ရန်ရှားပါး ဆေးမြစ်များ၊ သစ်ဥ သစ်ဖုများကို ရှာဖွေ စုဆောင်းခဲ့ရ၏။ ဆေးအာနိသင် ထက်မြက်ရေးကို သာ အလေးဂရုပြုပြီး အမြတ်အစွန်းကို အလေးမထားဘဲ ရှားပါးဆေးမြစ် ဆေးဥများကို မဖြစ်မနေထည့်သွင်းခဲ့၏။ ထိုသို့ ထည့်သွင်း ဖော်စပ်ခဲ့ သော်လည်း ဘဂမီးအိမ်သွေးဆေး၏ အခြေအနေမှာ ဆိုးဝါးလှ၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ စိတ်ဓာတ်ကျသောအခါ သူ၏ဆရာဦးဖိုးဘ သင်ပေးသော စကားများကို ပြန်လည်ကြားယောင်လာ၏။ဆရာဦးဖိုးဘက ``လောကမှာ ဘာဇလုပ်လုပ် အခက်အခဲတော့ တွေ့မှာပဲ၊ အမြဲတမ်း ချောမွေ့မှုတော့ မရှိနိုင်ဘူး၊ ဒါပေမဲ့ ကျော်နိုင်တဲ့ နည်းလမ်းတစ်ရပ်တော့ ရှိမှာ``ဟုပြောဖူးသဖြင့် မိမိကိုယ်မိမိ စိတ်အားတင်းရလေ၏။ မောင်မိုးသည် ဆေးဆိုင်ကြီးများသို့ မကြာခဏသွားပြီး သူ၏ဘဂမီးအိမ် သွေးဆေးကြီးနှင့် ပတ်သက်ပြီး အခြေ အနေကို မေးမြန်းလေရာ ဆေးကိုယ်စားလှယ်များက မောင်မိုးကို ဝိုင်းပန်းလှောင်ပြောင်လေ၏။ဆေးကိုယ်စားလှယ် တစ်ဦးက`` မောင်ရင်ရဲ့ ဘဂမီးအိမ် သွေးဆေးကတော့ ကျုပ်ဆိုင်က အရောင်းအထိုင်းဆုံး ဆေးထဲမှာ ထိပ်ဆုံးကပါတယ်၊ ကျုပ်သတိထားကြည့်တော့ ဒီဆေးက လာဘ်တော်တော်ပိတ်တဲ့ ဆေးဗျ၊ ဘဂမီးအိမ်သွေးဆေးနဲ့ ကပ်ထားတဲ့ ဆေးမှန်သမျှ အကုန်အရောင်းထိုင်းသွားတာ တွေ့ရတယ်၊ဒီဆေးရဲ့ မကောင်းတဲ့ဓါတ်တွေ ကူးစက်ပြီး မရောင်းရတော့ဘူးထင်တယ်၊ ကျုပ်တော့ ဒီဆေးကိုတောင် မရောင်းချင်တော့ဘူး`` ဟုလှောင်ပြောင်လေ၏။ အခြားသော ကိုယ်စားလှယ် တစ်ဦးကလည်း``ကျုပ်တို့ ဆေးရောင်းတဲ့ သက်တမ်းတလျှောက်မှာ ဒီဆေးလောက် လာဘ်ပိတ်ပြီး အရောင်းထိုင်းတဲ့ ပစ္စည်းမျိုး မတွေ့ဖူးသေးဘူး၊ ဆေးကလည်း အနံ့မီး


www.burmeseclassic.com

www.burmeseclassic.com


ထက်ပုံ မရဘူး``ဟုပြောလေ၏။မောင်မိုးသည် ဆေးကိုယ်စားလှယ်များ၏စကားကို နားထောင်ပြီး အလွန် စိတ်ဓါတ်ကျသွားလေ၏။ လူသာမန်တစ်ဦး ဆိုလျှင် ကြုံတွေ့ရသော အခက်အခဲ များကြောင့် စိတ်ဓါတ်ကျဆင်းသွားနိုင်၏။ သူ၏ဆရာဦးဖိုးဘ သင်ကြားပေးသော ဘဝအောင်မြင်ရေး ဒဿနများကြောင့်သာ မိမိကိုမိမိ အားတင်း ထားနိုင်ခြင်း ဖြစ်၏။ ဆရာဦးဖိုးဘက ပြောဖူးသည်။``လောကမှာ ဘာလုပ်လုပ် ဖွဲရှိဖို့ အရေးအကြီးဆုံးပဲကွ၊ဖွဲရှိရင် အရာရာကို ကျော်လွှားနိုင်တယ်ကွ၊ မလိုတမာ သူတွေရဲ့ စကားကို ခေါင်းထဲမထည့်ဘဲ ဖွဲရှိရှိနဲ့ ကိုယ့်ဘဝ ရေမှန်းတိုင်ပန်းတိုင်ကို မပျက်မကွက် ဆက်လျှောက်ရမယ်ကွ၊ အလွန်အောင်မြင်မဲ့ လုပ်ငန်းကြီး တွေတောင် ဖွဲရှိရှိနဲ့ ဆက်မလုပ်နိုင်ရင် ကျဆုံးခန်းရောက်တတ်တယ်ကွ``ဟုဖြစ်လေ၏။ထို ရက်ပိုင်းအတွင်း သူ၏ လုပ်ငန်းမှ ဝင်ငွေနည်းပါးလွန်းသဖြင့် တတ်နိုင်သမျှ ခြိုးခြံချွေတာပြီး နေထိုင်ရလေ၏။ ခြိုးခြံချွေတာပြီး နေထိုင်ခြင်း အကြောင်းကို ဆရာဦးဘဖေက အောက်ပါအတိုင်း ပြောဖူးသည်၊```လောကမှာ အသုံးအဖြုန်း ကြီးတာထက် ခြိုးခြံချွေတာတာ ပိုကောင်းတယ်ကွ၊ အသုံးအဖြုန်း ကြီးတာ အကျင့်ပါသွားတတ်တယ်ကွ၊ အထူးတန်း အမြဲစီးနေတဲ့သူဟာ ရိုးရိုးတန်းကို ပြောင်းစီးဖို့ခက်ခဲသွားပြီကွ၊ ဆင်းရဲနွမ်းပါး သူတွေကို စာနာထောက်ထားစိတ် မွေး


www.burmeseclassic.com

www.burmeseclassic.com


ရမယ်ကွ ကိုယ်မလိုအပ်ပဲ သုံးဖြုန်းလိုက်တဲ့ ပိုက်ဆံဟာ ဆင်းရဲနွမ်းပါးသူ တစ်ယောက်အတွက် ဘဝတစ်ခု ဖြစ်နေတတ်တယ်ကွ ၊ တကယ်တော့ လူဟာ ပညာရေးနဲ့ ကျန်းမာရေးကလွဲလို့ အရာရာကို ခြိုးခြံချွေတာ ရမယ်ကွ၊မလိုအပ်ပဲ သုံးဖြုန်းပစ်တဲ့ အကျင့်ကို ဖျောက်စမ်းပါ၊ လောကမှာ အချို့သောလူတွေဟာ ပစ္စည်းတစ်ခု အကောင်းရှိရက်နဲ့ မလိုအပ်ပဲ နောက်တစ်ခုကို ဝယ်တတ်တယ်၊ဒီလို အသုံးအဖြုန်းကြီးတဲ့သူတွေဟာ စီးပွါးရေးကြပ်တည်းလာတဲ့အခါ ဒုက္ခ ရောက်တတ်တယ် ကွ``မောင်မိုး သည် ဆရာဦးဖိုးဘစကားကို ဦးထိပ်ပန်ဆင်ပြီး အခက်အခဲကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်လေ၏။ ထိုသို့ရင်ဆိုင်ရင်း ဘဂမီးအိမ်သွေးဆေး၏ အားနည်း ချက်များကို ရှာဖွေနေမိလေ၏။ ထိုအခါ သူ၏ဘဂ မီးအိမ်သွေးဆေးသည် အခြားသော သွေးဆေးများထက် အစွမ်းအာနိသင်ပိုမိုထက်မြက် ကြောင်း တွေ့ရလေ၏။ ဘဂမီးအိမ် သွေးဆေးသည် အခြားသောဆေးများထက် အစွမ်းအာနိသင် ပိုမို ထက်မြက်သော်လည်း သုံးစွဲဖူးသူ မရှိသဖြင့် အများ သိစေရန် ကြေငြာဖို့ အရေးကြီးလေ၏။ ထိုသို့ကြေငြာရန်လည်း မိမိ၌ ငွေရေးကြေးရေး ပြည့်စုံ မရှိချေ။အချိန်ကို စောင့်ရန်သာ ရှိတော့၏။


www.burmeseclassic.com

www.burmeseclassic.com


မောင်မိုးသည် ပန်းချီဆရာ တစ်ယောက်ထံတွင် ဘဂမီးအိမ် သွေးဆေး ကြော်ငြာကို ရေးဆွဲစေပြီး မိမိ ငှါးရမ်းနေထိုင်သော အိမ်လေးရှေ့တွင် ကြော်ငြာထားလေ၏။

တစ်နေ့သ၌ အိမ်ရှေ့သို့ အရှူးမကြီးတစ်ယောက် ရောက်လာပြီး ကြော်ငြာတွင် ရေးသားထားသော အိပ်ပျော်စားဝင်၊ အားအင်ပြည့်ဖြိုး စေကြောင်း၊ သွေးသားညီညွတ်စေကြောင်း စာကြောင်းများကို သီချင်းလုပ်ပြီး သီဆို ကခုန်နေလေ၏။ အရှူးမကြီးသည် ထိုခေတ်က လွန်စွာ နံမည်ကြီးသော ဇီးကွက်ဖေသက် သီချင်းကို ကြော်ငြာစာသားများ ထည့်ပြီး သီဆိုနေလေ၏။ ခဏကြာလျှင်အရှူးမကြီး သီဆိုကပြနေရာသို့ ရပ်ကွက်အတွင်းရှိ ကလေးများ စုပြုံရောက်ရှိလာပြီး လက်ခုပ်လက်ဝါး တီးပြီး အားပေးကြလေ၏။ မောင်မိုးသည် အရှူးမကြီး သီဆိုသော ကြော်ငြာသီချင်းကို နားထောင်ကြည့်ရာ အလွန် နားထောင် ကောင်းကြောင်း တွေ့ရလေ၏။ အရှူးမကြီးသည် မောင်မိုး၏ ဘဂမီးအိမ်သွေးဆေး ကြော်ငြာဆိုင်းဘုတ်ကြီး ရှေ့တွင် သီဆိုကပြနေလေရာ ဘဂမီးအိမ် သွေးဆေးကို ကြော်ငြာ ပေးသကဲ့သို့ ဖြစ်နေလေ၏။ခဏကြာလျှင် ကလေးများသာမက ရပ်ကွက်ထဲရှိ


www.burmeseclassic.com

www.burmeseclassic.com


မိန်းမများပင် လာရောက်ကြည့်ရှုပြီး ရယ်မောကြလေ၏။ အရှူးမကြီးသည် တစ်နာရီကျော်မျှ သီဆိုကခုန်ပြီး မိုးအောင် ၏အိမ်ရှေ့သို့လာပြီး

``သွေးဆေးတံဆိပ်က အမည်းရောင်ကြီး ဖြစ်နေပါလား၊ကြက်သရေ မရှိဘူး၊ အမည်းရောင်ကို လူတွေ မကြိုက်ဘူး၊ မှတ်ထား အရှူး..၊ သွေးဆေး ရောင်းရချင်ရင် အဖြူရောင်နဲ့ အညိုရောင်ကိုသုံး ရောင်းရမယ် ၊အဖြူရောင်နဲ့အညိုရောင်..အဖြူရောင်နဲ့အညိုရောင်``ဟု အော်ဟစ်ကာ ပြန်လည်ထွက်ခွါသွားလေ၏။ အရူးမကြီးနောက် ကလေးများ တကောက်ကောက်လိုက်သွားလေ၏။ မောင်မိုးသည် အရူးမကြီး ပြစ်တင် ဝေဖန်သွားသော အမည်းရောင်က ကျက်သရေ မရှိဘူး၊အဖြူရောင်နဲ့ အညိုရောင် ဟူသော စကားများကို ကြားယောင်နေလေ၏။မောင်မိုးသည် ထိုနေ့ည အိပ်မက်ထဲတွင် သူ၏ ဆေးဘူးအရောင်များကို အဖြူရောင်နှင့် အညိုရောင်ပြောင်းလိုက်ရာ ဆေးများအလွန် အရောင်းသွက်ကြောင်း အိပ်မက်မက်လေ၏။ နောက်တစ်နေ့ ရွှေတိဂုံဘုရားဖူးရင်း ဗေဒင်ဆရာကြီး တစ်ဦးထံတွင် ထိုကိစ္စကို ဝင်ရောက်မေးမြန်းလေရာ ဗေဒင်ဆရာကြီးက``ဂဏန်းဗေဒင် နည်းအရဆိုရင် ဗုဒ္ဓဟူးဂြိုလ်ရဲ့ ကြီးစိုးမှုအောက်မှာ ရှိတယ်၊ ဗုဒ္ဓဟူးဂြိုလ်ရဲ့ကြီးစိုးမှု အောက်မှာရှိတဲ့လူတွေဟာ အမည်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်နဲ့ လုံးဂမတည့်ဘူး၊ အမည်းရောင်ကို အသုံးပြုမိရင် စီပွါးပျက်ပြီး ကုန်းကောက်စရာ မရှိအောင်မွဲလိမ့်မယ်``ဟုဆိုလိုက်ရာ မောင်မိုးက အံ့ဩသွားပြီး``ဒါဆိုရင် ကျုပ်နဲ့တည့်တဲ့ အရောင်က ဘာရောင်လဲဗျ ``ဟုဆိုလိုက်ရာ ဗေဒင်ဆရာကြီးက ကျောက်သင်ပုန်းကို တခေါက် ခေါက်ခေါက်ပြီး``အဖြူရောင်နဲ့အညိုရောင်ဗျ၊ ဒီအရောင်တွေကို အသုံးပြု ရမယ်၊ ခင်ဗျားရဲ့ သွေးဆေးဘူးရဲ့ အရောင်က ခင်ဗျားနဲ့ လုံးဂမတည့်ဘူး၊ ဒါကြောင့် သွေးဆေးက မရောင်းရတာဖြစ်မယ်၊ ခင်ဗျားကို လာပြီးနမိတ် ဖတ်တဲ့ အရူးမကြီးက ဂွမ်ဘိရ ပညာရှင်များလား`` ဟုရေရွတ်လေ၏။ မောင်မိုးသည် ထိုနေ့ညနေမှာပင် သူ၏ဆေးဘူးများ၏ အရောင်ကို ပန်းချီဆရာထံတွင် ပြောင်းလဲရေးဆွဲစေပြီး ဘဂမီးအိမ်သွေးဆေး၏ ဘူး တံဆိပ်အရောင်ကို ပြောင်းလဲလိုက်လေ၏။ ထိုသို့ ပြောင်းလဲပြီး တစ်လ ခန့်အကြာ ဆေးကိုယ်စားလှယ်တစ်ဦး ထံသို့ သွားရောက်ပြီး ဘဂမီးအိမ် သွေးဆေး၏ အခြေအနေကို မေးမြန်းလေရာ ၎င်းတို့က အံ့ဩဟန်ဖြင့် ``တော်တော်ထူးတယ်ဗျ၊ ဘဂမီးအိမ်ဆေးကို ဒီရက်ပိုင်း အရောင်းလိုက် လာတယ်``ဟု အံ့ဩဟန်ဖြင့် ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးသည် ဆေးဆိုင်မှ ပြန်လာပြီးနောက် ဗဟန်းကြာတောရလမ်း ဘက်သို့ အရောက်တွင် မိမိနှင့် ရင်းနှီးသော သီချင်းသီဆိုသံကြားရသဖြင့် လှမ်းကြည့်လိုက်ရာ သစ်ပင်ရိပ်အောက်တွင် ဘဂမီးအိမ်သွေးဆေး ကြော်ငြာစာသားများကို သီချင်းလုပ် သီဆိုနေသော အရူးမကြီးကို တွေ့ရ လေ၏။ အရူးမကြီးသည် လူသိများထင်ရှားသော ဇီးကွက်ဖဲသက်၏ သီချင်းသံစဉ်ကို ယူပြီး ဘဂမီးအိမ်သွေးဆေး စာသားများ ထည့်သွင်း သီဆိုထားပြီး အရွယ်နှင့် မလိုက်အောင် အဆိုအကကောင်းလှဖြင့် သူမ၏ အနီးတွင်ကလေးသူငယ်များ ဝိုင်းနေလေ၏။ အရူးမကြီးသည် ရန်ကုန်မြို့ အနှံ့ သွားလာပြီး ဘဂမီးအိမ်ဆေး ကြော်ငြာကို သီဆိုကပြ နေပုံရ၏။ ထိုကြောင့်ပင် ဘဂမီးအိမ်သွေးဆေး ရောင်းအားကောင်းမွန်လာ သလားမသိ၊ မောင်မိုးသည် အရူးမကြီး သီဆိုကပြနေခြင်းကို ရပ်တန့်ပြီး ကြည့်နေမိ၏။ ထိုအခိုက်မှာပင် အရူးမကြီးသည် မောင်မိုးကို မြင်တွေ့သွားပြီး အနီးသို့ လျှောက်လှမ်းကာ``အရူး နင့်ကိုသနားလို့ ငါကိုယ်တော် လူသိများအောင် ကြော်ငြာပေးနေတာ ဘယ်လောက် ပင်ပန်းတယ် မှတ်သလဲ၊အရူး ကြောင်ကြည့်မနေနဲ့ ငါ့ကို ရေကြည်တော် ဆက်စမ်း``ဟု ဆိုလေ၏။ မောင်မိုးသည် အနီးရှိ ရေအိုးစင်မှ ရေမှုတ် ကို ယူပြီး ရေခပ်ပေးလိုက်၏။ အရူးမကြီးသည် ရေကို ဂွတ်ခနဲ မော့သွ


www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး မောင်မိုး၏ ခေါင်းကို ဒေါက်ခနဲ ခေါက်ကာ ``ဆေးဘူး အရောင်ပြောင်း လိုက်လို့ ရောင်းနေရပြီ မပာ့တ်လားနောက် လက်မလည်အောင် ရောင်းရတော့မယ်၊ အသုံးမကျတဲ့ကောင် သက်ကြီးရွယ်အိုတွေကို လှူဒါန်းပေးဦး၊ ဒါမှ ကုသိုလ်လည်းရ ဂမ်းလည်းဂဟဲ့၊ နားလည်လား`` ဟု ဆိုလေရာ မောင်မိုးက ``အဒေါ်ကြီး နေပါဦး အဒေါ်ကြီးကို ပိုက်ဆံပေး မလို့ ``ဟုဆိုကာ အိတ်ထဲရှိ ပိုက်ဆံတစ်ထပ်ကို ထုတ်လိုက်၏။ ထိုအခါ အရှူးမကြီးက တဟား ဟား. ရယ်မောလိုက်ပြီး``ငါ့မှာဘာမှမရှိဘူး၊ ဘာမှ မရှိဘူးဆိုတာ အရာအားလုံး ရှိနေတယ်ဆိုတဲ့ သဘောပဲဟဲ့၊ လောက ကြီးမှာ ပြည့်စုံတာလောက် ဆင်းရဲတာ မရှိဘူး..သိရဲ့လား``ဟု နားလည်ရခက်သော စကားကိုဆိုပြီး မောင်မိုး၏ အနီးမှ ဘဂမီးအိမ်သီချင်းကို သီဆိုရင်း ထွက်ခွါသွားလေ၏။

မောင်မိုးသည် တစ်လခန့်ကြာသောအခါ ဆေးဆိုင်များသို့ လှည့်လည် ကြည့်ရှုလေရာ ဆေးကိုယ်စားလှယ်များက``မောင်ရင့်အကြံဉာဏ် သိပ် ကောင်းတယ်ဗျာ၊ ဘဂမီးအိမ် ဒွေးဆေး ကြော်ငြာသီချင်းကို အရူးမကြီး တစ်ယောက် ကြော်ငြာနိုင်းတယ်၊ အရူးမကြီးကလည်း ရန်ကုန်မြို့ထဲမှာ လှည့်ပြီး ဆိုကနေတော့ ဒီသီချင်းတွေကို ကလေးတွေတောင် အလွတ်


www.burmeseclassic.com

www.burmeseclassic.com

ရနေပြီဗျ။ ဖီးကွက်ဖေသက်ရဲ့ သိချင်းကလည်း သိပ်ကောင်းတော့ ရန်ကုန်မြို့နေရာအနှံ့မှာကလေးတွေ သိဆိုနေကြပြီဗျ။ ခင်ဗျားရဲ့ အိုင်ဒီယာကို ကျွန်တော်တို့တောင် အတုခိုးရတော့မယ်``ဟုပြောလေ၏။ မောင်မိုးသည် ရထားလုံးတစ်စီးကို ငှါးရမ်းပြီး ရန်ကုန်မြို့အနှံ့ လှည့်လည်သွားလာရင်း သတိထားကြည့်ရာ သူ၏ သိချင်းကို ရန်ကုန်မြို့အနှံ့ရှိ ကလေးများ သိဆိုနေကြောင်း တွေ့ရလေ၏။ ထိုသို့ ရန်ကုန်မြို့အနှံ့ သူ၏ သွေးဆေးကြော်ငြာ သိချင်းပေါက် သွားသဖြင့် သူ၏ဘဂမီးအိမ် သွေးဆေးသည် လက်မလည်အောင် ရောင်းချနေရလေ၏။

မောင်မိုးသည် ဘဂမီးအိမ်သွေးဆေး လုပ်ငန်းအတွက် အလုပ်သမားများ ထပ်မံငှါးရမ်းရလေတော့၏။ မိမိ လက်ရှိငှါးရမ်းနေထိုင်သော အိမ်လေးနှင့် အဆင်မပြေတော့သဖြင့် တာမွေဘက်တွင် အိမ်တစ်လုံးကို ဂယ်ယူပြီး လုပ်ကိုင်ရလေ၏။ နှစ်အနည်းငယ်ကြာသောအခါ မောင်မိုးသည် ဘဂမီး အိမ်သွေးဆေး အောင်မြင်လှသဖြင့် ကန်တော်ကြီးစောင်းရှိ အိမ်ကြီး တစ်လုံးကို ဂယ်ယူပြီး ထိုအိမ်ကြီး၏ ရှေ့တွင် ဘဂမီးအိမ်ဟုသော အဓိပ္ပါယ်ကို ဖော်ပြရန် မီးအိမ်ကိုင်ထားသော အမျိုးသမီး ရုပ်ထုကြီး တစ်ခုကို ပြုလုပ်ခဲ့လေ၏။ အမျိုးသမီး ရုပ်ထု၏ လက်ထဲတွင် မီးအိမ်


www.burmeseclassic.com

www.burmeseclassic.com

အစစ် တစ်လုံးကို ကိုင်ဆွဲထားပြီး ထိုမိးအိမ်ကို ညဘက်မီးထွန်းညှိ ထားလေရာ ကန်တော်ကြီးစောင်း အိမ်ရှေ့သို့ ညဘက်ရောက်သည့်လူတိုင်း ဘဂမီးအိမ် ရုပ်ထုကို သတိပြုမိလေ၏။ ထိုရုပ်ထုကို အင်းစိန်ဘက်ရှိ ဆရာကြီးတစ်ဦးက ထုလုပ်ပေးပြီး တိုက်တိုက်ဆိုင်ဆိုင် ထိုရုပ်ထု၏ ပုံသဏ္ဌာန်သည် ဆရာမလေး လှိုင်ထိပ်ထားနှင့် အလွန် တူနေလေ၏။ ထိုကြောင့် မောင်မိုးသည် ဘဂမီးအိမ် ရုပ်ထုကို လွန်စွာ မြတ်နိုးလေ၏။ လှိုင်ထိပ်ထားကို သတိရလွမ်းဆွတ်သည့်အခါတိုင်း ဘဂမီးအိမ် ရုပ်ထုကို ငေးမောကြည့်ပြီး မဆုံနိုင်သော ဖူးစာကံကိုသာ ရှုံးမယ်ဖွဲ့နေလေ၏။

တစ်နေ့သ၌ မောင်မိုးသည် ဗိယာနာကဖေးတိုက်သို့ သွားပြီး မုန့်များ ဂယ်ယူနေစဉ် ၎င်း၏ အရှေ့မှာ ထွက်သွားသော မျက်နှာဖြူ အမျိုးသမီးကြီး တစ်ဦးသည် ခေါင်းမူးဟန်ဖြင့် နံရံကို ကိုင်လိုက်ကြောင်း တွေ့ရလေ၏။ မောင်မိုးသည် ဆေးတိုက်ပိုင်ရှင်ပိပိ အမျိုးသမီးကြီးကို ထိမ်းကိုင်လိုက်ပြီး သူ၏ ဘဂမီးအိမ် သွေးဆေးဖြင့် ကုသရန် ကြံလိုက်၏ ထိုနောက် အိပ်ထဲရှိ သွေးဆေးဘူးကို ထုတ်ပြီး အနီးရှိရေတစ်ခွက်ဖြင့် ဖျော်ပြီး အမျိုးသမီးကြီးကို တိုက်လေ၏။ အမျိုးသမီးသည် မူးမော်နေသဖြင့် မောင်မိုး၏ ကူညီခြင်းကို မငြင်းဆန်ဘဲ ဘဂမီးအိမ် သွေးဆေးကို သောက်လေ၏





www.burmeseclassic.com

www.burmeseclassic.com


ထိုနောက် အမျိုးသမီးကြီးကို ထိုင်ခုံတွင် ခဏထိုင်ပြီး အနားယူစေ၏။ ခဏကြာလျှင် အမျိုးသမီးကြီး၏ မူးဝေသော ဝေဒနာသက်သာသွားသဖြင့် မျက်နှာဖြူအမျိုးသမီးကြီးက မြန်မာစကားဖြင့် ကျေးဇူးတင်ကြောင်း ပြောလေ၏။ ထိုအခိုက်မှာပင် မျက်နှာဖြူအမျိုးသမီးကြီး၏ ကုလားဒရိုင်ဘာ ရောက်ရှိလာပြီးအမျိုးသမီးကြီးကို ဖေးမခေါ်ဆောင် သွားလေ၏။

အမျိုးသမီးကြီး ထွက်ခွါသွားသောအခါ မောင်မိုးသည် လက်ထဲရှိ ဆေးဘူး ကို ပေးလိုက်ရန် ကြံစည်ပြီး အမျိုးသမီးကြီး အနောက်သို့ ပြေးလိုက်ကာ သွေးဆေးဘူးကို လက်ဆောင် ပေးလိုက်၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွါးပြီးနောက် တစ်လခန့်ကြာသောအခါ မောင်မိုး၏ ဆေးဆိုင်ရှေ့သို့ အဖိုးတန်ကားကြီး တစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ မျက်နှာဖြူ အမျိုးသမီးကြီး ဆင်းလာကာ ရောဂါဝေဒနာများ သက်သာပျောက်ကင်းသွားကြောင်း ဝမ်းသာအားရ ပြောလေ၏။

မျက်နှာဖြူအမျိုးသမီးကြီးသည် ခန္ဓာကိုယ်တစ်ခုလုံး အားအင်ချိနဲ့ကာ ပင်ပန်းနွမ်းနယ်ပြီး မကြာခဏ ဇက်ကြောတက် ခေါင်းကိုက်ကြောင်း၊ ထို ဝေဒနာများကြောင့် ညစဉ် အိပ်မပျော်ဘဲ အိပ်ရေးပျက် အိပ်မရကြောင်း ယခု.. ဘဝမီးအိမ်သွေးဆေး သောက်သုံးသည့် အချိန်မှစပြီး ကောင်းစွာ


www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်ပြီး ပင်ပန်းနွမ်းနယ်သော ဝေဒနာများ သက်သာသွားကြောင်း ဝမ်းသာအားရပြောလေတော့၏။ အမျိုးသမီးကြီးသည် မိမိ၏ ဝေဒနာကို မျက်နှာဖြူဆရာဝန်များပင် ကုသလို့ မရနိုင်သဖြင့် ဘဂမီးအိမ်သွေးဆေး ကို အထင်မကြီးကြောင်း၊သောက်လက်စ ဖြစ်နေသဖြင့်သာ ဆေးဘူးကုန် အောင် သောက်ခြင်း ဖြစ်ကြောင်း၊ယခု ဘဂမီးအိမ်သွေးဆေးကို အစွမ်း ထက်လွန်းသဖြင့် ဆေးဘူးအမြောက်အများ ဝယ်ယူလိုကြောင်း ပြောလေ ၏။ထိုအမျိုးသမီးကြီးသည် မျက်နှာဖြူလောကတွင် သြဇာရှိသော ဘီအိုစီ အရာရှိကတော်ကြီး ဖြစ်သဖြင့် မောင်မိုး၏ သွေးဆေးသည် မျက်နှာဖြူ လောကသို့တိုင် ကျော်ကြားလေတော့၏

တစ်နေ့သ၌ မောင်မိုး၏ ဆေးဆိုင်ကြီးသို့ ချောမောလှပသော မျက်နှာဖြူ မိန်းမကြီးတစ်ယောက် ရောက်လာပြီး မိမိကိုယ်မိမိ အိန္ဒိယနိုင်ငံရှိ ဆေးကုမ္ပဏီကြီး တစ်ခု၏ ကိုယ်စားလှယ် ဖြစ်ကြောင်း ဘဂမီးအိမ်ဆေး ၏ ကောင်းကြောင်းကို ဘီအိုစီအရာရှိကတော်ကြီး တစ်ဦးထံမှ ကြား သိခဲ့ပြီး သူမကိုယ်တိုင်လည်း အသုံးပြုကြည့်ရာ အလွန် အစွမ်းထက် ကြောင်း တွေ့ရသဖြင့် အိန္ဒိယရှိ ဆေးကုမ္ပဏီသို့ တင်ပို့လိုကြောင်း၊ ဘဂမီးအိမ်ဆေးနှင့် ပတ်သက်သော ဆေးအာနိသင်များကို အင်္ဂလိပ်ဘာ


www.burmeseclassic.com

www.burmeseclassic.com


သာဖြင့် အတိအကျ ရေးပေးစေလိုကြောင်း ပြောလေ၏။ မောင်မိုးသည် ၎င်းတို့လိုအပ်ချက်များကို ပြုလုပ်ပေးပြီး အိန္ဒိယသို့ ဆေးတင်ပို့လေရာ ဘဝမီးအိမ်ဆေး၏ ရောင်းအားသည် တစ်နေ့ထက်တစ်နေ့ ဒီရေအလား တိုးတက်ခဲ့လေ၏။

မောင်မိုးသည် စီးပွါးဥစ္စာတိုးတက်ခဲ့ပြီး ရန်ကုန်မြို့၏ လူကုံတံအသိုင်းအဝန်းတွင် ဝင်ဆန့်ခဲ့လေ၏။ မောင်မိုး၏ ကြွယ်ဝချမ်းသာမှုကြောင့် မိန်းမချောမိန်းမလှများ သူ၏ အနီးတွင် ဝိုင်းအုံ နေလေ၏။မည်သို့ပင် မိန်းမချော မိန်းမလှများ ဝိုင်းရံနေစေကာမူ မောင်မိုး၏ ရင်ထဲတွင် လှိုင်ထိပ်ထားသာ ရှိနေလေ၏။ သူသည် သူဌေးကြီး ဖြစ်လျှင် လှိုင်ထိပ်ထားထံသို့ ပြန်လာမည်ဟု ကတိ ပေးခဲ့၏။ ဗလာကျောင်းတော်တွင် သူမ ရှိမှရှိပါလေစ..

တစ်နေ့တွင် မောင်မိုး၏ ဆေးဆိုင်သို့ ဝင်ရောက်လာသော လူကြီး တစ်ဦးကို ကပ္ပိယကြီးနှင့် တူသည် ဆိုပြီး သေချာကြည့်လိုက်ရာ ကပ္ပိယကြီးပင် ဖြစ်နေလေ၏။ ကပ္ပိယကြီးသည် မောင်မိုးကို အလွန်အံ့ဩသွားပြီး ကြီးပွါးချမ်းသာလာသော ဘဝအခြေအနေကို မေးမြန်းလေ၏။


www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးသည် ကန်တော်ကြီးစောင်းရှိ သူ၏ အိမ်ကြီးသို့ ကပ္ပိယကြီးကို ခေါ်ဆောင်သွားပြီး သူ၏ ဘဂ ဇာတ်ကြောင်းကို စီကာပတ်ကုံး ပြောပြလေ၏။ ကပ္ပိယကြီးသည် သူ၏ ဘဂနောက်ကြောင်းကို စိတ်ဝင်တစား နားထောင်နေပြီးလျှင် ``မင်းရဲ့ဘဂကတော့ စံပါပဲကွာ၊ မင်းဟာ တကယ့် ကောင်းကင်တမွတ် ကြွယ်ကိုဆွတ်တဲ့ ယောကျ်ားပါလားကွာ၊ မင်းမြို့ကို မပြန်တာလည်း ရှစ်နှစ်လောက် ရှိနေပြီ ဆိုတော့ မင်းမြို့ကို ပြန်လိုက်ခဲ့ပါလားကွာ``ဟုဆိုလိုက်၏။

မောင်မိုးက ခေါင်းညိတ်ပြီး``ကျုပ်လည်း မြို့ကို ပြန်ချင်တာပေါ့ဗျာ၊ဒါပေမဲ့ ကျုပ်က စစ်သူလျှိုတစ်ယောက် အနေနဲ့ မြို့က ထွက်ပြေးလာရတဲ့ တရားခံပြေးလေ၊ ကျုပ် ဘယ်လိုလုပ် မြို့ကို ပြန်လို့ရမလဲ`` ဟုမေးမြန်းလေ၏။ ထိုအခါ ကပ္ပိယကြီးက လက်ကာပြပြီး``စစ်သူလျှိုကိစ္စကို မေ့ထားလိုက်တော့မောင်မိုးရေ၊ စစ်သူလျှိုကို ဖမ်းမိသွားပြီ၊ စစ်သူလျှိုက မြို့ပိုင်ကြီးကိုယ်တိုင်ပဲ``ဟုဆိုလေရာ မိမိကို စစ်သူလျှိုတစ်ဦးအဖြစ် သတင်းပေးသော မြို့ပိုင်ကြီးကိုယ်တိုင် စစသူလျှိုဖြစ်နေခြင်းကို အံ့သြဖွယ် တွေ့မြင်ရ၏။ မောင်မိုးသည် မြို့ကိုပြန်လျှင် စစ်သူလျှိုအဖြစ် စွတ်စွဲခံရသော


www.burmeseclassic.com

www.burmeseclassic.com


ဘောအဲ့နေရာယ် မရှိသဖြင့် ကပ္ပိယကြီးနှင့် လိုက်ပြီး မြို့ကိုပြန်ရန် ကြံစည်လေ၏။

မောင်မိုးသည် နောက်အပတ် စနေနေ့တွင် ကပ္ပိယကြီးနှင့်အတူ မြို့သို့ ပြန်ခဲ့လေ၏။ သူသည် အပြန်လမ်း တလျှောက်လုံး မြို့က ပြေးလာရသည့် အကြောင်းများကို ပြန်လည်တွေးတောနေမိ၏ ထိုစဉ်က မြို့ပိုင်မင်း၏ လုပ်ကြံချက်ကြောင့် မိမိကို ပုလိပ်အဖွဲ့က စစ်သူလျှိုအဖြစ် အပူတပြင်း ရှာဖွေခဲ့၏။ ပုလိပ်များ၏ရန်မှ ဆရာမလေး ထိပ်ထားခင်က စွန့်စွန့်စားစား ကယ်တင်ခဲ့ပုံကို အမှတ်ရလေ၏။ထိုနောက် ဆရာမလေးနှင့်အတူ ဗလာကျောင်းတော်သို့ရောက်ရှိသွားပြီး ဗလာကျောင်းတော်တွင် ကျောင်းစောင့်အဖြစ် လုပ်ကိုင်ခဲ့ပုံ၊ ဗလာကျောင်းတော်၏ အဖိုးတန်ရွှေထည်များကို ဖောက်ထွင်းသမားများ လက်မှ ပြန်လည် လုယူပေးခဲ့ပုံများကို ပြန်လည် မြင်ယောင်လာ၏။ ထိုနောက် ဆရာမ ထိပ်ထားခင်နှင့် လမ်းခွဲခဲ့ပုံ၊ ဆရာမကြီး ဒေါ်မာလာက နန်းတွင်းသွေးဆေးဖော်စပ်ပုံ ပုရပိုဒ်ကို မိမိအား ချီးမြှင့်ခဲ့ပုံများကို ပြန်လည် မြင်ယောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့အချိန်မှစပြီး ဆရာမလေး လှိုင်ထိပ်ထားနှင့် ခွဲခွါပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ပုံများကို ပြန်လည် မြင်ယောင်လာလေ၏။ မောင်မိုးသည် လှိုင်ထိပ်ထား၏ မျက်နှာကိုမြင်ယောင်ပြီး ရင်ထဲတွင် လှုပ်ခတ်သွား၏။

ထိုသို့ဖြင့် မောင်မိုး၏ကားသည် သူ၏ ဇာတိမြို့သို့ ရောက်ခဲ့လေ၏။ မြို့ပြင် ကားဂိတ်သို့ ရောက်သောအခါ ထိုနေရာ၌ မိမိစမှုဆာရောင်းခဲ့ပုံကို မြင်ယောင်လာ၏။ မိမိ၏ စမူဆာများကို မြို့ပိုင်ကြီးသားနှင့် အပေါင်းအပါများ လိမ်ညာစားသောက်ခဲ့ပုံများကို သတိရလာပြန်၏။ မောင်မိုး၏ ကား ကားဂိတ်တွင် ရပ်သောအခါ သူ၏ဘဂတူ သူငယ်ချင်းများသည် ဈေး ရောင်းရန် ကားအနီးသို့ တိုးကပ်လာပြီး မုန့်များကို ဝယ်ယူရန် ပြောဆို ကြလေ၏။ ထိုအခါ သူ၏ သူငယ်ချင်းအားလုံး မပြောင်းလဲဘဲ ရှေးက အတိုင်း ရှိနေဆဲ ဖြစ်ကြောင်း တွေ့ရလေ၏။ မောင်မိုးက ဈေးသည် များအလယ် တွင် ကားကိုရပ်လိုက်ပြီး ကပ္ပိယကြီးနှင့်အတူ ကားပေါ်မှ ဆင်းလိုက်၏။ ကပ္ပိယကြီးက မောင်မိုး၏ ပခုံးကိုဖက်ပြီး ``မင်းတို့ မောင်မိုးကို မမှတ်မိဘူးလား၊လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က မင်းတို့နဲ့အတူ ဈေးရောင်းခဲ့တဲ့ မောင်မိုးလေကွာ၊သူက ကိုယ့်ဒူးကိုယ်ချွန်ပြီး သူဌေးကြီး တစ်ယောက်ဖြစ်ခဲ့ပြီကွ``ဟုဆိုလိုက်ရာ ဘဂတူဈေးသည်များသည် သ



www.burmeseclassic.com

www.burmeseclassic.com



သေွးတမွေး ဖြစ်ပြီး ပြောင်းလဲ နေသော မောင်မိုး၏ ရုပ်ရည်ကို မှန်းဆ မိသွားပြီး ဝမ်းသာအားရ ပိုင်းဝန်းပြီး နှုတ်ဆက်ကြလေ၏။မောင်မိုး၏ ဘဝဖြစ်စဉ်ကိုလည်း ပိုင်းဝန်းမေးမြန်းကြလေ၏။ မောင်မိုးသည် ဘဝတူ ရေးသည်များကို ကျေနပ်လောက်အောင် ဖြေပြီးနောက် သူ၏ ကျေးဇူးရှင် ဆရာတော်ကြီး၏ ကျောင်းသို့ ထွက်ခဲ့လေ၏။ ဆရာတော်ကြီး၏ ကျောင်း သို့မရောက်မီ မိမိ၏ မိတ်ဆွေကြီး ရန်ကနားဗယာကြော် ရောင်းသော နေရာလေး၌ ကားကို ရပ်တန့်လိုက်ရာ ကပ္ပိယကြီးက သတ်ပြင်းချပြီး ``ရန်ကနားကြီး သေတာ သုံးနှစ် လောက်ရှိသွားပြီကွ`` ဟုပြောလေရာ မောင်မိုးသည် ရန်ကနားကို သတိရ လွမ်းဆွတ်မိနေလေ၏။ ထိုစဉ်က ရန်ကနား၏ ဗယာကြော်များကို မနက်အစောကြီးထပြီး လာယူခဲ့ပုံကို သတိရမိလေ၏။ ဆရာတော်ဘုရား၏ ကျောင်းဝန်းထဲသို့ ကားဝင်လာ သောအခါ ကိုရင်နှင့် ဘုန်းကြီးကျောင်းသားများက အဖိုးတန်ကားကြီးကို ထွက်ကြည့်ကြ၏။ သူဌေးကြီး မောင်မိုးကို မြင်သေအခါ တအံ့တဩ ပိုင်းဝန်း နှုတ်ဆက်ကြလေ၏။ မောင်မိုးက ဆရာတော်ကြီးကို ကန်တော့ လိုက်သောအခါ ဆရာတော်ကြီးက ဝမ်းသာဝမ်းနည်း မရှိသောမျက်နှာနှင့် မောင်မိုးကိုကြည့်လိုက်ပြီး ``ဖွဲ၊လုံ၊လ၊ဝီရိယရဲ့ အကျိုးကျေးဇူးကို မင်းသုံး ပြီ မဟုတ်လား မောင်မိုး`` ဟုမိန့်ကြားလေရာ မောင်မိုးက



www.burmeseclassic.com

www.burmeseclassic.com


``မှန်လှပါဘုရား၊ ဖွဲ့လုံလ၊သီရိယရဲ့ အကျိုးကို တပည့်တော် တကယ် ယုံပါပြီ``ဟုဝန်ခံလိုက်လေ၏။ မောင်မိုးသည် ဇာတိမြို့ကို ပြန်ရောက် ခိုက် မြို့ပေါ်တွင် ရေတွင်းရေကန် တူးဖော်ခြင်း၊တံတားဆောက် ခြင်း၊ ကျောင်းဆောက်ခြင်း စသည့်ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ခဲ့၏။

မောင်မိုးသည် ဇာတိမြို့ကအပြန်လမ်းတွင် မြို့မှ ဆရာမလေး လှိုင်ထိပ် ထားနှင့်အတူ စစ်သူလျှိုအဖြစ်ထွက်ပြေးခဲ့ပုံများကို ပြန်လည်မြင်ယောင် လာပြီး လှိုင်ထိပ်ထားနှင့် တွေ့ဆုံချင်စိတ်များ ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် လှိုင်ထိပ်ထား ရှိနေသော ရှမ်းပြည်ဘက်ရှိ ဗလာကျောင်း တော်သို့ ကားကို တက်ခဲ့လေတော့၏။ဗလာကျောင်းတော်ရှိ ဆရာမကြီး ဒေါ်မာလာသည် ၎င်းတို့ဆွေစဉ် မျိုးဆက် သိမ်းဆည်းထားသော နန်း တွင်းသွေးဆေးဖော်စပ်နည်း ပုရပိုဒ်ကို မိမိအား စွန့်ကြဲခဲ့၏။ ဆရာမကြီး သည် ဗလာကျောင်းတော်ကို တိုးချဲ့ရန်နှင့် အသစ်တစ်ဖန် ပြန်လည် တည်ဆောက် လိုချင်စိတ်ပြင်းပြ၏။ ယခုလောက်ဆိုလျှင် ဗလာကျောင်း တော်ကြီးကို ခံ့ညားထည်ဝါစွာ ဆောက်လုပ်ပြီးစီးနေမည်ထင်၏။

မောင်မိုးသည် ဗလာကျောင်းတော်သို့ ရောက်လျှင် လှိုင်ထိပ်ထားနှင့် တွေ့မည့်အရေးကို တွေးပြီး ရင်ခုန်နေမိလေ၏။ဆရာမကြီး ဒေါ်မာလာသို့



www.burmeseclassic.com

www.burmeseclassic.com

ဗလာကျောင်းတော်သို့ ရောက်သောအခါ မောင်မိုးသည် ကျောင်း တော်ကြီးကို ကြည့်ပြီး မိမိမျက်လုံးကိုပင် မယုံနိုင် အောင် ဖြစ်သွားမိ၏။

ယခင်က ခံညားထည်ဝါခဲ့သော ဗလာကျောင်းတော်ကြီးသည် ရေညှိများ အထပ်ထပ်တက်ပြီး အုတ်နံရံများ ကွဲအက်နေလေ၏။ ဗလာကျောင်းတော်၏ တခါးမကြီးတွင် ချိတ်ဆွဲထားသော ရွှေရောင်သံကွင်းကြီးပင်လျှင် သံချေးများတက်နေလေ၏။ မောင်မိုးသည် ကျောင်းတော်ကြီး၏ ပြောင်းလဲသွားပုံကို အလွန်အံ့သြနေမိ၏။ မောင်မိုးသည် စိတ်လှုပ်ရှားစွာဖြင့် ဗလာကျောင်းတော်ကြီး၏ သံချေးအထပ်ထပ်တက်နေသော သံကွင်းကြီးကို လှုပ်ခါလိုက်သောအခါ သီလရှင်ဆရာမလေးတစ်ပါး ထွက်လာပြီး မောင်မိုးကို မေးမြန်းပြီး ကျောင်းတော်ကြီးထဲသို့ ခေါ်ဆောင်သွား၏။ မောင်မိုးသည် သီလရှင်မလေး၏ ဟောင်းနွမ်းနေသော ဂုတ်စုံကို ကြည့်ပြီး သက်ပြင်းချမိလိုက်၏။ ယခင်ကဆိုလျှင် ဗလာကျောင်းတော်ရှိ သီလရှင်ဆရာမလေးများ၏ ဂုတ်စုံသည် သစ်လွင်တောက်ပနေ၏။

ကျောင်းတော်ကြီး၏ အတွင်းထဲသို့ ရောက်သောအခါ ကျောင်းဂန်းတစ်ခုလုံး အမှိုက်သရိုက်များ မရှိဘဲ သန့်ရှင်းစင်ကြယ်နေသော်လည်း ကျောင်းကြီး၏ အုတ်နံရံများ ဟောင်းနွမ်းအက်ကွဲနေလေ၏။ ကျောင်းကြီး၌


www.burmeseclassic.com

www.burmeseclassic.com


အလှူဒါနပြုမည့်သူပါးရှားနေပုံရ၏။ ဆရာမကြီး ဒေါ်မာလာသည် ဗလာ ကျောင်းတော်ကြီးကို ချဲ့ထွင်ရန် လွန်စွာစိတ်အား ထက်သန်၏။

ကျောင်းတော်ကြီး ချဲ့ထွင်ရန် သူမဘဝတစ်ခုလုံး မြှုပ်နှံထားသည်ဆို၏။ ယခု ဗလာကျောင်းတော်ကြီးကိုအသစ်ချဲ့ထွင်နိုင်ခြင်းမရှိချေ။ ဗလာ ကျောင်းတော်ကြီးသည် ဖရှေးက အတိုင်း မပြောင်းလဲဘဲ ရှိနေလေ၏။ သီလရှင်ဆရာမလေးသည် မောင်မိုးကို မြေနီလမ်းလေးအတိုင်း ခေါ် ဆောင်သွားလေ၏။ မောင်မိုးသည် မြေနီလမ်းလေးပေါ်တွင် လျှောက် လှမ်းရင်း လိုင်ထိပ်ထားကို မသိမသာရှာဖွေနေမိ၏။ ဆရာမလေးဗလာ ကျောင်းတော်တွင် ရှိမှရှိပါလေစ။ တောပန်းလေးများ စီးမျောနေသော စမ်းချောင်းလေးကို ကျော်ဖြတ်ပြီးနောက် ဆရာမကြီး ဒေါ်မာလာရှိသော သစ်သားအိမ်ငယ်လေးသို့ ရောက်လေ၏။ အိမ်ငယ်လေးအတွင်းရှိ ဖုံလေးပေါ်တွင် ဆရာမကြီးထိုင်နေလေ၏။ ဆရာမကြီး၏ ဥပဓိရုပ် ကောင်းမွန်ဆဲ ဖြစ်သော်လည်း ဂတ်စုံမှာ ဟောင်းနွမ်းနေ၏။

ဆရာမကြီးသည် မောင်မိုးကို မြင်သောအခါ အံ့သြဟန်မပြဘဲ "ညက အိပ်မက်ထဲမှာ မောင်မိုးကို အဖိုးတန်ကားကြီး စီးပြီး သစ်လွင်တောက်ပတဲ့ အဝတ်အစားတွေနဲ့ ကျောင်းတော်ကို ရောက်လာတယ်လို့ အိပ်မက်မက်


www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဒီကတည်းက မောင်မိုး ရောက်လာမယ်ဆိုတာ ကြိုသိနေခဲ့တယ် ``ဟုဆိုလိုက်ရာ မောင်မိုးက အံ့သြဟန်ဖြင့် ``ဆရာမကြီး အခေါ်ခရီး ပေါက်နေပြီပေါ့``ဟုဆိုလိုက်ရာ ဆရာမကြီးက``ခရီးမပေါက်သေးပါဘူး၊ ဒါ ခရီးတစ်ခုရဲ့ အစပါ``ဟုပြောလေ၏။ မောင်မိုးသည် ဆရာမကြီးကို မိမိသိလိုသော မေးခွန်းကို မေးမြန်းလိုက်လေ၏။

``ဆရာမလေး လှိုင်ထိပ်ထား ဒီမှာရှိပါသေးလား``ဟုမေးမြန်းလိုက်ရာ ဆရာမကြီးက``လှိုင်ထိပ်ထား ရှိပါတယ်၊ ပြီးတော့မှ လှိုင်ထိပ်ထားဆီ ပို့ပေးပါ့မယ်``ဟုပြောလေ၏။ မောင်မိုးသည် ဗလာကျောင်းတော်တွင် လှိုင်ထိပ်ထား ရှိနေသည် ဆိုသဖြင့် ရင်ထဲတွင် လှုပ်ခါသွားလေ၏။ လှိုင်ထိပ်ထားနှင့်တွေ့လျှင် မိမိရင်ထဲက ခံစားချက်များကို ဖွင့်ဟ ပြောဆိုရန် ကြံလိုက်၏။ ထိုနောက်တွင်မှ မောင်မိုးက ဆရာမကြီး ဒေါ်မာလာကို ကြည့်ပြီး``ဆရာမကြီးတို့ ဗလာကျောင်းတော်ကြီးကို ကြည့်ရတာအစစ အရာရာ ပြောင်းလဲ သွားတယ်နော်၊ ကျောင်းတော်ကြီးက အရင်တုန်းက သစ်လွင် တောက်ပသလောက် အခုတော့ ဟောင်းနွမ်းဆွေးမြေ့နေ တယ်၊ အရင်လောက်လည်း သားနားသပ်ရပ်မှု မရှိတော့ဘူး၊ သီလရှင် တွေရဲ့ ဂတ်စုံတွေလည်း သစ်လွင်မှု မရှိတော့ဘူး၊ ကျောင်းတော်ကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com


အခက်အခဲ ရှိရင်တပည့်တော်ကို ပြောပြပါ၊ တပည့်တော် ကူညီနိုင်ရင် ကူညီပါရစေ``ဟုမေးမြန်းလေ၏။ ထိုအခါ ဆရာမကြီးက နှစ်လိုဖွယ် ပြုံးလိုက်ပြီး``ကျောင်းတော်မှာ ဘာအခက်အခဲမှ မရှိပါဘူးကွယ်၊ အား လုံး အေးအေးချမ်းချမ်းပါပဲ၊ ဆရာမကြီးရဲ့ စိတ်ဓါတ်တွေတော့ အများကြီး ပြောင်းလဲ သွားခဲ့ပါတယ်၊ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဦးဖိုးဘဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဗလာကျောင်းတော်ကို ရောက်လာပြီး ဆရာမ ကြီးနဲ့ ဓမ္မနဲ့ ပတ်သက်တဲ့ အတွေးအခေါ် တွေကို ဆွေးနွေးဖြစ်ပါတယ်၊ ဒီလိုဆွေးနွေးရင်းနဲ့ ဆရာမကြီးရဲ့ ဉာဏ်တွေ ပွင့်လင်းသွားခဲ့တယ်၊ အရင် က ကျောင်းတော်ကြီးကို ကြီးသည်ထက်ကြီးအောင် ခံ့ညားသည်ထက် ခံ့ညားအောင် လူအများကြည်ညို သည်ထက် ကြည်ညိုအောင် လုပ်ချင် ခဲ့တာ ဆရာမကြီးရဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံလိုတဲ့ စိတ်ဓါတ်ကြောင့်လို့ ယူဆခဲ့တယ်၊ ဦးဖိုးဘနဲ့ ဓမ္မဆွေးနွေးတော့မှ ဆရာမကြီးရဲ့ ရင်ထဲက အတ္တကို ရှင်းရှင်းကြီး မြင်လာရတယ်၊ တကယ်တော့ ဒါတွေ အားလုံးဟာ ဆရာမကြီးရဲ့ အတ္တ ရှင်သန်သည်ထက် ရှင်သန်အောင် တွန်းအားပေး နေတာပါပဲ၊ အတ္တတွေ ပိုဖွံ့ဖြိုးအောင် ပျိုးထောင်နေတာပါပဲ၊ တကယ် တော့ ငါလှူတယ်၊ငါကျောင်း၊ငါ့အလှူ၊ငါ့တရားတွေ ဆိုတာ အတ္တတွေကို မြင်လာတဲ့အချိန်မှာ ဆရာမကြီး ဘာသစ်လွင်တောက်ပမှုမှ မရှိတော့


www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ အရာရာ အကြောကြီး မရှိတဲ့လောကမှာ သစ်လွင်တောက်ပမှုတွေ အစွန်းရှည် တည်တန့်မှုတွေဟာ ရေတစ်ပွက်လိုပါပဲလို့ သိလိုက်တယ်၊ ဒါကြောင့် နေထိုင်ခွင့် ရတဲ့အချိန်ကလေးမှာ တရားဓမ္မကို ရှာဖွေဖို့ပဲ ဆုံးဖြတ် လိုက်တော့တယ်၊ ကျောင်းတော်ကြီးကို အပေါ်ယံ ချဲ့ထွင်မယ် ဆိုတဲ့ စိတ်ဓါတ်လည်း ပြောင်းလဲသွားတယ်၊ ဒီအချိန်ကစပြီး ကျောင်းတော်ကြီး ချဲ့ထွင်ဖို့ စုဆောင်းထားတဲ့ ရွှေဒင်္ဂါးတွေကို ထုခွဲရောင်းချပြီး အများအကျိုးရှိတဲ့ နေရာတွေမှာ လှူဒါန်းပစ်လိုက်တယ်၊ တကယ်တော့ ပြင်ပသဏ္ဍာန်တွေဘယ်လောက်ပင် ပြည့်စုံပါစေ အတွင်းက မပြည့်ဝရင် မငြိမ်းချမ်းနိုင်ပါဘူးကွယ်၊ အခုတော့ ဆရာမကြီး ရင်ထဲမှာ သိပ်ငြိမ်းချမ်းတာပဲ၊ဘာမှမရှိခြင်းဟာ ပြီးပြည့်စုံခြင်းဆိုတာ ဆရာမကြီး ခံစားနား လည်သွားပြီ" ဟုရှည်လျားစွာ ရှင်းလင်းပြလေရာ မောင်မိုးသည် ဆရာမကြီး၏ စကား အဓိပ္ပါယ်ကို သေချာစွာ နားမလည်သော်လည်း သာဓု..သာဓု. သာဓု..ဟုသာဓုသုံးကြိမ်ခေါ်လိုက်မိလေ၏။ ထိုနောက်တွင်မှ ဆရာမကြီး က မောင်မိုးအား ဆရာမလေး လှိုင်ထိပ်ထားနှင့် သွားရောက်တွေ့ဆုံရန် ခွင့်ပြုလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


သီလရှင် ဆရာမလေးသည် မောင်မိုး၏ အရှေ့မှဦးဆောင်ပြီး ခေါ်ဆောင်သွားလေတော့၏။ ဂါးရုံတောလေး တစ်ခုသို့ ရောက်သောအခါ သီလရှင်မလေးက ``ဝါးရုံတောလေးဆုံးရင် တရားကျောင်း ဆရာမလေးနဲ့တွေ့ရမယ်``ဟုပြောပြီး ထွက်ခွါသွားလေ၏။

မောင်မိုးသည် စိတ်လှုပ်ရှားစွာဖြင့် ဂါးရုံတောကို ကျော်ဖြတ်ခဲ့တော့၏။ ဂါးရုံတော အဆုံးတွင် အဖြူရောင်ကျောက်တုံးကြီး တစ်တုံးရှိပြီး ကျောက်တုံးပေါ်တွင် ကျောခိုင်းထိုင်နေသူကို ကြည့်ပြီး သူ၏ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားလေတော့၏။ မိမိ၏ စိတ်ကူးယဉ် အိပ်မက်များ ရေစုန်မျောသွားပေပြီ။ ဆရာမလေး လှိုင်ထိပ်ထားသည် လူဝတ်ကြောင်နှင့် မဟုတ်တော့ဘဲ ဗုဒ္ဓ၏ သမီးတော်ဘဝ ပြောင်းသွားချေပြီ။ ဆရာမလေးကို သူ၏ ရင်ထဲရှိ ခံစားချက်များ ဖွင့်ပြောပြီး နှစ်ကိုယ်တူ ဘဝတည်ထောင်ရန် မဖြစ်နိုင်တော့ချေ။ ဆရာမလေးက မောင်မိုးကို ငဲ့စောင်းကြည့်ပြီး နောက် ``မောင်မိုးရောက်လာပြီပေါ့၊ မျှော်လင့်ချက်တွေ အကောင်အထည်ဖော်နိုင်ခဲ့ပြီထင်တယ်၊ သူဌေးကြီး ဖြစ်ခဲ့ပြီပေါ့၊ သူဌေးကြီး ဖြစ်မှ ပြန်လာခဲ့မယ် ဆိုတာ ကျွန်မယုံပါတယ်``ဟုပြောလေ၏။မောင်မိုးသည် ဆရာမလေး လှိုင်ထိပ်ထားကို နမြောတသဟန်ဖြင့် ကြည့်လိုက်ပြီး ``ဆရာမ


www.burmeseclassic.com

www.burmeseclassic.com

လေး တစ်သက်လုံး သီလရှင်ဘဝနဲ့ အရိုးထုတ် တော့မှာလား ``ဟု မေးမြန်းလိုက်၏။ ဆရာမလေးက သက်ပြင်းချပြီး ``တစ်သက်လုံးလည်း ဖြစ်ရင်ဖြစ်မယ်၊ တစ်ရက်တည်း၊ တစ်လတည်းလည်း ဖြစ်ရင်ဖြစ်မယ်၊ ဆရာမလေးဘဝက ဘာကိုမှ မရေရာပါဘူး၊ လောကကြီးဆိုတာလည်း မရေရာတဲ့ သဘောတရားတွေပဲ မဟုတ်လား၊ ဆရာမလေး လူ့ဝတ်ကြောင် ဘဝနဲ့ တစ်စုံတစ်ရာကို နားလည်အောင် ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ နှစ်ပေါင်းများစွာ ကြာသည့် တိုင်အောင် နားမလည်နိုင်တဲ့ အတွက် သီလရှင်ဘဝ ပြောင်းပြီး ရှာဖွေခဲ့တယ်``ဟုပြောလေ၏။ မောင်မိုးက ဆရာမလေးကို မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး ``သီလရှင်ဘဝနဲ့ နားမလည်နိုင်ရင်ကော``ဟုမေးမြန်းလိုက်လေ၏။

ဆရာမလေးက သက်ပြင်းချလိုက်ပြီး ``သီလရှင်ဘဝနဲ့ နားမလည်နိုင်ရင် လူ့ဝတ်ကြောင်ကို ပြန်ပြောင်းမယ်၊ ဒါပေမဲ့.. အဲဒီနေ့ဟာ မရေရာဘူး၊ ဆယ်နှစ်..ဖြစ်ရင်လည်းဖြစ်မယ်၊အနှစ်၂ဝဖြစ်ရင်လည်းဖြစ်မယ်၊ လောက ကြီးကိုက မရေရာတဲ့ လောကကြီးပဲ မဟုတ်လား``ဟုဆိုလိုက်လေရာ မောင်မိုး၏ ရင်ထဲတွင် လစ်ဟာသွားသယောင် ခံစားလိုက်ရလေ၏။သူ၏ မျှော်လင့်ချက်များ ရေစုန်မျောရလေပြီ။ စိတ်ကူးယဉ်အိပ်မက်များလည်း


www.burmeseclassic.com

www.burmeseclassic.com

ပြီးပျက်သွားလေပြီ။မောင်မိုးသည် ဆရာမလေးကို နောက်ဆုံးအနေနှင့် ကြည့်လိုက်ပြီးကျောနိုင်းထွက်ခွါခဲ့၏။သူ၏ ကမ္ဘာပြိုပျက်သွားလေပြီ။

မောင်မိုးသည် ရန်ကုန်မြို့သို့ ပြန်လာပြီးနောက် စီးပွါးရေးလုပ်ငန်းများကို ကြိုးကြိုးစားစား လုပ်ကိုင်လေ၏။သူ၏ ဘဝမီးအိမ် ချွေးဆေးသာမက နိုင်ငံရပ်ခြားမှကုန်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်း ရောင်းချပြီး ဘဝမီးအိမ်ကုန်တိုက်ကြီး ဖွင့်လှစ်ကာ ရောင်းချခဲ့လေ၏။ ထို့ကြောင့် သူ၏ ဥစ္စာစီးပွါးများ ဒီရေအလား တိုးတက်ခဲ့သော်လည်း လှိုင်ထိပ်ထားကိုသာ အစဉ်အမြဲ သတိရနေမိ၏။ လှိုင်ထိပ်ထားနှင့် တစ်နေ့နေ့ ပြန်လည်ဆုံတွေ့လျှင် နှစ်ကိုယ်တူ ချစ်ရည်လူးကာ ဘဝတစ်ခု တည်ထောင်မည် ဟု ရည်စူးထားခဲ့၏။ ယခု သူ၏ အိပ်မက်များ ပျက်ပြယ်သွားလေရာ မောင်မိုး အတွက် မျှော်လင့်ချက်မဲ့ သွားသကဲ့သို့ ဖြစ်နေမိ၏။ ထိုကဲ့သို့ မောင်မိုး လွမ်းဆွတ်ကြေကွဲ နေပုံကို သတိပြုမိနေသော သူ၏မန်နေဂျာစိန်ဂင်းက ``ဆရာ အခုလို အလုပ်ထဲမှာ သဲကြီး မဲကြီး နစ်ထားရုံနဲ့ ဆရာချစ်တဲ့သူကို မေ့လို့ ရမှာမဟုတ်ဘူး``ဟုပြောလေရာ မောင်မိုးသည် လွမ်းဆွတ်ကြေကွဲခြင်းကို အဆုံးသတ်လိုသဖြင့်``ဒါဖြင့် ငါဘယ်လိုလုပ်ရမလဲ`` ဟုမေးမြန်းလေ၏ မန်နေဂျာ စိန်ဂင်းက ``ဆရာ့ကို ကြည့်ရတာ သူ့ငွေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့မတူဘူး၊ သူဌေးဟာ သူဌေးနဲ့တူအောင် နေရမယ်၊ သူဌေးနဲ့တူအောင် နေဖို့ကျွန်တော့်တာဝန်ထား၊ ကျွန်တော် သူဌေးတော်တော်များများ ဆီမှာ မန်နေဂျာလုပ်ခဲ့ဖူးတယ် ဆိုတော့ သူဌေးတွေ ဘယ်လိုနေဘယ်လိုစားတယ် ဆိုတာ သိတယ်" ဟုဆိုလေရာ မောင်မိုးသည် သူ၏ရင်ထဲရှိ ပူလောင်မှုများ ပြေပျောက်လိုစိတ်ဖြင့် မန်နေဂျာစိန်ဂင်း၏ စကားကို လက်ခံလိုက်လေ၏။ လှိုင်ထိပ်ထားကို သတိရလွမ်းဆွတ်နေသော ဝေဒနာသည် အလွန်ဆိုးဝါးလှ၏။

မန်နေဂျာစိန်ဂင်းသည် မောင်မိုးကို လူကုံထံများ ဝင်ထွက်သွားလာသော ကလပ်များ၊ဟိုတယ်များ၊ပွဲသဘင်များသို့ပင် ခေါ်ဆောင်သွားလေ၏။ မောင်မိုးသည် သူ၏ လွမ်းဆွတ် တမ်းတသော ဝေဒနာကို မေ့လျော့ပြီး လူကုံထံတို့၏ အသိုင်းအဝန်းတွင် ဝင်ဆံ့နိုင်အောင် ကြိုးစားနေလေ၏။ လူကုံထံများသည် မောင်မိုးကို သူဌေးသူကြွယ်မှန်းသိသဖြင့် ဂုဏ်ပကာသန အလိုငှါ လာရောက် ပေါင်းသင်းခဲ့လေ၏။ မောင်မိုးသည် လူကုံထံများကြား တွင် ဝင်ဆန့်နိုင်အောင် ကိုယ်စွမ်း ရှိသမျှ ကြိုးစားခဲ့လေ၏။ သို့သော် ကာလကြာရှည်သောအခါ၌ လူကုံထံ သူဌေးလောက၏ ဟန်ဆောင် ပကာသနများကို သူစိတ်ပျက်လာ၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ကြိုးစားရင်းမိန်းမချော မိန်းမလှများစွာနှင့် ခင်မင်ရင်းနှီးခဲ့လေ၏။ ထိုမိန်းမချောများသည် မောင်မိုးအား ဘဝမီးအိမ်ကုန်တိုက်ကြီး ပိုင်ရှင် သူဌေးလေးဦးမိုး အနေဖြင့် ဆက်ဆံကြလေ၏။ ထိုသို့သော မိန်းမချော မိန်းမလှ များစွာထဲမှ ခင်မမဆိုသော မိန်းမက မောင်မိုးကို အခွင့်အရေး များစွာပေးပြီး အမိဖမ်းရန်ကြိုးစားလေ၏။နောက်ဆုံးတွင်မူ မောင်မိုးသည် မာယာပရိယာယ် ကြွယ်သောခင်မမ၏မာယာပိုက်ကွန် အတွင်းသို့ သက် ဆင်းရလေ၏။မောင်မိုးသည် ခင်မမနှင့် ဆုံတွေ့ခိုက် လှိုင်ထိပ်ထားကို မေ့လျော့သလိုရှိ၏။ခင်မမသည် ယောကျ်ားတစ်ထောင်တွင် တစ်ယောက် မငြင်းဆန်နိုင်သောရုပ်ရည်နှင့် ကိုယ်လုံးကိုယ်ပေါက်ကို ပိုင်ဆိုင်လေ၏။

တစ်ညသ၌ မောင်မိုးသည် အိပ်လို့ မပျော်နိုင်ဘဲ ခင်မမကို နောက် တစ်နေ့ ချစ်ခွင့်ပန်ပြီး လက်ထပ်ခွင့် တောင်းရန် ဆုံးဖြတ်လိုက်၏။

ထိုအခိုက်မှာပင် မိုးခြိမ်းသံများကြားရပြီး မိုးများသည်းထန်စွာ ရွာကျ လာ၏။ လျှပ်စီးများ တဝင်းဝင်းလက်ပြီး မိုးကြိုးများလည်း ပစ်ချလေ၏။ မောင်မိုးသည်လေကြီးမိုးကြီး ကျနေသဖြင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေလေ ၏။ ထိုအခိုက်မှာပင် ခြံဝန်းထဲမှ ကျယ်လောင်သော အသံကို ကြားလိုက် ရပြီး တစ်စုံတစ်ခု ကျကွဲသံကိုလည်း ကြားလိုက်ရလေ၏။ မောင်မိုးသည်


www.burmeseclassic.com

www.burmeseclassic.com


ခြံဝန်းထဲရှိ ပြိုလဲသံကြီးကြောင့် လက်နှိပ်ဓာတ်မီးကို ယူကာ ခြံဝန်းထဲသို့ ထွက်ခဲ့လေ၏။ မိုးတိတ်သွားပြီး မိုးဖွဲလေးသာ ကျနေလေ၏။ မောင်မိုး ခြံထဲသို့ ရောက်သောအခါ ဘဂမီးအိမ်ရုပ်ထု ပြိုလဲကျနေကြောင်း တွေ့ရလေ၏။ ဘဂမီးအိမ်ကျောက်ရုပ်၏ လက်ထဲတွင် ကိုင်ဆောင်ထားသော မီးအိမ်လေးသည်မြေပေါ်သို့ ပြုတ်ကျပြီး ကွဲကြေနေကြောင်း တွေ့ရ၏။ မောင်မိုးသည် ထိုမြင်ကွင်းကို ကြည့်ပြီး ရင်ထဲတွင် လှိုက်ခနဲ ခံစားလိုက်ရ၏။သူ၏နှုတ်မှ ``ဘဂမီးအိမ်..ပြိုလဲသွားပြီ၊ ဘဂမီးအိမ်.. ပြိုလဲသွားပြီ`` ဟုရေရွတ်လိုက်မိ၏။သူ၏ရင်ထဲတွင် တစ်စုံတစ်ရာကို နားလည်လိုက်သလိုလည်း ခံစားနေလေ၏။ သူ၏ဘဂသည် နှစ်ပေါင်းများစွာအကျဉ်းကျနေရာက လွတ်မြောက်လာသလိုလည်း ခံစားရလေ၏။ ထိုပြင် နှစ်ပေါင်းများစွာ အဖြေရှာမရခဲ့သော ပုစ္ဆာတစ်ပုဒ်၏ အဖြေကို ရှာတွေ့နေလေ၏။ သူ၏ ရင်ထဲတွင် လွတ်လပ် ပေါ့ပါးသွားလေ၏။ မွန်းကြပ်မှုများလည်း ပြေပျောက်သွားသလိုခံစားလိုက်ရလေ၏။မောင်မိုးသည် ``ငါဘာဖြစ်သွားတာလဲ၊ ငါ့ရင်ထဲမှာ လောကကို နားလည်လိုက်သလိုပဲ၊ အနှစ်ကို မြင်လိုက်တော့ အကာဟာ တန်ဖိုး မရှိတော့သလိုပဲ...လူကုံထံများနှင့် ရင်းနှီးအောင်ပေါင်းသင်းခဲ့လေ၏။လူကုံထံ စိတ်ဂင်အောင်အတတ်နိုင်ဆုံး ကြိုးပမ်းပြီး လူကုံထံတို့ ခံစားအပ်သော လောကစည်းစိမ် တို့ကိုခံစားခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com


အကောင်းဆုံး ဟိုတယ်၊ အကောင်းဆုံး စားသောက်ဆိုင်များသို့ သွား ရောက်ပြီး လောကစည်းစိမ်အမျိုးမျိုးကို ခံစားခဲ့ကြ၏။ကာလများစွာ ကြာ ရှည်သောအခါ ထိုအရာများနှင့် ရင်းနှီး ကျွမ်းဝင်ခြင်း မရှိတော့သလို ခံစားရ၏။ ထိုအရာများကို တဖြည်းဖြည်း အတုအယောင်များဟု ထင်မြင် လာမိ၏။ ထိုသူများနှင့် အနီးဆုံးမှာ နေသော်လည်း အဝေးဆုံးသို့ ရောက် နေသည်ဟု ခံစားရလေ၏။ သူသည် သူဌေးတစ်ဦးဘဝကို ငြီးငွေ့လာ၏။ စည်းစိမ် ဥစ္စာများကို ခံစားပါများလာသောအခါ ငြီးငွေ့လာ၏။

မောင်မိုးသည် လူကုံထံ လောကတွင် ပျော်ရွှင်နိုင်အောင် နောက်ဆုံး ကုစားချက်အနေဖြင့် ခင်မမကို လက်ထပ်ရန် ကြိုးစားခြင်း ဖြစ်၏။ ခင်မမကို လက်ထပ်ခြင်းဖြင့် လူကုံထံ လောကတွင် ပျော်ရွှင်မည်ဟု ထင်မြင်နေလေတော့၏။ ယခုတော့ ခင်မမနှင့် ပေါင်းသင်းလိုစိတ် မရှိ တော့ချေ။ခင်မမနှင့် လက်ထပ်သည့်တိုင် လူကုံထံလောက၌ ပျော်ရွှင် မည် မဟုတ်ဟု ထင်မြင်နေမိ၏။ သူသည် လူကုံထံ လောကမှ ထွက် ပြေးလိုစိတ်များ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ကားရုံအတွင်းသို့ ဝင်ကာ ကားကို စက်နှိုးပြီး မောင်းထွက်လိုက်လေ၏။ ဒရဝမ်သည် အိပ်ချင် မူးတူး ဖြင့် ညကြီးအချိန်မတော် ကားမောင်းထွက်လာသော မောင်မိုးကို ငြိမ်းခံ


www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးလိုက်၏။ မောင်မိုးသည် လူကုံထံလောကကို ကြောက်ရွံ့သလို ဖြစ်သွားပြီး ထိုနေရာမှ အမြန်ဆုံး ထွက်ပြေးရန်လည်း ဆုံးဖြတ်လိုက်၏။

မောင်မိုးသည်ကားကို ဦးတည်ချက် မရှိဘဲ မောင်းနှင်ခဲ့လေ၏။သူသည် ကားဆီကုန်သည့် နေရာတွင် ထိုးရပ်ပြီး အိပ်စက်လိုက်လေ၏။ထိုနောက် ဆီကို ရှာဖွေပြီး ရှေ့ခရီးကို ဆက်လေ၏။ ထိုသို့ ဦးတည်ရာမဲ့ သွားလာရင်း ရှမ်းပြည်နယ်ဘက်သို့ ရောက်ရှိခဲ့လေ၏။ မောင်မိုး၏ ကားသည် ရှမ်းပြည်တောင်ပိုင်း တစ်နေရာ၌ ကားဘီးပေါက် သွားလေ၏။ ကားဘီးလဲရန် အပိုဘီးကိုကြည့်လိုက်ရာ အပိုဘီးမှာလည်း ပေါက်နေသဖြင့် ကားဘီး လဲရန် မကြိုးစားတော့ဘဲ အကူအညီ ပေးမည့်ကားကို စောင့်နေလေ၏။ သို့သော်အတန်ကြာသည်အထိ ကားကြုံမတွေ့ရချေ။ ညနေစောင်း အချိန်ဖြစ်သဖြင့် တဖြည်းဖြည်း အလင်းရောင် လျော့နည်းလာသော် လည်း မိမိ၏ စိတ်ထဲတွင် ပူပင်သောကများ ကင်းဝေးပြီး စိတ်အေး လက် အေး ဖြစ်နေလေ၏။ မောင်မိုးသည် ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် ကားထဲတွင် စားစရာ ရှာဖွေလေရာ မည်သည့် စားစရာမှ မကျန်ရှိတော့ ချေ။ မောင်မိုးသည် ကားကြုံ မတွေ့သဖြင့် ထိုနေရာ၌ ညအိပ်ရမလို ဖြစ် နေလေ၏။ ထိုအခိုက်မှာပင် ကားလမ်းနံဘေးချောက်အနီးရှိ လမ်းကလေး



www.burmeseclassic.com

www.burmeseclassic.com

မှ အသက်ဆယ်သုံးနှစ်အရွယ် ကလေးငယ်သုံးဦး ရောက်လာပြီး မောင်မိုး ကို ရိုသာစွာ ပြုံးပြလိုက်ပြီး``ဦးလေး..ကားပျက်နေတယ် ထင်တယ်၊ ကျွန်တော်တို့ ဘာကူညီရမလဲ``ဟုမေးမြန်းလေရာ မောင်မိုးက``ဦးလေး ကားဘီးပေါက်သွားလို့ကွ၊ လဲစရာ ဘီးအပိုကလည်း ပေါက်နေတော့ မနက်ညမှ ကားကြုံလိုက်ပြီး ပြင်ရမယ်``ဟုပြောလေ၏။ထိုအခါ ကလေး တစ်ဦးက``ဒါဆိုရင် ဦးလေးဒီနေ့ည ကျွန်တော်တို့နဲ့ လိုက်အိပ်ပါ၊ ဒီမှာ အိပ်ရင် ရာသီဉတု သိပ်အေးတယ်၊ ကျွန်တော်တို့ ဆီမှာ ဦးလေး ညစာ စားလို့လဲ ရပါတယ်``ဟုပြောလိုက်လေရာ မောင်မိုးသည် ကလေးများ အနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ကလေးများသည် မောင်မိုး အားချောက်နံဘေးရှိ လမ်းလေးမှ တောင်အောက်သို့ ခေါ်သွားလေ၏။ ထိုအခါ တောင်အောက်တွင် တသွင်သွင် စီးနေသော စမ်းချောင်းလေး ရှိပြီး မျက်ခင်းစိမ်းများရှိသော မြေပြန့်လွင်ပြင်ပေါ်တွင် ခြံကျယ်ပြီး တစ်ခြံ ရှိပြီး ထိုခြံကြီး၏ အလယ်တွင် သစ်လုံးအိမ်တစ်လုံးရှိနေ၏။ ထိုခြံကြီး၏ ထိပ်ရှိ ကျွန်းသားဆိုင်းဘုတ်ကြီးပေါ်တွင် အနက်ရောင်ဖြင့် ရေးထားသော ဘဂမီးအိမ်ဆိုသောအမည်ကို ကြည့်ပြီး မောင်မိုး လွန်စွာ အံ့ဩသွား လေ၏။ထိုဆိုင်းဘုတ်ကြီး အောက်တွင် မီးအိမ်တစ်လုံးကိုလည်း ချိတ်ဆွဲ ထားလေ၏။ မောင်မိုးသည် ဘဂမီးအိမ် ..ဘဂမီးအိမ် ဆိုပါလားဟု အံ့


www.burmeseclassic.com

www.burmeseclassic.com


တညြ ရေရွတ်လိုက်လေ၏။ ထိုအခါ ကလေးတစ်ဦးက ``ကျွန်တော်တို့ ဒီဘဂုမီးအိမ် ခြံကြီးထဲမှာ ဆရာမလေးနဲ့ အတူနေကြတယ်`` ဟုဆိုလိုက်ရာ မောင်မိုးက မျက်မှောင်ကြုတ်ပြီး ``ဆရာမလေး..ဟုတ်လား.ဘယ်က ဆရာမလေးလဲ``ဟုမေးမြန်းလိုက်လေ၏။ ကလေးတစ်ဦးက ``ဦးလေး ရောက်လာတဲ့ အကြောင်းကို ဆရာမလေးကို ကျွန်တော်တို့ သတင်းပို့ပြီးပါပြီ၊ စမ်းချောင်းလေး နံဘေးမှာ ဆရာမလေး ရှိတယ်၊ဦးလေး ဆရာမလေးနဲ့ သွားတွေ့လိုက်ပါ``ဟုဆိုကာ မောင်မိုးကို တစ်ယောက်တည်း လွှတ်လိုက်လေ၏။ မောင်မိုးသည် လူသူအရောက်အပေါက်နည်းလှသော အရပ်ဒေသတွင် ခြံကြီးအမည်ကို ဘဂမီးအိမ် ဟုပေးပြီး ကလေးများနှင့် အတူနေသော ဆရာမလေးကို လွန်စွာ စိတ်လှုပ်ရှားသွားလေ၏။

မောင်မိုးသည် စမ်းချောင်းလေးနံဘေးသို့ တစ်ကိုယ်တည်း လျှောက်လှမ်းသွားလေတော့၏။ထိုအခါ စမ်းချောင်းလေးကို မျက်နှာပြုပြီး ထိုင်နေသော မိန်းမတစ်ယောက်၏ သဏ္ဌာန်ကို မြင်တွေ့ရလေ၏။ မောင်မိုးသည် အဖြူရောင် ဂတ်စုံဂတ်မိန်းမ၏ ရှေ့သို့ ရောက်သွားပြီး သေချာစွာ ကြည့်လိုက်ရာ ထိုမိန်းမသည် လှိုင်ထိပ်ထားနှင့် လွန်စွာ ဆင်တူနေသဖြင့်


www.burmeseclassic.com

www.burmeseclassic.com


``လှိုင်ထိပ်ထား..လှိုင်ထိပ်ထား..မဟုတ်လား``ဟု တအံ့တသြ မေးမြန်းလိုက်လေရာ အဖြူရောင်ဝတ်စုံဝတ်မိန်းမက``ဟုတ်ကဲ့၊ ကျွန်မ လှိုင်ထိပ်ထားပါ၊ အံ့သြစရာ ကောင်းလိုက်တာ၊ ရှင်နဲ့ကျွန်မ လူသူ အရောက်အပေါက် အလွန်နည်းတဲ့ အရပ်မှာ မမျှော်လင့်ဘဲ ပြန်ဆုံကြတယ်နော်``ဟုဆိုလိုက်ရာ မောင်မိုးက အံ့သြလွန်းသဖြင့် ``လှိုင်ထိပ်ထားက သီလရှင်ဘဝကထွက်လိုက်တယ်နော်`` ဟုဆိုလိုက်ရာ လှိုင်ထိပ်ထားက စမ်းချောင်းလေးကို ငေးကြည့်လိုက်ပြီး``ဟုတ်ပါတယ် အစတုန်းက ကျွန်မ သီလရှင်ဝတ်လိုက်ရင် မရှင်းလင်းတဲ့ ပုစ္ဆာရဲ့ အဖြေတစ်ပုဒ်ကို ရှာတွေ့မယ်လို့ ထင်မြင်ခဲ့တယ်၊ တကယ့်ကျတော့ ပုစ္ဆာရဲ့ အဖြေကို ဘယ်လိုမှ ရှာမတွေ့ဘူး၊ အပေါ်ယံဝတ်စုံ ပြောင်းလဲလိုက်ရုံနဲ့ ကျွန်မအတွက် ဘာမှ ထူးမသွားခဲ့ဘူး၊ ကျွန်မဟာ အဖြေ မရှိတဲ့ ပုစ္ဆာကို ရှာနေသလိုပဲ၊ ကလေးတစ်ယောက်ဟာ သူ့ရဲ့ အရိပ်အောက်က လွတ်မြောက်အောင် ပြေးလွှားနေသလို ဖြစ်ခဲ့တယ်၊ ဒါတွေ အားလုံးသိလိုက်ချိန်မှာ ကျွန်မအတွက် အချိန်မနှောင်းသေးဘူးလို့ သိလိုက်တယ်၊ ဒါကြောင့် သီလရှင်ဆရာမကြီးကို ခွင့်တောင်းပြီးသီလရှင်ဘဝက ထွက်လိုက်တယ်၊ သီလရှင်ဘဝက ထွက်ပြီး ကျွန်မ မြန်မာပြည်အနှံ့ လျှောက်သွား နေခဲ့တယ်၊အများဆုံးသွား ဖြစ်တာက မြန်မာပြည်အနှံ့က ဘုရားတွေပဲ၊ ဒီလိုနဲ့



www.burmeseclassic.com

www.burmeseclassic.com


မြစ်ဆိပ်တစ်ခုကို ရောက်တော့ မြစ်ဆိပ်မှာရေးကူးရောင်းနေတဲ့ ကလေးတွေရဲ့ ဘဝကို ကျွန်မ စာနာသနား သွားမိတယ်၊ ဒါကြောင့် မြစ်ဆိပ်မှာ သူတို့နဲ့အတူရေးကူးရောင်းပြီးနေထိုင်ခဲ့တယ်၊ သူတို့လေးတွေရဲ့ ဘဝကိုအနီးကပ်မြင်လိုက်တဲ့ အချိန်မှာ ကျွန်မ ဘာလုပ်သင့်သလဲ ဆိုတာ ရိပ်စားမိခဲ့တယ်၊ တကယ်တော့ ခမ္မကို မရှာနိုင်သေးတဲ့ အချိန်မှာ ဘဝတွေ အေးချမ်းသာယာဖို့ အရေးကြီးတာ သဘောပေါက်ခဲ့တယ်၊ ဘဝတွေ အေးချမ်းသာယာမှ ခမ္မလမ်းကို တက်လှမ်းနိုင်မှာပါ။ သာယာလှပတဲ့ လူ့ဘောင်ရှိဖို့လိုအပ်တယ်လို့ ရှုမြင်တယ်၊ ဒါကြောင့် ကျွန်မဘဝကို သာယာလှပတဲ့ လူ့ဘောင်လောက အတွက် မြှုပ်နှံလိုက်ပါပြီ၊ ဒီဘဝမီးအိမ် ခြံကြီးထဲမှာ ကျွန်မနဲ့အတူ မိဘမဲ့ကလေး အယောက်ငါးဆယ်လောက် ရှိတယ်၊ သူတို့လေးတွေကို ကျွန်မ စာသင်ပေးတယ်၊ အသက်မွေးဝမ်းကျောင်း ပညာလည်းသင်ပေးတယ်၊ တစ်နေ့ သူတို့လေးတွေ ပြည့်စုံတဲ့အချိန်မှာ ကျွန်မကိုယ်စား လူ့လောကကြီးထဲ ဘဝမီးအိမ်တွေ အဖြစ် ပို့လွှတ်လိုက်မှာပါ။ သူတို့လေးတွေဟာ လူ့ဘုံလောကအတွက် မီးအိမ်လေးတွေ အများကြီးထွန်းညှိပေးနိုင်မှာပါ``ဟုပြောလေ၏။ မောင်မိုးသည် လှိုင်ထိပ်ထား၏စကားများကို နားထောင်ပြီးနောက် အလွန်နှစ်သက်သွားလေ၏။ သူသည်စည်းစိမ် ချမ်းသာများ ကြွယ်ဝချမ်းသာပြီး ရေပေါ်ဆီ သူဌေးကြီး တစ်ဦး၏

www.burmeseclassic.com

ရင်ထဲတွင် ပိုမို လွတ်လပ်ပေါ့ပါးသွားလေ၏။ မောင်မိုးသည် လှိုင်ထိပ်ထား၏မျက်နှာကို နှစ်နှစ်ကာကာ ကြည့်ရင်း``ကျုပ် ရှာဖွေနေတဲ့ အရာကို မမျှော်လင့်ဘဲ တွေ့လိုက်ရပြီ၊ လှိုင်ထိပ်ထားရဲ့ ဘဝက ကျုပ်မျှော်လင့်ထားတဲ့ဘဝပဲ၊ ပျော်ရွှင်ဖို့ကောင်းတယ်၊ ရင်ခုန်ဖို့လည်း ကောင်းတယ်၊ ကျေနပ်ပီတိ ဖြစ်စရာလည်းဖြစ်တယ်၊ ဒါကြောင့် ကျုပ်ကို လှိုင်ထိပ်ထားနဲ့ အတူတူ ဘဝမီးအိမ် ထွန်းညှိ ခွင့်ပေးပါ``ဟုတောင်းဆိုလိုက်လေ၏။ ထိုအခိုက်မှာပင် သူ၏အံနောက်မှ တဟားဟား.. ရယ်မောလိုက်သောအသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မမျှော်လင့်ဘဲ ဆရာဦးဖိုးဘကို တွေ့လိုက်ရလေ၏။ မောင်မိုးသည် သူ၏ဆရာဦးဖိုးဘကို တွေ့ရသဖြင့် ဝမ်းသာအားရ ပြေးဖက်လိုက်ပြီး``ဦးလေး..မတွေ့ရတာကြာပြီဗျာ၊ ဝမ်းသာလိုက်တာ၊ဦးလေး ဘယ်လိုရောက်နေတာလဲ၊ ကျုပ်မှန်းချက်ပန်းတိုင်အောင်မြင်ခဲ့ပြီဗျ``ဟုဆိုလိုက်ရာဦးဖိုးဘက ``မင်းဘဝမီးအိမ်``သူဌေးကြီး ဖြစ်နေတာ ငါသိပါတယ်ကွာ၊ သူဌေးဖြစ်တာ ဘာဆန်းလို့လဲ၊ ငါကဆရာမလေးကို ကူညီပြီး ဘဝမီးအိမ် ထွန်းညှိပေးနေတာကွ၊ မင်းလည်းငါနဲ့အတူ ဘဝမီးအိမ် အဖြစ် ခံယူလိုက်ရင် ပိုပြီးပြည့်စုံသွားမှာပါကွာ၊ မင်းကို.. ငါတစ်ခါတုန်းက ပြောခဲ့တာ မှတ်မိလား၊ ဘဝမီးအိမ်တွေဖြစ်မှ အမျှားအကျိုးကို သယ်ပိုးဖို့ ငါတို့ ပြန်တွေ့ကြမယ်ဆို


www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲတွင် ပိုမို လွတ်လပ်ပေါ့ပါးသွားလေ၏။ မောင်မိုးသည် လှိုင်ထိပ်ထား၏မျက်နှာကို နစ်နစ်ကာကာ ကြည့်ရင်း``ကျုပ် ရှာဖွေနေတဲ့ အရာကို မမျှော်လင့်ဘဲ တွေ့လိုက်ရပြီ၊ လှိုင်ထိပ်ထားရဲ့ ဘဝက ကျုပ်မျှော်လင့်ထားတဲ့ဘဝပဲ၊ ပျော်ရွှင်ဖို့ကောင်းတယ်၊ ရင်ခုန်ဖို့လည်း ကောင်းတယ်၊ ကျေနပ်ပီတိဖြစ်စရာလည်းဖြစ်တယ်၊ ဒါကြောင့် ကျုပ်ကို လှိုင်ထိပ်ထားနဲ့ အတူတူ ဘဝမီးအိမ် ထွန်းညှိ ခွင့်ပေးပါ``ဟုတောင်းဆိုလိုက်လေ၏။ ထိုအခိုက်မှာပင် သူ၏အံနောက်မှ တဟားဟား.. ရယ်မောလိုက်သော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မမျှော်လင့်ဘဲ ဆရာဦးဖိုးဘကို တွေ့လိုက်ရလေ၏။ မောင်မိုးသည် သူ၏ဆရာဦးဖိုးဘကို တွေ့ရသဖြင့် ဝမ်းသာအားရ ပြေးဖက်လိုက်ပြီး``ဦးလေး..မတွေ့ရတာကြာပြီဗျာ၊ ဝမ်းသာလိုက်တာ၊ဦးလေး ဘယ်လိုရောက်နေတာလဲ၊ ကျုပ် မှန်းချက်ပန်းတိုင်အောင်မြင်ခဲ့ပြီဗျ``ဟုဆိုလိုက်ရာဦးဖိုးဘက ``မင်းဘဝမီးအိမ်``သူဌေးကြီး ဖြစ်နေတာ ငါသိပါတယ်ကွာ၊ သူဌေးဖြစ်တာ ဘာဆန်းလို့လဲ၊ ငါကဆရာမလေးကို ကူညီပြီး ဘဝမီးအိမ် ထွန်းညှိပေးနေတာကွ၊ မင်းလည်းငါနဲ့အတူ ဘဝမီးအိမ် အဖြစ် ခံယူလိုက်ရင် ပိုပြီးပြည့်စုံသွားမှာပါကွာ၊ မင်းကို.. ငါတစ်ခါတုန်းက ပြောခဲ့တာ မှတ်မိလား၊ ဘဝမီးအိမ်တွေဖြစ်မှ အများအကျိုးကို သယ်ပိုးဖို့ ငါတို့ ပြန်တွေ့ကြမယ်ဆို

www.burmeseclassic.com

တာကိုလေ``ဟုဆိုလိုက်ရာ မောင်မိုးက ခေါင်းညိတ်ပြီး ``မှတ်မိတာပေါ့ဗျာ၊ ဦးလေးက အရာရာကို ကြိုတင်ပြီး သိမြင်နေတယ်နော်``ဟု အံ့သြဟန်ဖြင့် ပြောလိုက်လေ၏။ ထိုအခါ ဆရာမလေး လှိုင်ထိပ်ထားက ဝင်ရောက်ပြီး``သာယာလှပတဲ့ လူ့ဘောင်လောကကြီး ဖြစ်ဖို့ ဘဝမီးအိမ်တွေ အများကြီးလိုပါတယ်ရှင်၊ ဘဝမီးအိမ်တွေ အများကြီးရှိလေ လူ့ဘောင်လောကကြီး သာယာလေပါပဲ ကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာဖို့ ဘဝမီးအိမ်တွေ အများကြီး ထွန်းညှိကြပါစို့ရှင်ဟုဆိုလိုက်ရာ မောင်မိုးနှင့် ဦးဖိုးဘက သံပြိုင်``ဘဝမီးအိမ်တွေ ထွန်းညှိကြမယ်``ဟုအော်ဟစ်လိုက်လေတော့၏။ အရာအားလုံး ပြီးဆုံးသွားချေပြီ။

မည်သည့်အရာမျှ သိမ်းပိုက်မထားသော

မင်းမြတ်သူရ


www.burmeseclassic.com